The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကိုအခြေခံ
VOL .16, NO . 24 တနင်္လာနေ့တိုင်းထုတ်ဝေသည် July 4 , 2016

## ပုသိမ်မြို့ဆန်စပါးဈေးကွက် ယခင်လထက် စပါးဆန်ဈေးနှုန်းမြင့်တက်၊ နွေသီးထပ်ရင်ဆန်များ အရောင်းအဝယ်သွက်

|pmrsu ES- 4|

## ပို့ကုန်ပဲဈေး ပြန်လည်လှုပ်ခတ်လာ

|pmrsu ES- 5|

## ဧရာဝတီတိုင်းဒေသကြီးတွင်ပြည်ပ ပို့ကုန်ဆံပင်ဈေးကွက် လျောင်ကုန်များ၍ ပွင့်လင်းရာသီ ဈေးကွက်ဖွံ့ဖြိုးချိန် အရောင်းအဝယ်သွက်မည်ဟု ခန့်မှန်း

|pmrsu ES- 24|

# သတိထားရမယ့် ပဉ္စလက်ဆန်လှတဲ့ မှော်ဝင်ကလောင်တံတစ်ချောင်း



ဒီတစ်ပတ်မှာတော့ စာဖတ်ပရိသတ်တွေကို အထူးသတိပေးချင်တဲ့ အကြောင်းအရာလေးကို ဖော်ပြပေးလိုက်ပါတယ်။

အဲဒါကတော့ တကယ့်ကို ပဉ္စလက်ဆန်လှသလို တစ်မဟုတ်ချင်း ဘဝပြောင်းသွားစေမယ့် လှည့်ကွက် အမျိုးမျိုးအဖြစ် ဖန်တီးထားတဲ့ ကလောင်တံ တစ်ချောင်းပဲဖြစ်ပါတယ်။

ကလောင်တံ ဆိုတာကတော့ ရှေးအစဉ် အဆက်က ခေါ်ဝေါ်သုံးစွဲခဲ့တဲ့ အမည်နာမတစ်ခုပါ။ အခုခေတ်မှာတော့ ဘောလ်ပင် (Ball Pen) လို့ ခေါ်ဝေါ်သုံးစွဲနေကြပါပြီ။

ဘောလ်ပင်ဟာ တစ်ကမ္ဘာလုံးမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြတာ လူတိုင်းအသိပါပဲ။ နိုင်ငံတော်အဆင့် လက်မှတ်ရေးထိုးပွဲတွေ၊ အရေးကြီး စာချုပ်စာတမ်းတွေမှာ လက်မှတ်ရေးထိုးတာတွေ၊ လျှောက်လွှာဖြည့်သွင်းတာ တွေ၊ စသည် စသည်ဖြင့် နေရာပေါင်းများစွာ၊

|pmrsu ES- 18|

## ၂၀၁၆ ခုနှစ်အတွင်း ပြည်တွင်းဆန်စားသုံးမှု တန်ချိန် ရှစ်သန်းခန့်ရှိလာမည်

၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ပြည်တွင်းဆန်စားသုံးမှုသည် တန်ချိန် ရှစ်သန်းခန့်ရှိလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်

|pmrsu ES- 21|

# ပြုပြင်ပြောင်းလဲရေးကာလ ရက် ၁၀၀ နဲ့ ကုန်သွယ်မှုမူဝါဒဆိုင်ရာ အကောင်အထည်ဖော်မှု အခြေအနေ

နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိကကျတဲ့ ကုန်သွယ်မှုတိုးတက်ရေးကို ဆောင်ရွက်ရာမှာ ခေတ်နဲ့လိုက်လျောညီထွေ ဖြစ်ဖို့အပြင် ပြည်တွင်းမှာရှိတဲ့ သဘာဝအရင်းအမြစ် အခြေအနေများအရ ကုန်သွယ်ရေးမူဝါဒများ ပြုပြင်ပြောင်းလဲခြင်းကို အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ရက်ပေါင်း ၁၀၀ မပြည့်မီကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖော်ပြလိုက်ရပါတယ်။

|pmrsu ES- 18|



# ဘုန်းရောင်ခြည်ကုမ္ပဏီလီမိတက်

# BHOME YAUNG CHI TRADING CO.,LTD










ရန်ကုန်ရုံး - အိမ်အမှတ် (၃၅၅)၊ မြောက်ဒဂုံ (၄၄)ရပ်ကွက်၊ ရွှေစင် (၂)လမ်း
Ph: 09 5231416, 09 5233586, 09 5232379, 09 403709680, 09 969014000

မန္တလေးရုံး - ပြည်ကြီးမင်္ဂလာကားဝင်း အခန်း (NN - 17)၊ မန္တလေးမြို့
Ph: 09 5114009, 09 797477450, 09 402571605, 09 797735882

မြဝတီရုံး - မြဝတီမြို့ အေးသုခရပ်ကွက်
Ph: 09 795578231, 09 43174261, 09 779011092, 09 785232379,09 960322093, 09 403731344

မူဆယ်ရုံး - မူဆယ်မြို့ ၁၀၅မိုင်ရုံးခွဲ ကြေးမုံစိမ်းတိုက်တန်း အခန်း (၅)
Ph: 09 403709680, 09 5232379, 09 2028135, 09 73222618, a Ph: 15388824935

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပွဲတော်သို့

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်ဇနီး ဒေါ်ခင်ဌေးတို့တက်ရောက်၍ သစ်ပင်စိုက်ပျိုး

၂၀၁၆ ခုနှစ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၁ ရက်က နေပြည်တော်ရှိ ရုံးအမှတ် (၅၂) တွင် ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်ဇနီး ဒေါ်ခင်ဌေးတို့ တက်ရောက်ပြီး သရက်ပင်အား စိုက်ပျိုးပေးကာ တက်ရောက်လာကြသော ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ အင်အား ၂၆၀၀ ဦးက စိန်တလုံး၊ နဂါးမောက်၊ ပိန္နဲပင်၊ ဒညင်း၊ ဒန့်သလွန်၊ ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုးပင်တို့အား စိုက်ပျိုးကြသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရုံးအမှတ် (၃)ရှိ မိုးရာသီ သစ်ပင်စိုက်ပျိုးမည့်နေရာသို့ ရောက်ရှိကာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများက ကျွန်းပင်၊ အုန်းပင်၊ ခရေ၊ စိန်ပန်း အစရှိသော အပင်များအား စိုက်ပျိုးပေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ၂၀၁၆ မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် ရုံးအမှတ် (၃) နှင့် ရုံးအမှတ် (၅၂) တို့၌ စိုက်ပျိုးသော အပင်အရေအတွက်မှာ ၂၇၅၄ ပင် ဖြစ်ကြောင်း သတင်းရရှိသည်။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ၂၀၁၆ ခုနှစ်အတွက် ပညာရည်ထူးချွန်သူ ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းထူးချွန်သူ ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



၂၀၁၆ ခုနှစ်အတွက် ပညာရည်ထူးချွန်သူကျောင်းသား/သူများနှင့် သင်တန်းထူးချွန်သူ ဝန်ထမ်းများအားဂုဏ်ပြုဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၉ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တက်ရောက် အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားရေးအတွက် အားပေးချီးမြှင့်ပံ့ပိုးသည့်အနေဖြင့် ဝန်ထမ်းသားသမီး ကျောင်းသား/ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေး ထုတ်ပေးခြင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများ၊ ဘက်စုံပညာသင်ထူးချွန်ဆုရ ကျောင်းသား/သူများ၊ သင်တန်းထူးချွန်ဆုရ ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ခြင်းတို့ကို နှစ်စဉ်ပြုလုပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်မှ ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်လျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းသား/သမီးများအနက် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သူ တစ်ဦး၊ ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ တစ်ဦး၊ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ လေးဦး၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ လေးဦး၊ နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ သုံးဦး၊ တစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၃ ဦး၊ ဘက်စုံထူးချွန်ဆုရ သုံးဦးတို့အား ထိုက်တန်စွာဂုဏ်ပြုဆုများ ပေးအပ်သွားမှာဖြစ်ကြောင်း၊ ပညာရည်ထူးချွန်ဆုရ ကျောင်းသား/သူများအနေ ဖြင့် ပညာရဲရင့် ပွဲလယ်တင့်ဆိုသည့်အတိုင်း ထူးချွန်ထက်မြက်သော ပညာရှင်များဖြစ်အောင် ယခုရသည့် အောင်မြင်မှုနှင့် ကျေနပ်မနေဘဲ ဆထက်ထမ်းပိုးကြိုးစားသွားကြရန်၊ မိမိတိုင်းပြည်၏ အနာဂတ်တွင် အားကိုးအားထားပြုရမည့် လူတော်လူကောင်းများဖြစ်ရေး ရည်မှန်းချက်ထားရှိ ကြိုးစားသွားကြရန် ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့် ဌာနကြီး သုံးခုတို့အတွက် ပညာသင်ထောက်ပံ့ကြေးကျပ် ၁၉၃ ဒသမ ၁၈၅ သိန်းအား ပြည်ထောင်စုဝန်ကြီးက ဌာနဆိုင်ရာ အကြီးအကဲများထံသို့ ပေးအပ်သည်။ ယင်းနောက် ခြောက်ဘာသာနှင့် ငါးဘာသာဂုဏ်ထူးရ ကျောင်းသူ နှစ်ဦးအား ပြည်ထောင်စုဝန်ကြီးက ရွှေတစ်ကျပ်သား ဆွဲပြား တစ်ခုစီ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ထူးရသူများ၊ သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသူများအား ဆုများချီးမြှင့်ပြီး ဆုရကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ၂၀၁၆ ခုနှစ်၊ ပညာသင်နှစ် ဆုပေးပွဲအခမ်းအနားတွင် ပညာရည်ထူးချွန် ကျောင်းသား/သူများ၊ ဘက်စုံထူးချွန်ဆုရကျောင်းသား/သူများနှင့်ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) နှင့် အလယ်အလတ်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများအား ဆုချီးမြှင့်ငွေမှာ ကျပ်သိန်း ၂၃၂ ဒသမ ၇၅၅ ဖြစ်ကြောင်း သတင်းရရှိသည်။

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဝင်းဝင်းစမ်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
မြတ်ဆုလှိုင်၊ သင်းသီရိအောင်
ခိုင်ဇော်မင်း

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

## ပုသိမ်မြို့ ဆန်စပါးဈေးကွက်မှာ ယခင်လထက် စပါးဆန်ဈေးနှုန်းမြင့်တက်၊ နွေသီးထပ်ရင်ဆန်များ အရောင်းအဝယ်သွက်

ပုသိမ်မြို့ ဆန်စပါးဈေးကွက်တွင် ယခင်နှစ်မိုးစပါး ဧရာဝတီပေါ်ဆန်း ၁၀၅ ပေါင်၊ တင်း ၁၀၀ ကို ပေါ်စက ကျပ် ၈၄၀၀၀၀ ၊ ကျပ် ၈၅၀၀၀၀ ဈေးနှုန်းရှိပြီး၊ ယခု ကျပ် ၁၀၀၀၀၀၀ ပတ်ဝန်းကျင်ဈေးနှုန်းဖြင့် ဆန်တစ်အိတ်လျှင် ကျပ် ၃၁၀၀၀၊ ကျပ် ၃၂၀၀၀ ဈေးမှ ယခု ၃၄၀၀၀ ကျပ်သို့ မြင့်တက်သွားပြီး၊ ပေါ်ဆန်းရင်စပါး ၁၀၅ ပေါင် တင်း ၁၀၀ ကို စပါးပေါ်ချိန် ကျပ် ၇၄၀၀၀၀ ၊ ကျပ် ၇၅၀၀၀၀ ဈေးတွင် ဆန် တစ်အိတ်လျှင် ကျပ် ၃၁၀၀၀၊ ကျပ် ၃၂၀၀၀ ဈေးမှ ယခု ပေါ်ဆန်းရင်စပါးဈေးမှာ ကျပ် ၉၂၀၀၀၀ သို့ ဈေးမြင့်သွားပြီး ဆန်တစ်အိတ်လျှင် ကျပ် ၃၃၀၀၀ ဈေးနှုန်းဖြစ်သွားကြောင်း၊ ပေါ်ဆန်းရင်စပါးဈေးမှာ ယခုလက်ရှိအချိန်ဈေးကွက်တွင် အရောင်းအဝယ်နည်းပါး၍ တောင်သူလက်ကြီးသမားများ နှင့် စက်ပိုင်ကုန်သည်တချို့ထံတွင်သာ လှောင်စပါးအဖြစ် ထားရှိပြီး ဈေးကွက်လိုအပ်ချက်အရသာ ကြိတ်ခွဲ၍ စပါးသစ် မပေါ်ခင်အချိန်ထိ ဈေးကွက်မှာ ပုံမှန်ရောင်းဝယ်စားသုံးမှု သာရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရပါတယ်။

ပေါ်ဆန်းစပါးဈေးကွက် မြင့်တက်လာမှုနဲ့အတူ ဧည့်မထအုပ်စုဝင် မိုးစပါး၊ မနောသုခ၊ မျိုးပွားစပါးဈေးမှာ ပေါင် ၁၀၀ တင်း ၁၀၀ ကို ကျပ် ၅၀၀၀၀၀ ဝန်းကျင်ဈေးနှုန်း တွင် ဆန်တစ်အိတ်လျှင် ကျပ် ၂၃၀၀၀၊ ကျပ် ၂၄၀၀၀ ဈေးမှ ယခုစပါးဈေးမှာ ကျပ် ၆၅၀၀၀၀ ဝန်းကျင်ဖြစ်သွားပြီး ဆန် တစ်အိတ်လျှင် ကျပ် ၂၅၀၀၀၊ ကျပ် ၂၆၀၀၀ ဈေးမြင့်သွား ကြောင်း၊ လူနည်းစုစားသုံးသော ရွှေသွယ်စပါးဈေးနှုန်းမှာ စပါးလက်ကျန် နည်းပါးလာမှုနှင့်အတူ ပေါ်ဆန်းရင်စပါး ဈေးနှုန်းဝန်းကျင်မြင့်တက်၍ ပေါင် ၁၀၀ တင်း ၁၀၀ ကိုယခင် စပါးဈေး ကျပ် ၈၀၀၀၀၀ ဝန်းကျင်ဈေးတွင် ဆန်တစ်အိတ် လျှင် ကျပ် ၂၇၀၀၀၊ ကျပ် ၂၈၀၀၀ မှ ယခုစပါးဈေးကျပ် ၉၀၀၀၀၀ ဝန်းကျင်ဖြစ်သွားပြီး ဆန်တစ်အိတ်လျှင် ကျပ် ၃၂၀၀၀ ဈေး တက်သွားကြောင်း၊ ယခုလက်ရှိဈေးကွက်တွင် ဧရာဝတီပေါ်ဆန်း၊ ပေါ်ဆန်းရင်၊ ရွှေသွယ်၊ မနောသုခ၊ မျိုးပွားဆန်များ ပုံမှန်ရောင်းဝယ်လျက်ရှိပြီး ဈေးကွက်တွင် အများစားသုံးနိုင်၍ ဈေးတန်းအနည်းငယ်နိမ့်သော နွေသီး ထပ်ရင် စပါးဈေး ပေါင် ၁၀၀ တင်း ၁၀၀ ကို ကျပ် ၅၀၀၀၀၀ ဝန်းကျင်ဈေးတွင် ဆန်တစ်အိတ်လျှင် ကျပ် ၁၉၀၀၀ ၊ ကျပ် ၁၉၅၀၀ ဈေးမှ ယခု လက်ရှိစပါးဈေး ကျပ် ၅၅၀၀၀၀ ဝန်း ကျင်ရှိပြီး ဆန်ဈေးနှုန်းမှာ ကျပ် ၂၀၅၀၀ ၊ ကျပ် ၂၁၀၀၀ ဈေး ဖြင့် အထက်အညာ ဒေသများသို့တင်ပို့ကာ အရောင်းအဝယ် သွက်လျက်ရှိကြောင်း ပုသိမ်မြို့၊ ဧရာမင်း ဆန်ဆိုင်ပိုင်ရှင် ဆန်ကုန်သည်ဦးဇော်ဝင်း ကပြောပါတယ်။

**မင်းမင်းဦး -ပုသိမ်**

## ဆန်ချောရောဆန်ကြမ်းပါ ပုံမှန်အဝင်နဲ့ ပုံမှန်အရောင်းအဝယ်ရှိ



ရန်ကုန် ဆန်စပါးဈေးကွက်မှာ ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဇွန် ၃၀ ရက် လက်ကားဆန်ဈေးနှုန်းအရ ဈေးငြိမ်နေ ကြောင်း သိရှိရပါတယ်။ဆန်ချောဖြစ် တဲ့ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ၃၅၀၀၀ ကျပ်၊ လတ်စ ဆန်တစ်အိတ် ၃၂၅၀၀ ကျပ်၊မြောင်းမြ ပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ၃၆၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၄၅၀၀ ကျပ်၊ နယ်စုံပေါ် ဆန်းဆန် ထိပ်စတစ်အိတ် ၃၃၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၃၂၀၀၀ ကျပ်နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါ တယ်။ ဆန်ချောဈေးငြိမ်သလို ကုန်စည် ဒိုင်သို့ အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ် လည်း အေးနေကြောင်း ကုန်စည်ဒိုင် ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန် လက်ကားဈေးမှာ ထိပ်စတစ်အိတ် ၂၃၅၀၀ ကျပ်၊ လတ်စတစ်အိတ် ၂၂၀၀၀ ကျပ်၊ မနောသုခရှယ်တစ်အိတ် ၂၆၀၀၀ ကျပ်မှ ၂၇၀၀၀ ကျပ်၊ နွေ ဆန်ရက် ၉၀ တစ်အိတ် ၂၁၀၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်နဲ့ ဈေးငြိမ်နေပါတယ်။ နွေသီးထပ်(ရှယ်)ကတော့ တစ်အိတ်ကို ၁၉၃၀၀ ကျပ်မှ ၂၀၃၀၀ ကျပ်ဖြစ်တဲ့ အတွက် ယခင်တစ်ပတ်ထက် တစ် အိတ်ကို ကျပ် ၁၂၀၀ ခန့်ဈေးကျလာပါ တယ်။ ယခုတစ်ပတ်မှာ ကုန်စည်ဒိုင်သို့ ဆန်ကြမ်းလည်း ပုံမှန်အဝင်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိတယ်လို့ သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဇွန် ၃၀ ရက်ဈေးနှုန်းအရ ဧည့်မထ ၅ မှတ်ဆန် စူပါတစ်အိတ်ကို ၁၄၀ မှ ၁၄၃ ယွမ်၊ စူပါတစ်အိတ် ၁၄၆ မှ ၁၄၉ ယွမ်၊ ဧည့်မထ ၁၀ မှတ်ဆန် မော်ဘီ တစ် အိတ် ၁၃၅ မှ ၁၃၈ ယွမ်၊ စူပါတစ်အိတ် ၁၄၄ မှ-၁၄၅ ယွမ်၊မနောသုခ ၂၅ မှတ် တစ်အိတ် ၁၃၀ မှ ၁၃၆ ယွမ်၊ငစိန် ၅ မှတ် ၁၄၀ မှ ၁၄၃ ယွမ်၊ငစိန် ၂၅ မှတ် ၁၃၆ မှ ၁၃၈ ယွမ် အသီးသီးဈေးပေါက် ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေ ပါတယ်။

ဇွန် ၂၆ ရက်မှ ၃၀ ရက်အထိ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ် ဆန်တန်ချိန် တစ်ရက်ပျမ်းမျှ ၁၂၈၆ တန် ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၆၄၃၂ တန်ဝင်ရောက်ခဲ့ပါတယ်။ ဇွန် ၃၀ ရက် ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၇၆ ဒသမ ၃၆ ကျပ်ရှိကြောင်း ၊ တရုတ်ဘက်ကို ဆန် တင်ပို့ရတာ အဆင်ပြေကြောင်း၊ ဇွန်နောက်ဆုံးပတ်အတွင်းမှာ ဈေး ကွက်အခြေအနေလည်း ကောင်း ကြောင်း၊ အရောင်းအဝယ်လည်း ကောင်းကြောင်းနဲ့ ကုန်သည်များ တစ် နေ့လျှင် ၁၀ ဦးမှ ၂၀ ဦးခန့်အထိ လာ ရောက်ဝယ်ယူမှုရှိနေတယ်လို့ မူဆယ် ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ဗီယက်နမ်နိုင်ငံမှ ၂၀၁၆ ခုနှစ်အတွက် ပြည်ပသို့ဆန်တင်ပို့မှု ခန့်မှန်းချက် ယခင်နှစ်အောက် ထက်ဝက်လျော့ကျ

၂၀၁၆ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့မှုမှာ တန်ချိန် ၅ ဒသမ ၇ သန်းရှိမည်ဟုခန့်မှန်းထားရာ ယမန်နှစ် တင်ပို့မှုအောက် ၁၃ ရာခိုင်နှုန်း လျော့ကျမယ်လို့ ခန့်မှန်းခဲ့ပါတယ်။ ထိုကဲ့သို့ လျော့ကျရခြင်းမှာ မိုးခေါင်မှုနဲ့ ဆားငန်ရေ ဝင် ရောက်မှုတို့ကြောင့်ဖြစ်ကြောင်း ဗီယက်နမ်စားနပ်ရိက္ခာအသင်း ဝက်ဘ်ဆိုဒ်သတင်းမှာ ဖော်ပြထားပါတယ်။

ဗီယက်နမ်နိုင်ငံက ကမ္ဘာ့ဆန်တင်ပို့မှုမှာ တတိယအများဆုံးတင်ပို့တဲ့နိုင်ငံဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လ အထိ ဗီယက်နမ်မှ ဆန်တန်ချိန် ၂ ဒသမ ၇၃ သန်းတင်ပို့ခဲ့ပြီး ယမန်နှစ်ကာလတူထက် ၈ ဒသမ ၄ ရာခိုင်နှုန်း လျော့ကျခဲ့ပါ တယ်။ နောင်တွင် တရုတ်၊ ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှားနိုင်ငံတို့သို့ ဆန်တင်ပို့ရမယ့် အလားအလာများရှိနေတဲ့အတွက် စိုက်ပျိုးရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများကလည်း တောင်သူများအား ပိုမိုစိုက်ပျိုးထုတ်လုပ်ကြရန် တိုက်တွန်းပြောကြားပါတယ်။

**CMK**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၃၀-၆-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၅၆ | ၄၅၆ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၄၁ | ၄၄၁ | □ | ၃၈၀ | ၃၇၅ | ▽ | ၃၈၀ | ၃၈၅ | △ | ၄၁၀ | ၄၀၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၆၅ | ၃၆၅ | □ | - | - | - | ၃၉၀ | ၃၉၀ | □ |
| ဆန်ဖြူ ၂၅% | ၄၂၂ | ၄၂၂ | □ | ၃၅၀ | ၃၄၀ | ▽ | ၃၆၀ | ၃၆၅ | △ | ၃၇၀ | ၃၇၀ | □ |
| ပေါင်းဆန် | ၄၃၅ | ၄၅၆ | △ | - | - | - | ၃၇၀ | ၃၈၅ | △ | ၄၃၅ | ၄၂၅ | △ |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁-၇-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၄၀၀ | □ | ၂၁၅၀၀ | □ | ၈၇၄၀ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၃၅၀၀ | □ | ၈၇၃၀ | □ | ၃၄၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | □ | ၂၀၅၀၀ | □ | ၇၀၀၀ | □ | ၃၁၀၀၀ | ▽ |
| ရွှေဘို | ၄၅၀၀ | □ | ၂၁၀၀၀ | □ | ၁၁၉၀၀ | △ | ၃၇၅၀၀ | △ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၀၀၀ | □ | ၃၃၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၇၈၀ | △ | ၂၂၀၀၀ | □ | - | - | ၃၂၀၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၂၇၅၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မကွေး | ၉၀၀၀ | □ | ၂၇၀၀၀ | △ | - | - | ၃၆၅၀၀ | □ |
| မော်လမြိုင် | ၆၄၀၀ | □ | ၂၂၅၀၀ | □ | ၈၀၀၀ | □ | ၂၉၅၀၀ | □ |
| လွိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၅၅၀၀ | △ | ၂၄၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၆၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၂၆၅၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထ အုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ကယားပြည်နယ်လွိုင်ကော်မြို့၌ ဆန်ဈေးများငြိမ်သက်လျက်ရှိ

ယခုလအတွင်း လွိုင်ကော်မြို့၌ ဆန်ဈေးနှုန်းများအတက်အကျမရှိဘဲ ငြိမ်သက်လျက်ရှိပါတယ်။ ယခုလက်ရှိဖြစ်ပေါ်နေတဲ့ ဈေးနှုန်းများမှာ ပေါ်ဆန်းမွှေး ဆန်တစ်အိတ်လျှင် ကျပ် ၄၆၀၀၀၊ ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၂၇၀၀၀ နှင့် ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၃၀၀၀ ရှိပါတယ်။ အခြား ပြည်နယ်နှင့်တိုင်းများမှ ပြည်နယ်အတွင်းသို့ ဆန်တင်သွင်းဝင်ရောက်လာ မှုမှာ ယခင်တစ်ပတ်တွင် အိတ် ၄၀၇၀ ခန့်ရှိခဲ့ပြီး ယခုတစ်ပတ်တွင် အိတ် ၂၄၈၀ ခန့်ရှိခဲ့ပါတယ်။

**ဗညားထက်-လွိုင်ကော်**



## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁-၇-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၄/၆ | ၁/၇ | ပြောင်းလဲမှု | ၂၄/၆ | ၁/၇ | ပြောင်းလဲမှု | ၂၄/၆ | ၁/၇ | ပြောင်းလဲမှု | ၂၄/၆ | ၁/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၉၀၂ | ၂၈၃၉ | ▼ | ၂၇၀၃ | ၂၆၅၀ | ▼ | ၂၈၅၀ | ၂၇၅၀ | ▼ | ၂၈၅၀ | ၂၇၅၀ | ▼ |
| ၂ | ပဲစင်းငုံ | ၂၄၆၁ | - | - | - | - | - | ၂၄၄၅ | - | - | ၂၄၃၅ | ၂၄၂၅ | ▼ |
| ၃ | ပဲတီစိမ်း | ၁၄၁၅ | ၁၄၁၅ | ■ | ၁၆၅၃ | ၁၆၀၀ | ▼ | ၁၆၃၂ | ၁၆၅၈ | ▲ | ၁၄၇၅ | ၁၄၂၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၀၀ | ၂၄၅၀ | ▼ | - | - | - | - | - | - | ၁၉၆၅ | ၁၉၇၅ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၀၁၇ | - | - | ၇၀၀ | ၇၀၀ | ■ | ၁၂၉၀ | ၁၂၉၀ | ■ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | ၈၀၀ | ၈၀၀ | ■ | ၆၀၅ | ၆၀၅ | ■ | ၅၉၀ | ၅၉၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁-၇-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၂၃/၆ | ၃၀/၆ | ပြောင်းလဲမှု | ၂၃/၆ | ၃၀/၆ | ပြောင်းလဲမှု | ၂၃/၆ | ၃၀/၆ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၅၇၀ | ၁၅၆၅ | ▼ | ၁၆၀၃ | ၁၅၅၃ | ▼ | ၁၆၃၃ | ၁၆၂၇ | ▼ |
| ၂ | ပဲစင်းငုံ | ၁၃၃၀ | ၁၃၀၀ | ▼ | ၁၂၉၁ | ၁၃၃၉ | ▲ | ၁၃၂၁ | ၁၃၅၃ | ▲ |
| ၃ | ပဲတီစိမ်း | ၈၂၅ | ၈၂၅ | ■ | ၈၃၁ | ၈၂၀ | ▼ | ၈၉၁ | ၈၅၈ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၈၀၀ | ၈၀၀ | ■ | ၁၀၄၇ | ၁၁၀၃ | ▲ | ၁၀၃၉ | ၁၁၉၈ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၆) မှ |
| | (၁၈.၆.၁၆)ထိ | (၂၅.၆.၁၆)ထိ | (၂၅.၆.၁၆) ထိ |
| မတ်ပဲ | ၃၀၇၀၇ | ၂၅၅၄၅ | ၃၄၀၇၉၀ |
| ပဲတီစိမ်း | ၂၅၆၉ | ၃၈၇၉ | ၁၂၇၈၁၁ |
| ပဲစင်းငုံ | ၄၁၇၉ | ၃၀၄၉ | ၁၄၉၃၂၅ |
| ကုလားပဲ | ၁၅၂၄ | ၉၁၇ | ၁၆၁၄၈ |
| ပဲလွန်းဖြူ | ၄၁၁ | ၃၉၇ | ၁၂၂၈၆ |
| မြေထောက်ပဲ | ၃၄၁ | ၃၆၄ | ၆၆၅၀ |

# ဇွန်လကုန်ပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲဈေးအားလုံးလိုလို ဈေးငြိမ်အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ ဇွန်လကုန်ပတ်အတွင်း မတ်ပဲ၊ ကုလားပဲ၊ ပဲပုပ်၊ ပဲကြီးသီးနှံ များ ဈေးငြိမ်နေပြီး ပဲစင်းငုံဈေးအနည်းငယ်ပြန်မြင့်လာ ခဲ့ပါတယ်။ မတ်ပဲ၊ ကုလားပဲ၊ ပဲကြီးသီးနှံများမှာ နေ့စဉ် အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ပဲစင်းငုံသီးနှံမှာ လက်ကျန်ပဲသာရှိခဲ့လို့ ရက်ခြားစုပြီး ဝယ်ယူနေကြရတာကိုတွေ့ရပါတယ်။ ကျန်ပဲအချို့ကတော့ လက်လီသာအဝယ်ရှိခဲ့ကြပါတယ်။

မတ်ပဲသီးနှံမှာ နေ့စဉ်ဝင်ရောက်ခဲ့သော်လည်း အိတ် ၂၀၀ ခန့်သာ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်များမှ ဝင်ရောက်လျက်ရှိသလို လက်ကျန်ပဲများလည်းရှိတဲ့အတွက် ရန်ကုန်ဝယ်လက် ဝယ်လိုအားရှိသလောက်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးနှုန်းမှာ ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတဲ့အတွက် တစ်တင်း ကျပ် ၅၇၅၀၀ နဲ့အရောင်းအဝယ်ဖြစ် နေပြီး ဇွန်လဆန်းရက်ကဈေးထက်တော့ လကုန်ပတ်မှာ ဈေးပိုခဲ့ပါတယ်။

ဇွန်လဆန်းမှာ မတ်ပဲသီးနှံဈေးနှုန်းအနေဖြင့် တစ်တင်း ကျပ် ၅၂၀၀၀ သာရရှိခဲ့လို့ လကုန်မှာ တစ်တင်းကျပ်ငါးထောင်ခန့်ဈေးပိုရခဲ့ပြီး ယခင်နှစ် ဇွန်လကုန်ဈေးထက်လည်း ဈေးပိုရခဲ့တာကို တွေ့ရပါ တယ်။ ယခင်နှစ်က ဇွန်လကုန်ဈေးမှာ တစ်တင်းကျပ် ၄၁၅၀၀ ခန့်ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်နှစ်က မတ်ပဲဈေးဟာ ဇူလိုင်လမှစ၍ နှစ်ကုန် အထိ ဈေး တရိပ်ရိပ်တက်လာခဲ့တဲ့အတွက် ယခုနှစ်ကာလတူမှာလည်း ကျပ် ၅၇၅၀၀၊ ကျပ် ၆၀၀၀၀ နီးပါးရရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ယခင်နှစ်ကဲ့သို့ နောက်ပိုင်းကာလများမှာ ဈေးတက်လာနိုင်တယ်လို့ ခန့်မှန်းနေကြတာကြောင့် တချို့ လှောင်လက်နှင့်တောင်သူများအနေနဲ့ ပဲများဆက်လက်သိုလှောင်ထားရှိနေခဲ့တယ်လို့လည်း သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ပဲအဝင်မရှိပေမယ့် လက်ကျန်ပဲ အချို့ရှိခဲ့လို့ နေ့စဉ်အရောင်းအဝယ်မဖြစ်ဘဲ ရန်ကုန် ဝယ်လက်များက ရက်ခြားစုပြီး ဝယ်ယူနေကြတာကြောင့် အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၃၀၀ ကျော် ၄၀၀ ခန့်အထိ ရောင်းချခဲ့ပါတယ်။ ပဲဈေးကွက်မှာတော့ အခြားပဲများဈေးငြိမ်နေပေမယ့် ပဲစင်းငုံသီးနှံက ဈေး အနည်းငယ်ပိုရလာတဲ့အတွက် တစ်တင်းကျပ် ၄၉၀၀၀ နဲ့ ယခင်တစ်ပတ်ထက် ကျပ်တစ်ထောင်ခန့်ပိုရရှိခဲ့တာကို တွေ့ရပါတယ်။ ပဲစင်းငုံသီးနှံမှာလည်း လဆန်းရက်က တစ်တင်းကျပ် ၄၇၅၀၀၊ လကုန်ရက်မှာ တစ်တင်းကျပ် ၄၉၀၀၀ ဖြင့် လကုန်ရက်မှာ တစ်တင်းကျပ် ၂၅၀၀ ခန့်ပို လာခဲ့ပါတယ်။ ယခင်နှစ်ကဇွန်လအတွင်းမတ်ပဲနှင့် ပဲစင်းငုံသီးနှံမှာ ဈေးပြိုင်ရရှိပေမယ့် ယခုနှစ်မှာတော့ ပဲစင်းငုံသီးနှံဈေးထက်မတ်ပဲဈေးက ဈေးကောင်းရခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ကုလားပဲသီးနှံမှာလည်း ပန်းတောင်း၊ ရွှေတောင်၊ မင်းတုန်း၊ ကံမမြို့နယ်များမှ နေ့စဉ်ဝင်ရောက်ခဲ့ပေမယ့် အိတ် ၁၅၀ ကျော် ၂၀၀ ခန့်သာ ဝင်ရောက်ခဲ့ပြီး ပဲအဝင်ပါးသွားခဲ့သော်လည်း ပဲလက်ကျန်များရှိခဲ့လို့ ပုံမှန်အရောင်းအဝယ်ရှိခဲ့ပါတယ်။ ခွဲစက်သမား ဝယ်ယူမှုရှိလို့ ဝင်လာသမျှပဲများရောင်းချခဲ့ကြရကာ အိတ် ၂၀၀ ကျော် ၃၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲသီးနှံဈေးမှာ ယခုနှစ်တွင် ပြည်ပဝယ်လိုအားရှိသောပဲများ လောက်ဈေးမရရှိသော်လည်း ဈေးကောင်းခဲ့တဲ့ပဲဖြစ်ခဲ့တာကိုတွေ့ရပါတယ်။ ပဲသစ်စပေါ် ချိန် ဖေဖော်ဝါရီလတွင် ဈေးနှုန်းသိပ်မကောင်းခဲ့လို့ ကျပ်သုံးသောင်းအောက် သာရရှိပေမယ့် ဧပြီလမှစ၍ ပဲဈေးနှုန်း ဆက်တိုက်မြင့်လာကာ တစ်တင်း ကျပ်လေးသောင်းကျပ်ထိ ရရှိခဲ့တာကိုလည်း တွေ့ခဲ့ရပါတယ်။

ပြည်တွင်းဝယ်လက်သာရှိတဲ့ ပဲတစ်မျိုးဖြစ်သည့် ပဲကြီးသီးနှံမှာလည်း အိတ် ၂၀၀/၃၀၀ ခန့် ရွှေတောင်၊ ကျီးသဲ၊ မင်းတုန်း၊ ကံမဘက်မှ နေ့စဉ်ဝင်ရောက်ခဲ့ပါတယ်။ ပဲကြော်ဖိုလုပ်ငန်းသမားများမှ နေ့စဉ်ပုံမှန် အဝယ်ရှိတာကြောင့် တစ်နေ့အိတ် ၃၀၀ ကျော် ရောင်းချခဲ့သလို ပဲကြီး(ရွှေကျွန်း)ထက် (ကမ်းနား)ပဲက အရောင်းအဝယ် ပိုသွက်ခဲ့တယ်လို့ သိရပါတယ်။ ဈေးနှုန်းမှာတော့ (ရွှေကျွန်း) တစ်တင်းကျပ် ၂၈၀၀၀၊ (ကမ်းနား) တစ်တင်း ကျပ် ၂၆၀၀၀ ရရှိတာကြောင့် ကမ်းနားပဲဈေးမှာ ယခင် တစ်ပတ်ထက်ဈေးအနည်းငယ် ပိုရလာခဲ့ပါတယ်။ ယခုလအတွင်း ပဲကြီးသီးနှံဈေးနှုန်းများမှာ အခြားပဲများကဲ့သို့ မဟုတ်ဘဲ တစ်လလုံး ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။

ပဲလွန်းဖြူ ထောပတ်ပဲ၊ ပဲပုပ်သီးနှံဈေးနှုန်းများမှာ ယခင်တစ်ပတ်ဈေးအတိုင်း ဈေးငြိမ်နေတာကြောင့် ပဲလွန်းဖြူတစ်တင်း ကျပ် ၂၁၅၀၀၊ ထောပတ်ပဲတစ်တင်း ကျပ် ၁၄၅၀၀၊ ပဲပုပ်တစ်တင်းကျပ် ၂၁၀၀၀ ဖြင့်သာ အသီးသီးဈေးရရှိခဲ့ပြီး ဝယ်လက်ကလည်း လက်လီသာအရောင်းအဝယ်ဖြစ်လို့ အိတ်အနည်းငယ်သာ ရောင်းချခဲ့ကြတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ပို့ကုန်ပဲဈေး ပြန်လည်လှုပ်ခတ်လာ

ပြည်ပသို့ တင်ပို့နေတဲ့ မတ်ပဲ၊ပဲစင်းငုံနဲ့ ပဲတီစိမ်းဈေးနှုန်းများ ဈေးငြိမ်နေရာမှ ယခုတစ်ပတ်မှာ ဈေးအတက်အကျပြန်လည်လှုပ်ခတ်လာနေပါတယ်။

အိန္ဒိယဈေးကွက်မှ အဝယ်လိုက်တဲ့အတွက် မတ်ပဲနဲ့ ပဲစင်းငုံဈေးနှုန်းများ တဖြည်းဖြည်း မြင့်တက်နေတာဖြစ်ပါတယ်။ပဲတီစိမ်းဈေးကတော့ ရာသီစခါစဈေးထက် ဈေးကျဆင်းသွားပါတယ်။ မတ်ပဲနဲ့ ပဲစင်းငုံ ရာသီပေါ် စဈေးဖွင့်ချိန်ကထက်ရောမနှစ်က ကာလတူထက်ပါ ဈေးမြင့်နေပါတယ်။

မတ်၊ ဧပြီလများက မတ်ပဲတစ်တင်း ဈေး ၄၈၀၀၀ ကျပ်ရှိခဲ့ရာမှ ယခုအခါ ၅၇၀၀၀ ကျပ်နဲ့ ဈေးဖွင့်နေတယ်လို့ မြန်မာနိုင်ငံ ပဲမျိုးစုံနဲ့ နှမ်းကုန်သည်များအသင်းအတွင်းရေးမှူးထံက သိရပါတယ်။ မတ်ပဲ FAQ/RC တစ်တန် ကျပ် ၁၅ သိန်းဝန်းကျင်ခန့်ရှိခဲ့ရာမှ ယခုဇွန်လမှာ ကျပ် ၁၈ သိန်းကျော်ထိလည်းကောင်း၊ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၁၄ သိန်းဝန်းကျင်ရှိခဲ့ ရာမှ ကျပ် ၁၅ သိန်းကျော်ထိလည်းကောင်း မြင့်တက်လာပါတယ်။ ပဲဈေးကထပ်ပြီး မြင့်တက်လာနိုင်သလို ပြန်လည်ကျသွားနိုင်ချေလည်း ရှိနေပါတယ်။

မတ်ပဲနဲ့ ပဲစင်းငုံအထွက်ရဲ့ ၇၀ ရာခိုင်နှုန်းကို အိန္ဒိယသို့ အများဆုံးတင်ပို့ပြီး ပဲတီစိမ်းကိုမူ အရှေ့တောင်အာရှနိုင်ငံများသို့ အများဆုံးတင်ပို့လျက်ရှိပါတယ်။ အာရှနိုင်ငံ အများအပြားမှာ ပဲတီစိမ်းကို စိုက်ပျိုးကြပါတယ်။မြန်မာပဲတီစိမ်းမှာမူ ဝယ်လက်အိန္ဒိယနိုင်ငံကို အဓိကအားထားရပြီး ဝယ်လိုအားပေါ် မူတည်ပြီး ဈေးနှုန်းအတက်အကျ ပြောင်းလဲနေတာဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ပြည်ပသို့ ပဲမျိုးစုံ တန်ချိန် ၁၂ သိန်းကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ဧပြီ၊ မေ၊ ဇွန်ဘဏ္ဍာနှစ် ပထမသုံးလမှာ ပဲမျိုးစုံတန်ချိန် နှစ်သိန်းကျော်ပြည်ပသို့ တင်ပို့ထားပြီးဖြစ်ကြောင်း သတင်းရရှိပါတယ်။

**CMK**

## မုံရွာကုန်စည်ဒိုင်ဇွန်လကုန်ရက်သတ္တပတ် ပဲဈေးကွက် ကုလားပဲဈေးတက်လာ

မုံရွာကုန်စည်ဒိုင် ဇွန်လလကုန်ပတ် ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လိုအားရှိတဲ့ ငုံနီ၊ စိမ်းကြီးနဲ့ မတ်ပဲတို့ ဆက်လက်ဈေးမာနေသလို လုပ်ငန်းသုံးဝယ်လိုအား အနည်းငယ်သွက်လာလို့ ကုလားပဲဈေး တက်လာတာ တွေ့ရပါ တယ်။ မိုးရာသီဖြစ်ပေမယ့် မိုးရွာသွန်းမှုနည်းပြီး ရာသီ ပွင့်လင်းနေတာကြောင့် ကြာဆန်စက်သမားတွေ လုပ်ငန်းသွက်ကာ ပဲအဝယ်လိုက်ခဲ့သလို ခွဲစက်၊ အမှုန့်ကြိတ်စက်နဲ့ ပဲကြော်ဖိုလုပ်ငန်းသမားတွေ ဝယ်လိုအားကောင်းတာကြောင့် အခုလို ကုလားပဲဈေးမြင့်လာတာဖြစ်တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။ ယခုတစ်ပတ်အတွင်းမှာ ထိုင်ဝမ်နဲ့ 929 တစ်တင်းကျပ် ၃၈၀၀၀နဲ့ V2 တစ်တင်း ကျပ် ၄၀၈၀၀ အထိ အမြင့်ဈေးဖြစ်ပေါ် ခဲ့ကာ တစ်ရက် ကုလားပဲမျိုးစုံ အိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဈေးကွက်မှသိရပါတယ်။

ယခုတစ်ပတ် ငုံနီဈေးကွက်မှာလည်း တစ်တင်းကျပ် ၄၈၈၀၀ မှ ကျပ် ၄၉၁၀၀ အတွင်း ဈေးဆက်လက်မာနေပြီး ရောင်းလိုအားနဲ့ ဝယ်လိုအားမျှနေကာ တစ်ရက်အိတ် ၇၀၀ မှ ၁၀၀၀ အကြား ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ စိမ်းကြီးဈေးကွက်အနေနဲ့ ဒေသတွင်းမှ ပဲဒိုင်များကို အဝင်သွက်လာသလို မန္တလေး၊ ရန်ကုန်နဲ့ ဒေသခံခွဲစက်သမား ဆွဲအားကောင်းခဲ့ရာ ယခုတစ်ပတ်အတွင်း စိမ်းကြီးတစ်တင်း ကျပ် ၃၂၅၀၀အထိ အမြင့်ဈေးပေါက်ခဲ့ပြီး တစ်ရက် အိတ် ၁၅၀၀ မှ ၂၀၀၀ အကြား အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

မတ်ပဲဈေးကွက်မှာတော့ ယခင်တစ်ပတ်ကထက် အနည်းငယ်ဈေးအေးခဲ့ကာ တစ်တင်း ကျပ် ၅၆၀၀၀ မှ ကျပ် ၅၇၅၀၀ အတွင်း ပေါက်ဈေးဖြစ်ခဲ့ပြီး တစ်ရက်အိတ် ၃၀၀ ဝန်းကျင် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။

အခြားပဲမျိုးစုံဈေးကွက်အနေနဲ့ ထောပတ်ပဲတစ်တင်းကျပ် ၁၁၅၀၀၊ ပုဂံပဲတစ်တင်း ကျပ် ၁၆၅၀၀၊ မြေထောက်ပဲတစ်တင်း ကျပ် ၁၉၅၀၀၊ လွန်းပြာတစ်တင်း ကျပ် ၂၀၅၀၀၊ ပဲယင်းတစ်တင်းကျပ် ၁၅၀၀၀၊ စွန်တာနီ တစ်တင်း ကျပ် ၁၅၀၀၀၊ ပဲပုပ်စေ့တစ်တင်း ကျပ် ၁၈၀၀၀ အသီးသီးပေါက်ဈေးငြိမ်နေခဲ့ပြီး နယ်ရောင်းချရမှုထက် ဒေသတွင်းပဲလက်လီအဝယ်ကပိုကာ ပဲတစ်မျိုးတစ်ရက်လျှင် အိတ် ၂၀၀ ဝန်းကျင် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## မုံရွာဆီထွက်သီးနှံဈေးကွက် ဝယ်လက်ပါးလို့ ဈေးအေး

မုံရွာကုန်စည်ဒိုင် ဇွန်လကုန်ပတ် ဆီထွက်သီးနှံဈေးကွက်မှာ ပြည်ပဝယ်လက်အဝယ်ပါးခဲ့လို့ မြေပဲဆန်နဲ့ နှမ်းမျိုးစုံ ဈေးအေးကာ အရောင်းအဝယ်ပါ ပါးခဲ့တယ်လို့ သိရပါတယ်။

မြေပဲဆန်ဈေးကွက်မှာ ယခုတစ်ပတ်အတွင်း မြေပဲဆန်(နီ) တစ်ပိဿာ အမြင့်ဆုံး ကျပ် ၂၈၅၀ နဲ့ မြေပဲဆန်(ဖြူ) တစ်ပိဿာကျပ် ၂၇၅၀၊ ဆီဆန်တစ်ပိဿာ ကျပ် ၂၃၀၀ အသီးသီး ဈေးတန့်နေပြီး တစ်ရက်မြေပဲ(လုံးဆန်) အရောင်းအဝယ်မှာ အိတ် ၃၀၀ ခန့်သာ ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

နှမ်းမျိုးစုံဈေးကွက်မှာလည်း နှမ်းနက်တစ်မျိုးသာ တစ်တင်းကျပ် ၅၀၀၀၀ နဲ့ ဈေးဆက်လက်မာခဲ့ပြီး နှမ်းညို(အသစ်) တစ်တင်းကျပ် ၂၄၀၀၀ နဲ့ နှမ်းဖြူတစ်တင်း ကျပ် ၃၀၀၀၀ အထိ ဈေးပြန်အေးသွားကာ တစ်ရက်အိတ် ၂၀၀ ခန့်သာ အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

စားသုံးဆီဈေးကွက်မှာတော့ ပဲဆီကတစ်ပိဿာကျပ် ၄၆၀၀ နဲ့ငြိမ်နေပြီး၊ နှမ်းဆီကတစ်ပိဿာကျပ် ၃၄၀၀ နဲ့ကျဈေးဖြစ်ပေါ်ခဲ့ကာ စားအုန်းဆီက တစ်ပိဿာ ကျပ် ၁၆၀၀ မှ ၁၆၅၀ အတွင်း ဈေးတန့်နေတယ်လို့ မုံရွာကုန်စည်ဒိုင်ဈေးကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပခုက္ကူပဲစင်းငုံ လက်ကျန်နည်းသလို အဝင်လည်းနည်းနေ

ပခုက္ကူကုန်စည်ဒိုင်မှာ ပဲစင်းငုံလက်ကျန် နည်းနေသလို အဝင်လည်းနည်းနေကြောင်း သိရပါတယ်။ အဝင်နည်းနေပေမယ့်လည်း ဈေးနှုန်းမှာ ပုံမှန်အတိုင်းသာရှိနေကြောင်း ဈေးကွက်မှသိရပါတယ်။ ဇွန်လနောက်ဆုံးပတ်မှာ ပဲစင်းငုံနီဟာ ပုံမှန်ဝင်ရောက်နေပြီး တစ်တင်းကို ကျပ် ၄၈၆၀၀ မှ ၄၈၉၀၀ အတွင်း အရောင်းအဝယ်ဖြစ်နေပြီး နေ့စဉ် အိတ် ၃၀ မှ ၅၀ အတွင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပြည်ပဝယ်လက်ရှိနေပေမယ့် ဈေးကောင်းသော်လည်း အဝင်နည်းနေလို့ လက်ကျန်လည်းနည်းနေတယ်လို့ ကုန်စည်ဒိုင်မှသိရပါတယ်။

ပခုက္ကူခရိုင်အတွင်းမှာ ပဲစင်းငုံနီအသစ်တွေပြီးခဲ့တဲ့ ဒီဇင်ဘာလကတည်းက ဈေးကွက်သို့ စတင်ဝင်ရောက်ခဲ့ပါတယ်။ စတင်ဈေးဖွင့်စဉ်က တစ်တင်းကိုကျပ် ၄၅၀၀၀ ရရှိခဲ့ပေမယ့် နောက်ပိုင်းမှာ ကျပ် ၅၀၀၀၀ ကျော်အထိ ရရှိပါတယ်။ ပဲစင်းငုံနီဟာ သီးထပ်သီးညှပ်စိုက်ပျိုးတဲ့သီးနှံဖြစ်ရာ တစ်ဧကကို သုံးတင်းမှ ငါးတင်းကြားထွက်ရှိကြောင်းသိရပါတယ်။

**ချယ်ရီမြင့် (ပခုက္ကူ)**

| ၂၇-၆-၂၀၁၆ မှ ၁-၇-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 276 | 24,360,274.012 |
| 2 | Form D | 34 | 1,980,840.310 |
| 3 | Form E | 73 | 890,827.080 |
| 4 | Korea GSP | 4 | 177,509.580 |
| 5 | Form AK | 36 | 2,011,062.470 |
| 6 | Form AJ | 7 | 920,139.460 |
| 7 | Form AI | 65 | 2,356,405.140 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **495** | **32,697,058.052** |

## ပဲတီစိမ်းရွှေဝါနဲ့ နှမ်းရောင်းစုံများ ဈေးအေးနဲ့ အရောင်းအဝယ်ဖြစ်တဲ့ မန်းကုန်စည်ဒိုင်မှ ဈေးနှုန်းနဲ့ဈေးကွက်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ နေ့စဉ် (ဥပုသ်နေ့မှအပ) လယ်ယာထွက်ကုန်သီးနှံအမယ် ၆၀ ကျော်မှ ၉၀ ကြား အနယ်နယ်အရပ်ရပ်မှ ပွဲစား၊ ကုန်သည်၊ စက်ပိုင်နှင့် ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော် နေ့စဉ်လာရောက်အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဇွန်လနောက်ဆုံးပတ်ရဲ့သီးနှံအရောင်း အဝယ်ဖြစ်တဲ့ဈေးနှုန်းများမှာ-

**တစ်ပိဿာ-ကျပ်**

| သီးနှံအမည် | နိမ့် | မြင့် |
|---|---|---|
| ပဲတီစိမ်းရွှေဝါ | ၁၆၈၉ | ၁၇၂၄ |
| ပဲတီစိမ်းအညာ | ၁၇၇၈ | ၁၈၈၄ |
| ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၁၇ |
| ပဲကြီး | ၁၃၅၇ | ၁၅၃၈ |
| ပဲပုပ်(ရှမ်း) | ၈၄၅ | ၁၀၁၄ |
| ပဲပုပ်(ဗမာ) | ၉၇၇ | ၉၉၅ |
| ပဲယင်း | ၇၁၇ | ၇၃၃ |
| ထောပတ်ပဲ | ၈၀၀ | ၈၁၈ |
| နိုင်လွန်ပဲ | ၈၄၄ | ၉၂၈ |
| ပဲဇီးကွက် | ၇၆၄ | ၇၈၁ |
| မြေထောက်ပဲ | ၁၁၁၁ | ၁၂၅၉ |
| မတ်ပဲ | - | ၂၈၆၇ |
| ပြောင်းဖူးစေ့(ရှမ်း) | ၄၄၁ | ၄၄၄ |
| ပြောင်းဖူးစေ့(ဗမာ) | - | ၄၁၇ |
| ပြောင်းဖူးစေ့ (စီပီ) | ၄၄၆ | ၄၅၀ |
| အထွက်တိုးပြောင်း | ၅၁၉ | ၅၂၈ |
| ဆန်ပြောင်း | ၅၇၄ | ၅၈၂ |
| နှမ်းဖြူ | ၁၈၈၉ | ၂၀၄၄ |
| နှမ်းညို | - | ၁၅၅၆ |
| နှမ်းနက် | - | - |
| နှမ်းနက် (စမုံ) | ၃၅၅၆ | ၃၆၆၇ |
| ပန်းနှမ်း | - | ၂၁၁၁ |
| မြေပဲ ( S1လုံးဆန်) | ၂၆၅၀ | ၂၇၀၀ |

ဇွန်နောက်ဆုံးပတ်မှာ ပဲတီစိမ်းရွှေဝါ တစ်ပိဿာ ၁၇၂၄ ကျပ်နဲ့အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအောက် တစ်ပိဿာ ၁၄၃ ကျပ် (တစ်တန် ၈၇၅၇၂ ကျပ်)နဲ့ဈေးအေးပြီး၊ ပဲတီစိမ်းအညာတစ်ပိဿာ ၁၈၈၄ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအထက် တစ်ပိဿာ ၁၇၇ ကျပ် (တစ်တန် ၁၀၈၃၉၃ ကျပ်) ဈေးမာနဲ့ ပဲတီစိမ်းနှစ်မျိုးပေါင်း နေ့စဉ်သုံးတင်း အိတ် ၂၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

အခြားအရောင်းအဝယ်ဖြစ်တဲ့ ပဲများအနက် ပဲလွန်းဖြူ ပဲနီပြား၊ ပဲပုပ် (ဗမာ)၊ နိုင်လွန်ပဲနဲ့ ထောပတ်ပဲများ ယခင်တစ်ပတ်ဈေးထက် မြင့်တက်ကာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲလွန်းဖြူ တစ်ပိဿာ ၅၀ ကျပ် (တစ်တန် ၃၀၆၂၀ ကျပ်)၊ ပဲနီပြား တစ်ပိဿာ ၁၀၀ ကျပ်(တစ်တန် ၆၁၂၃၉ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၁၈ ကျပ် (တစ်တန် ၁၁၀၂၃ ကျပ်)၊ နိုင်လွန်ပဲ တစ်ပိဿာ ၁၇ ကျပ် (တစ်တန် ၁၀၄၁၁ ကျပ်)၊ မြေထောက်ပဲ တစ်ပိဿာ ၅၅ ကျပ် (တစ်တန် ၃၃၆၈၁ ကျပ်)ဈေးမာနဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲကြီး၊ ပဲပုပ် (ရှမ်း)၊ ပဲယင်း၊ ထောပတ်ပဲ၊ ပဲဇီးကွက်နဲ့ မတ်ပဲများမှာ ယခင်တစ်ပတ်အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းများတူညီနေပြီး အရောင်းအဝယ်အနည်းငယ် အေးကြောင်း သိရပါတယ်။

ပြောင်းဖူးစေ့အများစုမှာ ယခင်တစ်ပတ်ဈေးနှုန်းနဲ့ ဈေးကွာဟမှု အနည်းငယ်နဲ့ အရောင်းအဝယ်ဖြစ်ပေမယ့် ပြောင်းဖူးစေ့ (ဗမာ) (စီပီ)နဲ့ ဆန်၊ ပြောင်းတို့ အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နှမ်း ရောင်စုံများ ယခုတစ်ပတ်မှာ ယခင်တစ်ပတ်ဈေးနှုန်းအောက်နဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ နှမ်းဖြူ တစ်ပိဿာ ၆၇ ကျပ် (တစ်တန် ၄၁၀၃၀ ကျပ်)၊ နှမ်းညို တစ်ပိဿာ ၁၇၇ ကျပ် (တစ်တန် ၁၀၈၃၉၃ ကျပ်)၊ နှမ်းနက်(စမုံ) တစ်ပိဿာ ၄၀၄၁၈ ကျပ်၊ ပန်းနှမ်းတစ်ပိဿာ ၈၇ ကျပ် (တစ်တန် ၅၃၂၇၈ ကျပ်) ဈေးအေးပြီး နေ့စဉ်သုံးတင်းအိတ် ၂၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း၊ မြေပဲဆန် (S1 လုံးဆန်)တစ်ပိဿာ ကျပ် ၂၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအောက် တစ်ပိဿာ ၁၀၀ ကျပ် (တစ်တန် ၆၁၂၃၉ ကျပ်)ဈေးအေးသလို အရောင်းအဝယ် အနည်းငယ်အေးလို့ နေ့စဉ်သုံးတင်းအိတ် ၈၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ သီးနှံများအနက် ပဲတီစိမ်း၊ နှမ်းရောင်စုံနဲ့ မြေပဲဆန်များသာ အရောင်းအဝယ်ဖြစ်ကြောင်း၊ ပဲတီစိမ်းကြီး ရွှေဝါအရောင်းအဝယ်သွက်လက်သလို ဈေးအေးလျက်ရှိကြောင်း၊ တစ်ပတ်နဲ့တစ်ပတ် ဈေးနှုန်းကွာခြားခြင်းမှာ ဝယ်လက်ရဲ့ ဝယ်လိုအားနဲ့ အရည်အသွေးကြောင့်ဖြစ်ကြောင်း၊ နှမ်းရောင်စုံများ စတင်ရိတ်သိမ်းချိန်ဖြစ်တာကြောင့် ပစ္စည်းဝင်ရောက်မှု ရှိသော်လည်း အရည်အသွေးပိုင်းတွင် အစိုဓာတ်ပါဝင်မှု ရှိနေတာကြောင့် အမှန်တကယ်ရသင့်ရထိုက်သည့် ဈေးမရရှိဘဲ ၎င်းဈေးအောက်တွင်သာ အရောင်းအဝယ်ဖြစ်ကြောင်း၊ ထို့အတူ မြေပဲဆန်များမှာလည်း အရည်အသွေးအနည်းငယ်နိမ့်ကျသဖြင့် ပြည်ပ (တရုတ်) ဝယ်လိုအားကျဆင်းသွားကြောင်း၊ မိမိရောင်းချမည့်သီးနှံတွင် အရည်အသွေးပြည့်မီရန်အတွက် ရိတ်သိမ်းချိန် လွန်နည်းပညာပြည့်ဝမှသာ လက်ရှိဆုပ်ကိုင်ထားသည့် ဈေးကွက်၊ ဈေးနှုန်းမပျောက်ပျက်မှာဖြစ်ကြောင်း၊ ခိုင်မာသောဈေးကွက် ရရှိမှသာ တောင်သူ၊ ကုန်သည်နှင့် နိုင်ငံတော်အကျိုးစီးပွားဖြစ်ထွန်းမှာဖြစ်ကြောင်း ပဲနှမ်းကုန်သည်ကြီးတစ်ဦးက ပြောကြားကြောင်းသိရပါတယ်။

**စိုးအောင်-မန္တလေး**

## စဉ်းစားလုပ်ဆောင်သင့်တဲ့ ဟသ်ာတမတ်ပဲဈေးကွက်

ဟသ်ာတခရိုင်အနေဖြင့် မတ်ပဲကို ၂၀၁၅-၁၆ ခုနှစ် တွင် စိုက်ဧကပေါင်း ၄ ဒသမ ၁ သိန်းကျော်ရှိပြီး၊ ပျမ်းမျှအထွက်နှုန်းဖြင့် တွက်ချက်ကြည့်ပါက တင်း ၄၆ ဒသမ ၈ သိန်းခန့် မက်ထရစ်တန်အားဖြင့် ၁ ဒသမ ၅ သိန်းထွက်ရှိနိုင်ပါ တယ်။

ဟသ်ာတမတ်ပဲဈေးကွက်မှာ ၂၀၁၆ ခုနှစ်ဖေဖော်ဝါရီလအတွင်းက တစ်တင်းကို အနိမ့်ဈေးကျပ် ၄၅၃၂၀ မှ အမြင့်ဆုံးဈေးအဖြစ် ကျပ် ၅၂၈၀၀ ရရှိခဲ့ပါတယ်။ မတ်လအတွင်းမှာတော့ ဈေးပြန်လည်ကျဆင်းသွားခဲ့ပြီး တစ်တင်းကို ကျပ် ၄၁၂၀၀ မှ ကျပ် ၄၉၃၀၀ အတွင်းသာ ရရှိခဲ့ပါတယ်။ ဧပြီလမှစပြီး ဈေး ပြန်လည်မြင့်တက်ခဲ့ကာ မေလအတွင်းမှာ ကျပ် ၅၃၃၀၀ မှ ကျပ် ၅၅၃၀၀ အတွင်း ရရှိခဲ့ပါတယ်။ ဇွန်လအတွင်းမှာတော့ ကျပ် ၅၂၀၀၀ မှ ကျပ် ၅၇၅၀၀ အတွင်းရရှိခဲ့ပါတယ်။ ဟသ်ာတမတ်ပဲဈေးကွက်ဟာ ဟသ်ာတခရိုင်အတွင်းရှိမြို့နယ်များဖြစ်တဲ့ ဟသ်ာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန် အောင်၊ ကြံခင်းနဲ့ အင်္ဂပူမြို့နယ်တို့မှ ထွက်ရှိတဲ့ မတ်ပဲတွေကို အခြေခံပြီး ရောင်းဝယ်လျက်ရှိတဲ့ ဈေးကွက်တစ်ခုဖြစ်ပါတယ်။

နှစ်အလိုက် မတ်ပဲရောင်းဝယ်မှုဈေးနှုန်း အနိမ့်အမြင့်များကြောင့်၊ ထုတ်လုပ် သူတောင်သူများ၊ ပွဲရုံများ၊ ကုန်သည်များ အနေဖြင့် ဈေးနှုန်းအတက်အကျ များကြောင့် ပြဿနာအရပ်ရပ်များ နှစ်စဉ်ဖြစ်ပေါ် လျက်ရှိ နေကြပါတယ်။ အဆိုပါ ငွေကြေးကိစ္စများ မဖြစ်ပေါ် စေရေးအတွက် ထုတ်လုပ်သူများ၊ တင်ပို့ရောင်းဝယ် ကြသူများအနေဖြင့် အမြဲတမ်းသတိရှိစွာနှင့်အဘက်ဘက်မှ စဉ်းစားလုပ်ဆောင်သင့်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**လှိုင်ထွန်း (ဟသ်ာတ)**

## ချင်း



### အောင်ပန်းဈေးကွက်သို့ ချင်းဥမတွေ နည်းနည်းစီဝင်ရောက်

အောင်ပန်းဈေးကွက်မှာ ချင်း(ဥမ) တွေစဖော်ပြီး ဈေးကွက်သို့ နည်းနည်းချင်းဝင်ရောက်လျက်ရှိတယ်လို့ သိရှိရပါတယ်။ ယခင်နှစ်တွေက ချင်းဥမဖော်ရင် ချင်းဟောင်းတွေက ဈေးကွက်မှာ မရှိတော့ပါဘူး။ ဒီနှစ်မှာတော့ အရောင်းအဝယ်က အေးတာကြောင့် ချင်းဥမ(အသစ်) တွေဝင်နေပေမယ့် ချင်းဟောင်းကလည်း ပစ္စည်းမပြတ်သေးဘူးလို့ သိရှိရပါတယ်။ ဒီနှစ်မှာတော့ Export ကလည်းမရှိတာကြောင့် မနှစ်ကနဲ့နှိုင်းယှဉ်ရင် ဒီနှစ်မှာတော့ အရောင်းအဝယ် အတော်လေးပါးတယ်လို့လည်း သိရှိရပါတယ်။ တစ်ပတ်ကို ပိဿာချိန်တစ်သောင်းခွဲ၊ နှစ်သောင်းခန့် နည်းနည်းချင်း ရောင်းနေရပြီး မကွေး၊ ပြည်၊ မန္တလေး ဘက်ကဆွဲတယ်လို့ သိရှိရပါတယ်။ ချင်းပေါက်ဈေးကတော့ တစ်ပိဿာချင်း(ဥမ) ၃၂၅ ကျပ်၊ ချင်းခက်တွေကတော့ အကြီး၊ အသေးပေါ်မူတည်ပြီး ကျပ် ၄၀၀ မှ ကျပ် ၅၅၀ ဈေးရှိတယ်လို့ သိရှိရပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ ချင်းကအောင်ပန်းတက်ချင်းဥမပေါ်ချိန် နောက်ကျတာကြောင့် အရောင်းအဝယ်မရှိသေးဘဲ ဈေးလည်းပျောက်နေတယ်လို့ သိရှိရပါတယ်။

**စောယုထွေး(တောင်ကြီး)**

### ပြည်ဈေးကွက်သို့ ချင်းဥမများ စတင်ဝင်ရောက်

ပြည်ချင်းဈေးကွက်သို့ အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းတက်များ အဝင်မရှိတော့ဘဲ ချင်းဥမတွေသာ ဈေးကွက်သို့စတင်ဝင်ရောက်လာပါတယ်။ ယခုတစ်ပတ်ပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင်အိတ် ၃၀ခန့်ဝင်လာပါတယ်။ ပြည်ချင်းဈေးကွက်မှာလည်း လက်ကျန်ချင်းတက်များ အနည်းငယ်သာကျန်ရှိနေပြီး၊ ချင်း ဥမများသာ အရောင်းအဝယ်ဖြစ်တယ်လို့ ချင်းပွဲရုံများမှသိရပါတယ်။ ဈေးနှုန်းအနေဖြင့် ချင်းဥမတစ်ပိဿာ ကျပ် ၈၀၀ မှ ၁၀၀၀၊ (ဂွန်) ကျပ် ၆၀၀ မှ ၇၀၀ ဈေး ရှိပြီး၊ ယခင်တစ်ပတ်က ဈေးနှုန်းထက် အနည်းငယ်ကျပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၄၀၀ ခန့်တင်ပို့လျက်ရှိတယ်လို့ သိရပါတယ်။

**ဝင်းဝင်းခိုင်**

## နနွင်း

### ဟိုပုံးဈေးကွက်မှာ နနွင်းအရောင်းအဝယ်အနည်းငယ်သာဖြစ်

ဒီတစ်ပတ် ဟိုပုံးဈေးကွက်မှာတော့ နနွင်းအရောင်းအဝယ်အနည်းငယ်ဖြစ်ခဲ့ပါတယ်။ ဟိုပုံးနားတစ်ဝိုက်ကထွက်တဲ့ နနွင်းတွေကတော့ နည်းနည်းချင်းအဝင်ရှိနေပါတယ်။ Export အဆွဲမရှိပေမယ့် ရန်ကုန်ဝယ်လက်အဆွဲရှိလို့ ပိဿာချိန်ခြောက်သောင်း၊ ခုနစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။ ဈေးကတော့ တစ်ပိဿာကို ကျပ် ၁၇၀၀ မှ ၁၉၀၀ ဈေးရှိပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ နနွင်းကပစ္စည်းရှိပေမယ့် အရောင်းအဝယ်ကအေးနေပါတယ်။ ဈေးပတ်သမားနဲ့အမှုန့်ကြိတ်သမားတွေသာ အဝယ်ရှိနေပါတယ်။ လက်လီစိတ်နဲ့ ပုံမှန်အရောင်းကတော့ရှိနေပါတယ်။ ဈေးကတော့ တောင်ပို့လှ နနွင်းကတစ်ပိဿာ ကျပ် ၁၂၀၀ မှ ၁၅၀၀ အထိဈေးရှိပြီး၊ နနွင်း(အနီစ) တစ်ပိဿာ ကျပ် ၁၇၀၀ ဈေးရှိပါတယ်။ ဆင်တောင်နနွင်းတစ်ပိဿာ ကျပ် ၂၅၀၀ ဈေးရှိတယ်လို့ သိရှိရပါတယ်။

**စောယုထွေး(တောင်ကြီး)**

### မူဆယ်မှ နနွင်းတက် ပုံမှန်တင်ပို့

ဇွန် ၁၈ ရက်မှ ၂၄ ရက်တာ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၅၇၉၆၇ တန်ဖိုးရှိတဲ့ နနွင်းတက် (ရှမ်းစ) ၇၄ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း ၇၁ တန်ခွဲ တင်ပို့ခဲ့တာကြောင့် မူဆယ်ကနေ တရုတ်ပြည်ကို နနွင်းတက်တွေ ပုံမှန်တင်ပို့နေ တယ်လို့ ဆိုရပါမယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက်တစ်တန်ကို မိမိဘက်ပေါက် ဈေး(ငွေလဲနှုန်းအရ)ဇွန် ၁၇ ရက်က ၉၁၇၁၉၀ ကျပ် ရှိခဲ့ပြီး ဇွန် ၂၄ ရက်မှာတော့ ၉၁၉၅၆၀ ကျပ်သို့ ဈေးအနည်းငယ်မြင့်တက်လာခဲ့ပါတယ်။

နနွင်းအစစ်ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် လည်းကောင်း၊ ဆေးဖော်စပ်ရာတွင်လည်း သုံးစွဲမှုရှိတာကြောင့် နနွင်းဥ စိုက်ပျိုးသူများပြားလာကြောင်း၊ ယခုခေတ်မှာ နနွင်းတွေကို ဆန်မှုန့်၊ ဖွဲမှုန့်တွေနဲ့ရောပြီး ရောင်းလာကြတဲ့အတွက် နနွင်းမှုန့်အစစ်သုံးစွဲချင်သူတွေက ကိုယ့်ဒေသထွက် နနွင်းမှုန့်ကို အဓိကဝယ်ယူ စားသုံးကြကြောင်း၊ ဒါ့ကြောင့် ဈေးကွက်လည်း ကျယ်ပြန့်လာတယ်လို့ စစ်ကိုင်းတိုင်းဒေသကြီးမှ နနွင်းဥ စိုက်ပျိုးရောင်းချသူတစ်ဦးထံမှ သိရပါတယ်။

**မော်မော်အောင်**

### နနွင်းတန်ချိန် ၄၀၀ ကျော်တင်ပို့

ဇွန် ၁၉ ရက်မှ ၂၅ ရက်သီတင်းပတ်အတွင်း နနွင်း၄၃၈ ဒသမ ၇၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်သို့ ၁၁၂ တန်၊ ဘယ်လ်ဂျီယံသို့ ၁၆၈ တန်၊ အိန္ဒိယသို့ တန်ချိန် ၅၀၊ မလေးရှားသို့ ၆၈ ဒသမ၇၅ တန်နဲ့ စင်ကာပူသို့ တန်ချိန် ၄၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဘယ်လ်ဂျီယံကို အများဆုံးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းတင်ပို့တန်ချိန်မှာ တန်၉၀ ကျော်သာရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ ယှဉ်ရင်တန်ချိန် ၃၄၀ ကျော်တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၄၀၉၆၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း (DOT)**

## မန်ကျည်း

### အဝင်နည်းတာကြောင့် ပြည်မန်ကျည်းမှည့် ဈေးအနည်းငယ်တက်

ပြည်ပွဲရုံမှာ ဇွန်လဆန်းမှစ၍ မန်ကျည်းမှည့်တွေ အဝင်နည်းလာပြီး ဈေးအနည်းငယ် တက်လာတာ တွေ့ရပါတယ်။ လှောင်မန်ကျည်းမှည့်တွေ အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေခဲ့ရာမှ ဇွန်နောက်ဆုံးပတ်အတွင်း မန်ကျည်းမှည့် လက်ကျန်အပေါ်တွင် ဈေးအနည်းငယ် ထပ်မံမြင့်တက်လာခဲ့ပါတယ်။ နယ်သို့တင်ပို့မှုမရှိတော့ဘဲ ဒေသတွင်း ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ စားသုံးမှုနည်းပေမယ့် ပရဆေးဖော်စပ်ခြင်း၊ အိမ်တွင်းယိုလုပ်ငန်းတို့မှ သုံးစွဲမှုရှိသဖြင့် အရောင်းအဝယ် ပုံမှန်ရှိနေကြောင်းလည်း သိရပါတယ်။ ယခုဇွန် နောက်ဆုံးပတ်မှာ မန်ကျည်းမှည့် တစ်ပိဿာ(ပွဲရုံဈေး) ကျပ် ၁၈၀၀ဖြစ်ပြီး ဒေသတွင်း လက်လီဈေးကတော့ ကျပ် ၂၀၀၀နဲ့ ကျပ် ၂၂၀၀ ဈေးအထိ ရောင်းဝယ်လျက်ရှိကြောင်း တွေ့ရပါတယ်။

**နီနီဝင်း**

### မန်ကျည်း တန် ၁၁၀ တင်ပို့

ဇွန် ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်း မန်ကျည်းတန်ချိန် ၁၁၀ ကို ပင်လယ်ရေကြောင်းလမ်းမှ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ် မန်ကျည်းတင်ပို့မှုမှာ တန်ချိန်၁၉၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၈၀ ကျော် တင်ပို့မှုလျော့ခဲ့တယ်လို့သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၅၉၉၅၀ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ကြက်သွန်

### ပြည်ကြက်သွန်နီအဝင်များ၍ ပွဲရုံလက်ကားဈေးကျ

ယခုဇွန်လနောက်ဆုံးပတ်တွင် ပြည်ပွဲရုံများသို့ ဆောင်းစိုက် ကြက်သွန်နီများ တစ်ရက်ခြား ပိဿာ ၃၀ ဝင်အိတ် ၆၅၀ ခန့်ဝင်ရောက်လာတဲ့အတွက် ဒီတစ် ပတ်မှာ သိသိသာသာ ဝင်ရောက်လာကြောင်း သိရပါတယ်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကြက်သွန်နီစိုက်ပျိုးသူတောင်သူများအနေနဲ့ မိုးစိုက်ကြက်သွန်နီများထွက်ရှိရန် နှစ်လခန့်သာလိုတော့တဲ့အတွက် လှောင်ကြက်သွန်နီများထုတ်၍ ရောင်းချလျက်ရှိနေပြီး မုံရွာ၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ အောင်လံ စသည့် နယ်စုံမှကြက်သွန်နီများ ဈေးကွက်သို့ အများအပြား ဝင်ရောက်လျက်ရှိတာကြောင့် ပွဲရုံလက်ကားဈေးအနည်းငယ် ကျဆင်းသွားကြောင်း တွေ့ရပါတယ်။

အရောင်းအဝယ်အနေနဲ့ လက်ကားဈေးတစ်အိတ်လျှင် ကျပ် ၁၅၀၀ ခန့်ဈေးကျတဲ့အတွက်အိတ်ဆွဲဝယ်ရောင်းသမားများ အဝယ်လိုက်နေကြောင်း သိရပါတယ်။ ပွဲရုံများမှာ တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၄၀၀ ခန့်အရောင်းအဝယ်ဖြစ်ပြီး ယခင် တစ်ပတ်ထက် အနည်းငယ် အရောင်းအဝယ်ပိုကြောင်း တွေ့ရပါတယ်။ ဈေးနှုန်း အနေနဲ့ လက်လီဈေးမှာ ပုံမှန်ဖြစ်ပြီး တစ်ပိဿာလျှင် (ရှယ်သန့်) ကျပ် ၈၀၀၊ (ကြီး) ကျပ် ၇၅၀၊ (လတ်) ကျပ် ၇၀၀၊ (သေး) ကျပ် ၆၀၀ တို့နှင့် ရောင်းဝယ်လျက်ရှိ၍ လက်ကားဈေး အနည်းငယ်ကျဆင်းကာ ပွဲရုံများ၌ တစ်ပိဿာလျှင် ကြီး/လတ် (ဂွန်) ကျပ် ၅၅၀၊ (သေး) ကျပ် ၄၈၀တို့နှင့် ရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

### နယ်စပ်စခန်းစုံမှ ကြက်သွန်နီတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန်လ ၁၈ ရက်မှ ၂၄ ရက်တာ ရက်သတ္တပတ်တွင် အမေရိကန် ဒေါ်လာ ၄၀၆၅၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန်ချိန် ၁၅၀၀ ကိုလည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ် ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိ ကန်ဒေါ်လာ ၁၄၄၅၁၆ တန်ဖိုးရှိ ကြက်သွန်နီ ၄၃၇ တန်ခွဲနဲ့ တာချီလိတ် ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၂၅၀၀၀ တန်ဖိုးရှိ ကြက်သွန်နီတန် ၁၀၀ နဲ့ အမေရိကန်ဒေါ်လာ ၁၄၇၀၀၀ တန်ဖိုးရှိ ကြက်သွန်ဖြူ တန် ၁၀၀ အသီးသီး တင်ပို့ခဲ့ကြပါတယ်။

ရန်ကုန်ဈေးကွက်တွင် ကြက်သွန်နီ (ဆိပ်ဖြူ) တစ်ပိဿာလျှင် အမျိုးအစားအလိုက် ကျပ် ၃၃၅-၅၄၅ ပေါက်ဈေးရှိပြီး နယ်ဘက်ဒေသမှ ရန်ကုန်ဈေးကွက်သို့ကြက်သွန်နီ အဝင်များပြားနေကြောင်း၊ မေလ နောက်ဆုံးပတ်တွင် နယ်ဈေးမြင့်တက်မှုကြောင့် ကြက်သွန်နီတစ်ပိဿာ ကျပ် ၆၅၀ အထိ ဈေးရှိခဲ့ကြောင်း ဘုရင့်နောင် ကုန်စည်ဒိုင်ရှိကြက်သွန်နီကုန်သည်များထံမှ သိရပါတယ်။

**မော်မော်အောင်**

### ပြည်ကြက်သွန်ဖြူဈေးကွက်တွင် ဈေးအနည်းငယ်မြင့်တက်

ပြည်ဈေးကွက်သို့ ကြက်သွန်ဖြူအိတ်တွေ အဝင်ပုံမှန်ရှိနေပြီး အရောင်းအဝယ်အေးနေပါတယ်။ အရောင်းအဝယ် အေးပေမယ့်လည်း ဝင်လာတဲ့ ကြက်သွန်ဖြူဈေးကတော့ ယခုတစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၁၀၀ မှ ၂၀၀ အထိ ဈေးထပ်မံမြင့်တက်နေပါတယ်။

(ပွဲရုံဈေး) ကြူကုတ်တစ်ပိဿာလျှင် ကျပ် ၃၄၀၀၊ လက်လီတစ်ပိဿာ ကျပ် ၃၈၀၀ မှ ၄၀၀၀ အထိရောင်းချပြီး၊ (ရှမ်းစ) ပွဲရုံဈေး ကျပ် ၃၇၀၀ နှင့် လက်လီကျပ် ၄၀၀၀ တို့ရှိပါတယ်။ တရုတ်ပြည်ဘက်မှ ဝင်ရောက်လာတဲ့ ကြက်သွန်ဖြူ (ကြူကုတ်စ) တွေက အဝင်အနည်းအများကြောင့် မဟုတ်ဘဲ တရုတ်ငွေကြေး(ယွမ်) ဈေးတက်နေတာကြောင့် ဈေးနှုန်းတွေမြင့်နေတာဖြစ်ကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**




# စတော့ဈေးကွက်သို့ ဝင်ရောက်ရန် အခြေခံသိကောင်းစရာများ

|ထွန်းသက်ထွန်း|

ပြီးခဲ့သည့် ၂၀၁၅ ခု ဒီဇင်ဘာလ ၉ ရက်နေ့ကစတင်ဖွင့်လှစ်ခဲ့သည့် ရန်ကုန်စတော့အိပ်ချိန်းတွင် ပထမဦးဆုံးသော စာရင်းဝင် ကုမ္ပဏီအဖြစ် FMI ကုမ္ပဏီကို ၂၀၁၆ ခုမတ်လ ၂၅ ရက်နေ့တွင် စတင်လက်ခံခဲ့ပြီး အရောင်း အဝယ်ဈေးကွက် (Trading Market) ကိုစတင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ကုမ္ပဏီများအနေနှင့် မိမိတို့၏စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ရန် လိုအပ်သည့်ကာလရှည်ငွေကြေးအရင်းအနှီး ရရှိရေးအတွက် စတော့ရှယ်ယာများထုတ်ဝေကာ အများပြည်သူသို့ ကမ်းလှမ်းရောင်းချလေ့ရှိပါသည်။ ဤသည်ကို (Initial Public Offering,IPO) လုပ်သည်ဟု ခေါ်ဆိုပါသည်။ ယင်း IPO အဆင့်တွင် ရှယ်ယာ ဝယ်ယူခွင့်ရရှိသူများသည် ယင်းကုမ္ပဏီမှ အမြတ်အစွန်းရရှိသည့်အချိန်တွင် ခွဲဝေပေးသည့် အမြတ်ဝေစု (dividend) ကို ခံစားနိုင်သလို ရှယ်ယာဈေးနှုန်းများ မြင့်တက်လာသည့် အချိန်တွင် ပြန်လည်ရောင်းချခြင်းမှ အမြတ်အစွန်း (capital gain)ကိုလည်း ရရှိနိုင်ပါသည်။

ပုံမှန်အားဖြင့် ရှယ်ယာများ စတင်ထုတ်ဝေရာတွင် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ (Securities)များကကြားမှ တာဝန်ယူကာ အများပြည်သူသို့ ဖြန့်ချီရောင်းချပေးလေ့ ရှိပါသည်။ securities ဆိုသည့် စကားလုံးကို လုံခြုံရေးဟု အဓိပ္ပါယ်ရသည့် "Security" နှင့်အမှတ်မမှားစေလိုပါ။ Securities ဆိုသည်မှာ နိုင်ငံတော်အစိုးရ အပါအဝင် ကုမ္ပဏီများမှ ထုတ်ဝေသည့် စတော့၊ ရှယ်ယာ၊ ငွေချေးစာချုပ်၊ ငွေတိုက်ဘီလ်အစရှိသော ရင်းနှီးမြှုပ်နှံမှု စာချုပ်စာတမ်းများကိုဆိုလိုခြင်းဖြစ်ပါသည်။

ရှယ်ယာများထုတ်ဝေရောင်းချထားသည့် အများပိုင်ကုမ္ပဏီများသည် ရန်ကုန်စတော့အိပ်ချိန်းမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်း ၁၇ ချက်နှင့် ပြည့်မီသည့် အချိန်တွင်စတော့အိပ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီအဖြစ် လျှောက်ထား နိုင်ကာ ယင်းတို့၏ ရှယ်ယာများကို ရောင်းဝယ် ဖောက်ကားနိုင်ကြပါသည်။ စတော့အိပ်ချိန်းသို့ စာရင်းဝင်ရာတွင် နည်းလမ်းနှစ်မျိုးရှိပါသည်။ ပထမနည်းမှာ မူလထုတ်ဝေရောင်းချပြီးသော ရှယ်ယာအရေအတွက်ကိုသာစာရင်းဝင် ရှယ်ယာများအဖြစ် မှတ်ပုံတင်ကာဝင်ရောက်ခြင်းဖြစ်ပြီး ယင်းစနစ်တွင် ရှယ်ယာအသစ်များ ထပ်မံထုတ်ဝေရောင်းချခြင်းမရှိပါ။ (ဥပမာ- မူလထုတ်ဝေထားသည့် ရှယ်ယာစောင်ရေ တစ်သန်းကို စာရင်းဝင်ခြင်း)၊ ဒုတိယနည်းစနစ်မှာ စာရင်းဝင်လျှောက်လွှာတင်ခြင်းနှင့်အတူ ရှယ်ယာအသစ်များ ထပ်မံထုတ်ဝေရောင်းချသည့်နည်းဖြစ်ပါသည်။ (ဥပမာ- မူလက ထုတ်ဝေထားသည့် ရှယ်ယာတစ်သန်းနှင့် ထပ်မံထုတ်ဝေသည့်ငါးသိန်းကို စာရင်းဝင်ခြင်း) ဤနည်းဖြင့် ထုတ်ဝေရောင်းချသည့်အချိန်တွင် ရင်းနှီးမြှုပ်နှံသူများအနေနှင့်ရှယ်ယာအသစ်များကို သတ်မှတ်ဈေးဖြင့် ဝယ်ယူနိုင်ခွင့်ရှိပါသည်။

ဤနေရာတွင် ပြည်သူအချို့နှင့်မီဒီယာအချို့ အမှတ်မှားနေသည့် အချက်တစ်ခုရှိပါသည်။ ယခု FMI ကုမ္ပဏီ၏ စာရင်းဝင်နည်းစနစ်မှာ ပထမနည်းဖြစ်သည့် နဂိုရှိပြီးသားရှယ်ယာ အရေအတွက်ကိုသာ စတော့အိပ်ချိန်းတွင် စာရင်းဝင်အဖြစ် မှတ်ပုံတင်သည်ဖြစ်၍ ဝယ်ယူရင်းနှီးမြှုပ်နှံလိုသူများ အနေဖြင့် ရှယ်ယာအသစ်များကို ဝယ်ယူနိုင်ခွင့်ရှိမည်မဟုတ်ပါ။ ရှယ်ယာများ အသစ်ထုတ်ဝေ ရောင်းခြင်းမရှိပါ။ ဝယ်ယူလိုသူများမှာ စတော့ဈေးကွက်၏ ရောင်းဝယ်ရေးဈေးကွက် (Secondary Market) မှတစ်ဆင့်သာဝယ်ယူရရှိနိုင်မည် ဖြစ်ပါသည်။

ယင်းသို့စတော့များကို ဝယ်ယူနိုင်ရန်အတွက် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) က အသိအမှတ်ပြု လက်မှတ်ထုတ်ပေးထားပြီးဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုထံသို့ သွားရောက် စာရင်းဖွင့်လှစ်ကာ ရောင်းဝယ်နိုင်ကြပါသည်။ ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် ရန်ကုန်စတော့အိပ်ချိန်းသို့ တိုက်ရိုက်လာရောက် ဝယ်ယူ၍မရပါ။

ရှယ်ယာဝယ်ယူလိုသူများသည် အဆိုပါတရားဝင်လိုင်စင်ရငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတစ်ခုခုသို့သွားရောက်ကာ ဖောက်သည် စာရင်းတစ်ခုဖွင့်လှစ်ရမည်ဖြစ်ပါသည်။ ဖွင့်လှစ်ရာတွင် မိမိ၏မှတ်ပုံတင်လက်မှတ်နှင့်ဘဏ်စာရင်း စာအုပ်မိတ္တူတို့ကို ယူဆောင်သွားရန် လိုအပ်ပါသည်။ ဖောက်သည်စာရင်းဖွင့်လှစ်ပြီးနောက် မိမိဝယ်ယူလိုသည့် ရှယ်ယာအရေအတွက်၊ မိမိဝယ်ယူလိုသည့် ဈေးနှုန်းတို့ကို အဆိုပါငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသို့ အမှာလွှာပေးနိုင်ပါသည်။

ရှယ်ယာရောင်းချလိုသူများသည်လည်း မိမိနီးစပ်ရာငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ တစ်ခုသို့ သွားရောက်ကာ မိမိပိုင်ဆိုင်သည့် စတော့အရေအတွက်၊ စတော့အမျိုးအစား၊ မှတ်ပုံတင်လက်မှတ်၊ ဘဏ်စာရင်းတို့နှင့်အတူ ဖောက်သည်စာရင်းဖွင့်လှစ်နိုင်ပါသည်။

➲ စာမျက်နှာ - ၂၂ သို့

# အစိုးရသစ်နှင့် ပုဂ္ဂလိက ဆက်ဆံရေးသစ်

ခင်မောင်ညို (ဘောဂဗေဒ)

အရပ်သားအစိုးရသစ် တက်လာပြီးတဲ့နောက် တာဝန်ရှိသူတစ်ဦးနဲ့ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တွေ တွေ့ကြမယ်၊ ပြောကြမယ်ဆိုတော့ စိတ်ဝင်စားတာနဲ့ တစ်နေကုန်မယ့် ဆွေးနွေးပွဲကို လေ့လာသူအနေနဲ့ တက်ရောက်ခွင့်တောင်းပြီး သွားနားထောင်ခဲ့ပါတယ်။

ဒီဆွေးနွေးပွဲမှာ အကြားရဆုံးစကားကတော့ မသမာလုပ်ကြ၊ မမှန်မကန်လုပ်ကြတဲ့ လုပ်ငန်းတွေကို ထိထိရောက် ရောက်အရေးယူပေးပါလို့ လုပ်ငန်းရှင်တွေက ပြောကြားကြတာပါ။ တကယ်တော့ ဒီနေ့ဆွေးနွေးပွဲမှာ တင်ပြချက်တွေဟာ ယခင်ကလည်း ကြိမ်ဖန်များစွာ တင်ပြခဲ့ကြပြီး ဒီနေ့အထိ မပြုပြင်နိုင်သေးတဲ့ ကိစ္စတွေပါ။

တာဝန်ရှိသူကတော့ အရင်ကဆွေးနွေးခဲ့တာတွေကို သူ့အနေနဲ့တွေ့ရှိထားပြီးဖြစ်ပါကြောင်း၊ ယခုဆွေးနွေးချက်တွေကို သက်ဆိုင်ရာဌာနတွေကိုဖြန့်ဝေ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြောပြပါတယ်။

ဘေးလူတစ်ယောက်ရဲ့ အမြင်နဲ့ပြောရရင် ဆွေးနွေးချက်တွေအားလုံးကို လုပ်ပေးနိုင်ပါတယ်ဆိုရင်တောင်မှ လုပ်ပေးလို့မရပါဘူး။ ဥပမာ တချို့လုပ်ငန်းရှင်တွေက တင်သွင်းခွင့် ပြုစေချင်တာကို တခြားလုပ်ငန်းရှင်တွေက ခွင့်မပြုစေချင်ပါဘူး။ တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် အကျိုးစီးပွားချင်း ဆန့်ကျင်တဲ့ သဘာဝ က ရှိနေတာကိုး။ ဒေါ်လာဈေးကျတာကို ကြိုက်တဲ့သူရှိတယ် မကြိုက်တဲ့ သူရှိတယ်။

ဒီနေရာမှာ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ရဲ့ အကျိုးစီးပွားထက် အများပြည်သူရဲ့ ကျယ်ပြန့်တဲ့ အကျိုးစီးပွားဆိုတဲ့ ရှုထောင့်က ကြည့်ဖို့လိုပါတယ်။ လူတိုင်းကျေနပ်အောင် ဆောင်ရွက်ပေးနိုင်မှာ မဟုတ်ပါဘူး။ ပြီးတော့ အချိန်ကာလ တစ်ခုအတွင်းမှာ အားလုံးလုပ် နိုင်မှာလည်း မဟုတ်ပါဘူး။ ဒီအခါ ဘယ်လုပ်ငန်းတွေကို ဦးစားပေး လုပ်မလဲ ဆိုတာ စဉ်းစားရွေးချယ်ဆုံးဖြတ်ရပါမယ်။

လုပ်ငန်းရှင်တွေရဲ့ တင်ပြချက်တွေမှာ ပြည်သူ့ဝန်ထမ်းတွေကို အားမလိုအားမရဖြစ်တာတွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအချိန် ကုန်သက်သာ စရိတ်နည်းစေရအောင် ဆောလျင်စွာ ဆောင်ရွက်ပေးဖို့ ဌာနချင်းပူးပေါင်းညှိနှိုင်းမှုမြင့်မားစေဖို့ အချို့အချို့သော အစိုးရဌာနတွေ ၂၄ နာရီလည်ပတ် စေဖို့ အကြံပြုကြတာ ကြားသိရပါတယ်။ သင်္ကြန်နှစ်သစ်ကူးမှာ ရုံးပိတ်ရက်တွေများနေလို့လုပ်ငန်းတွေ နှောင့်နှေး၊ စရိတ်တွေကြီးကုန်တာကို ထောက်ပြကြတယ်။

ပို့ကုန်ကိစ္စတချို့မှာ ပို့ကုန်ကို ဦးစားပေးမှာလား၊ ပြည်တွင်းလုပ်ငန်းတွေကို ဦးစားပေးမှာလား ရွေးချယ်စရာရှိ ပါတယ်။

သွင်းကုန်သွင်းပြန်ရင် စားသုံးသူတွေ အကျိုးရှိမယ်။ ဒါပေမယ့် ပြည်တွင်းလုပ်ငန်းတွေ ထိခိုက်လေမလား စဉ်းစားရပြန်တယ်။

စားသုံးသူတွေ စရိတ်သက်သာစေဖို့ ဦးစားပေးတဲ့အခါ ပြည်တွင်းလုပ်ငန်းတွေက သဘောကျမှာ မဟုတ်ဘူး။

လုပ်ထုံးလုပ်နည်းတွေ စံချိန်စံညွှန်းတွေနဲ့ ပတ်သက်လာရင် ကိုယ့်အရပ်နဲ့ ကိုယ့်ဇာတ်ဆိုတဲ့ ပြည်တွင်းစံချိန်စံညွှန်းတွေကိုပဲ ဆက်လက်ကျင့်သုံးနေမှာလား။ နိုင်ငံတကာဈေးကွက်က သတ်မှတ်တဲ့ စံချိန်စံညွှန်းတွေကို လိုက်နာမှာလား ရွေးချယ်စဉ်စားဖို့ လိုပြန်ပါတယ်။

တချို့တင်ပြချက်တွေဟာ လက်တွေ့မဆန် ခေတ်ပြောင်းတာကို သတိမပြုမိဖြစ်နေသလားလို့ စဉ်စားမိပါတယ်။ တချို့လုပ်ငန်းများဟာ ခေတ်ကာလအလျောက်တည်ထောင်ခဲ့ကြလေတော့ ခေတ်သစ် စနစ်သစ်နဲ့ အံမဝင်တော့ပါဘူး။

အသင်းအဖွဲ့တွေကို အသုံးချဖို့အတွက် ဖွဲ့စည်းခဲ့ကြပြီး အဲဒီအသင်းအဖွဲ့တွေက အချို့ပုဂ္ဂိုလ်တွေကလည်း မိမိအကျိုးစီးပွားအတွက် အသုံးချမှုတွေရှိခဲ့တာကိုလည်း ဝေဖန်ထောက်ပြကြပါတယ်။ အချို့အသင်းအဖွဲ့များဟာ လုပ်ငန်းလည်ပတ်ရေးကို အထောက်အကူမပြု အဟန့်အတားဖြစ်နေတယ်လို့လည်း သိရှိရပါတယ်။

ဘေးကလေ့လာသူတစ်ယောက်အနေနဲ့ ပြောရရင် စီးပွားရေးလုပ်ငန်းတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ဒီလောက်စုံစုံလင်လင် မကြာဖူးပါဘူး။ အသင်းအဖွဲ့ပေါင်းစုံက တင်ပြချင်တာတွေများ၊ အချိန်အကန့်အသတ်ကလည်း ရှိနေလေတော့ ဒီလိုပွဲတွေ ထပ်လုပ်ဖို့ နယ်တွေကိုလာရောက်ကြဖို့ ဖိတ်ခေါ်တာကို တွေ့ရပါတယ်။ အချို့လုပ်ငန်းရှင်တွေအနေနဲ့ ထိထိမိမိတင်ပြနိုင်ဖို့ လိုအပ်နေပါသေးတယ်။ အစိုးရကို တင်ပြတောင်းဆိုကြတာတွေရှိရာမှာ ပေးနိုင်စွမ်းရှိမရှိ စွမ်းရည်တောင့်တင်းမှုရှိမရှိ စဉ်းစားစရာဖြစ်ပါတယ်။ ဌာနတွေရဲ့ တာဝန်တွေ လုပ်ပိုင်ခွင့်တွေကိုလည်း ပြန်လည်သတ်မှတ်ဖို့ လိုပါတယ်။

အစိုးရကလုပ်ပေးရမယ့် ကိစ္စတွေရှိသလို ကိုယ်တိုင်တာဝန်ယူ ဆောင်ရွက်နိုင်တာတွေ ဆောင်ရွက်စရာတွေ အများကြီးရှိပါသေးတယ်။ ဥပမာ နည်းပညာနဲ့ ပတ်သက်ရင် ပုဂ္ဂလိက နယ်ပယ်က ရှေ့တန်းရောက်နေတာတွေ အများကြီးရှိပါတယ်။

ဒါကြောင့် ဘယ်အပိုင်းက အစိုးရ၊ ဘယ်အပိုင်းက အသင်းအဖွဲ့၊ ဘယ်အပိုင်းကိုတော့ ပုဂ္ဂလိကတာဝန်ယူကြမယ်၊ ဘယ်လိုပေါင်းစည်းကြမယ်ဆိုတာတွေ မူဝါဒရှင်းရှင်းလင်းလင်း ချမှတ်ဖို့ လိုအပ်ပါတယ်။

■

## ခတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ် ဒီဇယ်၊ ခတ်ဆီ စုစုပေါင်းတန်ချိန် ၉၀၀ နီးပါးဝင်

ဇွန် ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၁၈၇၄၉၃၇၄ တန်ဖိုးရှိ ဒီဇယ်၅၁၅ ဒသမ ၂၂၈ တန်နဲ့ ကန်ဒေါ်လာ ၁၆၅၁၆၄၆၆ တန်ဖိုးရှိ ခတ်ဆီ ၃၄၆ ဒသမ ၂၄၂ တန်၊ စုစုပေါင်းခတ်ဆီ၊ ဒီဇယ် ၈၆၁ ဒသမ၄၇၀ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် 92, 95 ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်အဝင်မှာ တန်ချိန်၁၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် ၃၄၀ ကျော်ပိုမိုတင်သွင်းခဲ့သလို ယခင်သီတင်းပတ် ခတ်ဆီအဝင်မှာ တန်ချိန် ၄၀ ကျော်သာရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန်၃၀၀ ကျော် ပိုမို တင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ခတ်ဆီရောဒီဇယ်ပါ အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်စခန်းမှ ကန်ဒေါ်လာ ၁၉၁၆၃၃ တန်ဖိုးရှိခတ်ဆီ ၃၅၀ တန်နဲ့ ကန်ဒေါ်လာ၃၁၂၁၁၂ တန်ဖိုးရှိ ဒီဇယ်၆၄၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ မြိတ်စခန်းမှ ကန်ဒေါ်လာ ၅၃၃၄၂၅ တန်ဖိုးရှိ ဒီဇယ်တန်ချိန် ၁၁၁၀နဲ့ မြဝတီစခန်းမှ ကန်ဒေါ်လာ ၄၉၅၂၆ တန်ဖိုးရှိ ဒီဇယ် ၉၈ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ခတ်ဆီ၊ ဒီဇယ်ဈေး များကတောင်ကြီးမှာဈေးငြိမ်နေပြီး မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ဒီဇယ်၊ ခတ်ဆီ ပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့်နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ခတ်ဆီဈေး အနည်းငယ်ကျလာပြီး ဒီဇယ်ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း (92)၊အောက်တိန်း (95)မှာ ဈေးငြိမ်နေပြီး ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်ဈေးနည်းနည်းတက်ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ ဈေးမှာ ဒီဇယ်၅၇၀ ကျပ်၊ အောက်တိန်း (92) ၅၇၀ ကျပ်၊ အောက်တိန်း (95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဇွန်၂၇ ရက် ဒီဇယ်ဝယ်ဈေး ၁၁၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၃၀၀၀ ကျပ်ဈေးရှိခဲ့ပြီး တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီပီပါဈေးမှာ ဇွန် ၂၇ ရက်တွင် ဝယ်ဈေး ၁၂၄၀၀၀ကျပ်၊ ရောင်းဈေး ၁၂၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၂၈ ရက်မှာ ဝယ်ဈေး ၂၀၀၀ ကျပ်၊ ရောင်းဈေး ၃၀၀၀ ကျပ်ဈေးကျလာခဲ့ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာ ဒီဇယ်ရော ခတ်ဆီပါ တစ်ဂါလန် ၃၀၀၀-၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ တစ်လီတာ၆၇၀ ကျပ်၊ ဒီဇယ် ၆၀၀ ကျပ်၊အဆင့်မြင့်ဒီဇယ် ၆၄၅ကျပ်၊ အောက်တိန်း (92) ၆၄၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇွန် ၂၇ ရက်ဒီဇယ် ဝယ်ဈေး ၁၁၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီဈေးမှာ ဇွန် ၂၇ ရက်တွင် ဝယ်ဈေး ၁၂၅၀၀၀ကျပ်၊ ရောင်းဈေး ၁၂၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၆၀၀ ကျပ်၊ ခတ်ဆီ ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများက ခတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၆၀၀ကျပ်၊ အောက်တိန်း ၂၆၀၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၇၀၀ကျပ်၊ အောက်တိန်းတစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 27 - June | 17.76 | 2045.12 | 1637.36 | 4783.30 | 990.00 |
| 28 - June | 17.64 | 2060.13 | 1620.86 | 4832.58 | 976.00 |
| 29 - June | 18.23 | 2110.75 | 1643.26 | 4854.30 | 989.00 |
| 30 - June | 18.34 | 2134.50 | 1649.68 | 4902.69 | 1008.00 |
| 1 - July | 19.16 | 2156.23 | 1669.47 | 4908.96 | 1030.00 |

Source:kitco.com

# ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်ကျဆင်း

ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်း က ကျဆင်းခဲ့သည့်ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်ကျဆင်းခဲ့ခြင်းဖြစ်သည်။

အီးယူမှ ဗြိတိန်နုတ်ထွက်မှုဂယက်ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ငွေလဲနှုန်းများ ကျဆင်းခဲ့ခြင်းကြောင့် မြန်မာနိုင်ငံတွင်လည်း ငွေလဲနှုန်းများ ဆက်လက်ကျဆင်းရခြင်းဖြစ်သည်ဟုဆိုသည်။ ထို့ပြင် ဈေးကွက်အတွင်းတွင် ပြန်လည်ရောင်းချသူများ များပြားလာခြင်းကြောင့်လည်း ဈေးကျရခြင်းဖြစ်သည်ဟု ဆိုသည်။

"ဈေးကွက်ထဲမှာ ဒေါ်လာဈေးတွေ ထပ်ပြီးကျလိမ့်မယ်ဆိုတဲ့ သတင်းရယ်၊ Brexit ဂယက်က မြန်မာနိုင်ငံကိုလည်း အနည်းနဲ့အများ ရိုက်ခတ်မှုရှိပါတယ်။ ဒေါ်လာကို ကိုင်ထားတဲ့သူတွေက ရွှေဈေးတက်တော့မယ်ဆိုတာကိုမြင်တဲ့အတွက် ရွှေဘက်ကို လှည့်ကုန်ကြတော့ ဒီဘက်မှာအရောင်းပိုများလာတယ်။ ပြီးခဲ့တဲ့တစ်ပတ်ကလည်း ငါးကျပ်လောက်ကျသွားသလို ဒီတစ်ပတ်မှာလည်း ငါးကျပ်လောက်ကျသွားတယ်"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ဆိုသည်။

ငွေလဲစင်တာများတွင် ဇွန် ၂၇ ရက်က ရောင်းဈေး ၁၁၈၃ ကျပ်၊ ဝယ်ဈေး ၁၁၇၉ ကျပ်ရှိခဲ့သော်လည်း ဇွန် ၃၀ ရက်တွင် ရောင်းဈေး ၁၁၇၈ကျပ်၊ ဝယ်ဈေး ၁၁၇၅ကျပ်ရှိခဲ့သည်။ ဇူလိုင် ၁ ရက်တွင် ရောင်းဈေး ၁၁၇၄ကျပ်၊ ဝယ်ဈေး ၁၁၇၈ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသည်။

**မယ်သီတာ**

# ပြည်တွင်းရွှေဈေး ကျပ်ရှစ်သိန်းကျော်သို့ စံချိန်တင်ရောက်ရှိ

ပြီးခဲ့သည့် ဇွန် ၂၄ရက် ညနေပိုင်းကတည်းက ရုတ်ခြည်းမြင့်တက်ခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်လျက်ရှိ ရာ ကျပ် ၈၂၂၀၀၀ သို့ ရောက်ရှိနေပြီဖြစ်ကြောင်းသိရသည်။ ဥရောပသမဂ္ဂအဖွဲ့မှ ဗြိတိန်နုတ်ထွက်ပြီးနောက်ပိုင်း ကမ္ဘာ့ရွှေဈေးများ မြင့်တက်သွားခဲ့သဖြင့် ပြည်တွင်းရွှေဈေးများလည်း မြင့်တက်ခဲ့ရခြင်းဖြစ်သည်။

Brexit ဂယက်ကြောင့် ဈေးကွက်တွင် ခိုင်မာမှုရှိသည့်ရွှေကို ပိုမိုဝယ်ယူစုဆောင်းလာခဲ့ကြသဖြင့် ကမ္ဘာ့ရွှေဈေးများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ယူရို၊ ပေါင်နှင့်စတော့တို့အပေါ်တွင် ယုံကြည်မှုမရှိတော့သဖြင့် ရွှေဘက်ကို အာရုံကျလာခြင်းဖြစ်သည်ဟုဆိုသည်။

"ရွှေဈေးတက်လာတာကတော့ ကမ္ဘာ့ရွှေဈေးမြင့်တက်လာလို့ပါ။ ဈေးကွက်ရဲ့ သဘောအရ ဈေးကွက်မှာခိုင်မာမှုရှိတဲ့ရွှေကို ပိုမိုဝယ်ယူလာကြတဲ့အတွက် ဈေးမြင့်တက်လာရတာပါ။ ပြည်တွင်းဈေးကွက်မှာလည်း ဈေးမြင့်တက်မယ်လို့ယုံကြည်ထားကြတဲ့သူတွေက ရွှေကို ဝယ်ယူလာကြတဲ့အတွက် ပြည်တွင်းရွှေဈေးပါ လိုက်ပါမြင့်တက်ရတာဖြစ်ပါတယ်"ဟု ရွှေကုန်သည်ဦးစံမြင့်က ဆိုသည်။

ကမ္ဘာ့စီးပွားရေး သတင်းအချက်အလက်များအရ ရွှေဈေးနှုန်းသည် ဆက်လက်မြင့်တက်ရန်ရှိနေရာအခါက် ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၉ သိန်းအထိ ရောက်ရှိနိုင်သည်ဟု ပြည်တွင်းရွှေလုပ်ငန်းရှင်တချို့က ခန့်မှန်းထားသည်ဟုဆိုသည်။

ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် ပြည်တွင်းရွှေဈေး လိုက်လံမြင့်တက်နေသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်အခြေအနေမှာ မိုးတွင်းကာလရောက်နေသည့်အတွက်ကြောင့် လည်းကောင်း၊ ပြည်တွင်းရွှေဈေးမြင့်ခြင်းကြောင့်လည်းကောင်း အရောင်းအဝယ်နည်းပါးနေကြောင်း သိရှိရသည်။

ပြည်တွင်းရွှေဈေးသည် ဇွန် ၂၇ရက်က ကျပ် ၈၁၉၅၀၀ ရှိပြီး ဇူလိုင် ၁ ရက်တွင် ကျပ် ၈၂၂၀၀၀ သို့မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ဇွန် ၂၇ရက်တွင် ၁၃၂၅ ဒေါ်လာရှိခဲ့ပြီး ဇူလိုင် ၁ ရက်တွင် ၁၃၂၇ ဒေါ်လာသို့မြင့်တက်ခဲ့သည်။

**မယ်သီတာ**

# ပြည်တွင်းစတော့ရှယ်ယာဈေးများ ကျဆင်းပြီးမှ ပြန်လည်မြင့်တက်

ယခုတစ်ပတ်အတွင်း အစုရှယ်ယာဈေးနှုန်းများသည် ကျဆင်းခဲ့ပြီးမှ ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရသည်။

Brexit ဂယက်ကြောင့် ပြည်တွင်းစတော့ရှယ်ယာဈေးများ လိုက်ပါကျဆင်းခဲ့သော်လည်း ဈေးကျဆင်းမှုကြောင့် အဝယ်ပြန်လိုက်လာခဲ့သဖြင့် ဈေးပြန်လည် မြင့်တက်လာရခြင်းဖြစ်သည်ဟု ဆိုသည်။

"စတော့ဈေးကွက်ကတော့ ဒီလိုပါပဲ။ အတက်အကျက အမြဲလိုလိုရှိတတ်ပါတယ်။ အတက်အကျ မမြန်ဖို့နဲ့ မများဖို့ပဲလိုပါတယ်။ ဒီတစ်ပတ်ထဲမှာလည်း ဈေးကျသွားတယ်ဆိုတာက ကမ္ဘာ့စတော့ဈေးကွက်မှာ ဈေးကျဆင်းမယ်ဆိုတဲ့သတင်းကြောင့် ဒီမှာလည်း ဈေးလိုက်ပါ ကျဆင်းရတာပါ။ ဒါပေမယ့်လည်း ဈေးကျသွားတဲ့တွက် ပြန်ပြီး အဝယ်လိုက်လာတော့ သူ့ရဲ့မူလဈေးကို ပြန်ရောက်သွားပါတယ်"ဟု စတော့ဈေးကွက် ကျွမ်းကျင်သူတစ်ဦးက ပြောသည်။

ဇွန်လ ၂၇ ရက်က FMI ရှယ်ယာဈေးနှုန်းသည် ကျပ် ၂၄၀၀၀ ရှိခဲ့သော်လည်း ဇွန် ၂၈ ရက်တွင် ကျပ် ၂၀၀၀၀ သို့ ကျဆင်းသွားခဲ့သည်။ သို့သော် ဇွန် ၃၀ ရက်နှင့်ဇူလိုင် ၁ ရက်တို့တွင် ဈေးပြန်လည်မြင့်တက်ခဲ့ကာ ကျပ် ၂၂၀၀၀ သို့ ရောက်ရှိခဲ့သည်။

MTSH ရှယ်ယာဈေးနှုန်းများသည် ဇွန် ၂၇ ရက်က ကျပ် ၅၀၀၀၀ ရှိခဲ့သော်လည်း ဇွန် ၂၈ရက်ညနေပိုင်းတွင်ကျပ် ၄၇၀၀၀သို့ ကျဆင်းသွားခဲ့သည်။ သို့သော် ဇူလိုင် ၁ရက်တွင်ကျပ် ၅၀၀၀၀ သို့ ပြန်လည်ရောက်ရှိခဲ့သည်။

## Currency Exchange Rate

July 1, 2016

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.34 |
| BDT Bangladesh Taka | 78.67 |
| CAD Canada Dollars | 1.30 |
| CNY China Yuan Renminbi | 6.66 |
| EUR Euro | 0.90 |
| H KDHong Kong Dollars | 7.75 |
| I NR India Rupees | 67.44 |
| I DR Indonesia Rupiahs | 13156.85 |
| JPY Japan Yen | 102.78 |
| MYR Malaysia | 3.99 |
| PKR Pakistan Rupees | 104.71 |
| PHP Philippines Pesos | 47.02 |
| RUB Russia Rubles | 63.99 |
| SGD Singapore Dollars | 1.35 |
| KRW South Korea Won | 1145.73 |
| LKR Sri Lanka Rupe | 146.08 |
| THB Thailand Baht | 35.10 |
| GBP United Kingdom Pounds | 0.75 |
| VND VietnamDon | 22301.52 |

*Source : xe.com*

## World Gold Price

June-July, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 27 | 1323 | 1323 | 1323 |
| 28 | 1311 | 1314 | 1314 |
| 29 | 1318 | 1318 | 1320 |
| 30 | 1310 | 1311 | 1313 |
| 1 | 1328 | 1330 | 1330 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 27-6- 2016 | 819.50 | 819.80 |
| 28-6- 2016 | 819.00 | 819. 50 |
| 29- 6-2016 | 821.00 | 821.50 |
| 30-6- 2016 | 819.50 | 819.30 |
| 1 -7- 2016 | 820.50 | 820.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 27 | 6 .64 | 35.30 | 77.97 | 67.84 |
| 28 | 6. 65 | 35.31 | 78.44 | 67.89 |
| 29 | 6 65 | 35.23 | 78.44 | 67.76 |
| 30 | 6 .65 | 35.21 | 78.44 | 67.68 |
| 1 | 6.66 | 35.10 | 78.67 | 67.45 |

## Energy NYMEX 1-7-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 48.62 | 0.29 | 0.60 |
| Brent Crude Futr (USD/bbl) | 50.03 | 0.32 | 0.64 |
| Gasoline Rbob Fut (Cent/gal) | 150.45 | 0.32 | 0.21 |
| Natural Gas Futr (USD/MMBtu) | 2.94 | 0.02 | 0.58 |
| Heating Oil Futr (Cent/gal) | 149.59 | 0.72 | 0.48 |

Vol: 16, No.24 Monday July 4 2016

## ဘီလပ်မြေ

### ဘီလပ်မြေတန်ချိန် လေးသောင်းခြောက်ထောင်ကျော်တင်သွင်း

ဇွန် ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၈၆၁၉၆၀ တန်ဖိုးရှိ ဘီလပ်မြေ ၄၆၁၃၁ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဆင်၊ စိန်နဲ့ အခြားတံဆိပ်များကို တရုတ်နိုင်ငံမှ ၅၆တန်နဲ့ ထိုင်းနိုင်ငံမှ ၄၆၀၇၅ တန် တင်သွင်းခဲ့ပါတယ်။ ယခင် သီတင်းပတ် ဘီလပ်မြေအဝင်မှာ တန်ချိန် ၃၁၂၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၄၈၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ဘီလပ်မြေဈေးကွက် မိုးများပေမယ့် အရောင်းအဝယ်ဖြစ်နေ

ဇွန်၁၉ ရက်မှ၂၅ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘီလပ်မြေအဝင်မှာ ၄၆၁၃၁ တန်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘီလပ်မြေအဝင်မှာ ၃၁၂၅၇ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၈၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘီလပ်မြေအဝင်မှာ ၁၃၈၁၂ တန်ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ် အဝင်မှာတန်ချိန် ၁၀၆၆၈ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၁၄၃ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ ရောနယ်စပ်လမ်းမှ ပါ ဘီလပ်မြေအဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘီလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ် ပုံမှန်ဖြစ်ပေမယ့် ဈေးငြိမ်နေတယ်လို့ ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၅၆၀၀ကျပ်၊ စိန်(ထိုင်း) ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင်(နီ)၅၃၀၀ ကျပ်၊ ကြံ့နှစ်ကောင်(စိမ်း) ၅၀၀၀ ကျပ်နဲ့ ပွဲရုံ အထိုင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ လက်လီဈေးများအနေနဲ့ ဆင်(ထိုင်း) ၆၁၀၀ ကျပ်၊ စိန်(ထိုင်း) ၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘီလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ၇၅၀၀ ကျပ်၊ ဆင်(ထိုင်း) ၇၅၀၀ ကျပ်၊ အေသုံးလုံး ၅၂၀၀ ကျပ်၊အပါချီ ၄၉၀၀ ကျပ်၊ ကမ္ဘောဇ ၄၈၀၀ ကျပ်၊ နဂါး ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အနောက်မြို့ပတ်လမ်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘီလပ်မြေက အရောင်းအဝယ် ပုံမှန်ရှိပေမယ့် ဈေးငြိမ်နေသေးတယ်လို့ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောခဲ့ပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၇၃၀၀ ကျပ်၊စိန်(ထိုင်း) ၇၂၀၀ ကျပ်၊ အေသုံးလုံး ၅၀၀၀ ကျပ်၊ မြန်မာဆင် ၄၆၀၀ ကျပ်၊ ဆင်မင်း ၄၅၀၀ ကျပ်၊ ကျားခေါင်း ၄၅၀၀ ကျပ်၊ မြင်းခေါင်း၄၅၀၀ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဘီလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။



သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

### ယခင်တစ်ပတ်ထက် တန်ချိန်ထက်ဝက်ကျော်အဝင်လျော့

ဇွန် ၁၉ ရက်မှ ၂၅ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၅၃၄၃၀၇ တန်ဖိုးရှိ မြေဩဇာ ၇၆၃၀ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှု လမ်းမှ တင်သွင်းခဲ့ပါတယ်။ဒီတစ်ပတ် တရုတ်နိုင်ငံမှ တန်ချိန် ၃၅၂၀၊ ဂျပန်နိုင်ငံမှ တန်ချိန် ၃၂၀၊ မလေးရှားမှ တန်ချိန် ၂၀၀၊ စင်ကာပူမှ တန်ချိန် ၇၁၀၊ ထိုင်းနိုင်ငံမှ ၂၀၄၄ ဒသမ ၅၀ တန်နဲ့ ဗီယက်နမ်မှ ၈၃၆ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ကယ်လ်ဆီယမ်၊ အမိုးနီးယမ်းဆာလဖိတ်၊ ကယ်လ်ဆီယမ်ဆီလီကာနဲ့ အခြားအမျိုးအစားများ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်မြေဩဇာအဝင်မှာ တန်ချိန် ၁၅၀၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် အဝင်နဲ့ယှဉ်ရင် တန်ချိန် ထက်ဝက်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းနည်းနည်းတက်

ဇွန် ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၇၆၃၀ တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်မှာ ၁၅၂၀၈ တန်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၇၅၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာအဝင်မှာ ၂၁၇၅၄ တန်ကျော် ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ ၂၁၃၈၃ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၃၇၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက အရောင်းအေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မိုးကောင်းနေတာကြောင့် မြေဆီအသုံးနည်းလာတယ်။ ဒါကြောင့်လည်း အရောင်းပါးလာတယ်။ ဒီတစ်ပတ်ကွန်ပေါင်း (ပန်းရောင်) က ဈေးနည်းနည်းမြင့်ခဲ့ပြီး ကျန်မြေဩဇာများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၃၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၅၆၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ ပတ်လည် (ထိုင်း) ၂၉၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၁၀၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ် အေးနေပေမယ့် ဈေးအတက်အကျ အနည်းငယ်တော့ရှိတယ်လို့ သိရပါတယ်။ ယူရီးယား က ၂၀၀ ကျပ်၊ သီးစုံ က ၁၀၀ ကျပ် ဈေးကျခဲ့ပြီး အောင်ကမ္ဘာက ၁၀၀ ကျပ်၊ တီစူပါက ၁၇၀၀ ကျပ်ဈေးမြင့်တက်ခဲ့ပြီး ကျန်မြေဩဇာများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၆၄၀၀ ကျပ်၊ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အစိမ်း) ၁၆၅၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၈၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၅၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၅၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)၁၉၈၀၀ ကျပ်၊ ယူရီးယား -ပုလဲ (ရွှေတောင်-တရုတ်) ၁၉၈၀၀ ကျပ်၊ ယူရီးယား ၁၇၈၀၀ ကျပ်၊ မြားကမ္ဘာ ၁၅း၇း၈ ၁၈၅၀၀ ကျပ်၊ တီစူပါ ၂၂၂၀၀ ကျပ်၊ သီးစုံ(ဝါစိမ်းပြာ) ၁၅၈၀၀ ကျပ်ဈေး ရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာများက အရောင်းအဝယ်အေးပြီး ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်မှာ တီစူပါပစ္စည်း ပြတ်နေတယ်လို့သိရပါတယ်။ ယူရီးယားက ကျပ် ၂၀၀ မှ ၃၀၀ ကျပ်အတွင်း၊ တီစူပါက ကျပ် ၁၀၀၀ ဈေးကျခဲ့ပြီး ကျန်မြေဩဇာများက ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ၂၂၀၀၀ ကျပ်၊ ယူရီးယား (ကမ္ဘာလုံး -တရုတ်) ၂၂၀၀၀ကျပ်၊ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၂၀၀၀ ကျပ်၊ တီစူပါ (သံကွင်း-တရုတ်) ၂၁၅၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း (နေရွက်လှေ-တရုတ်)၁၅း၁၅း၁၅ ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ ၃၁၉၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၇း၈ ၃၂၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေး ကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းအေးနေပြီး ပုလဲမြေဩဇာက အဝယ်နည်းနည်းလိုက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ(ကမ္ဘာလုံး-တရုတ်) ၁၉၇၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၁၉၇၀၀ ကျပ်၊ ယူရီးယား -ပုလဲ(ပန်းဖူး-တရုတ်) ၂၁၂၀၀ ကျပ်၊ တီစူပါ၂၀% ၁၂၆၀၀ ကျပ်၊ တီစူပါ ၁၅း၁၅း၁၅ (တရုတ်) ၃၇၀၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၆၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၄၅၀၀ကျပ်၊ ပိုးသတ်ဆေး၁၉၀၀ ကျပ်၊ ယူရီးယား (ယူအေအီး)၁၉၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နှံ့ဆီ/နှံ့မှုန့်

### နှံ့ဆီတန်ချိန် ၂၀၀ နီးပါးနဲ့ နှံ့မှုန့်တန်ချိန် ၃၀၀ နီးပါးဝင်

ဇွန် ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ၅၃၁၆၄၈ တန်ဖိုးရှိ နှံ့ဆီ ၁၉၅ ဒသမ ၆၁၆ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဩစတြေးလျမှ ၆၄ ဒသမ ၆၆၃တန်၊ မလေးရှားမှ ၅၃ ဒသမ ၂၈၉ တန်နဲ့ စင်ကာပူမှ ၇၇ ဒသမ ၆၆၄ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နှံ့ဆီအဝင်မှာ တန်ချိန် ၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၉၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ကန်ဒေါ်လာ ၉၆၄၃၄၃ တန်ဖိုးရှိ နှံ့မှုန့် ၂၈၈ဒသမ ၇၉၈ တန်ကို ဒီတစ်ပတ်မှာ တင်သွင်းခဲ့ပါတယ်။ နယူးဇီလန်မှ ၁၅၂ ဒသမ ၈၀ တန်၊ မလေးရှားမှ ၂၇ ဒသမ ၅၈၇၊ စင်ကာပူမှ ၁၀၈ ဒသမ ၄၁၁ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ နယူးဇီလန်မှ အများဆုံးတင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် နှံ့မှုန့်အဝင်မှာ တန်ချိန် ၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန်၂၂၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ ကော့သောင်းစခန်းမှ ကန်ဒေါ်လာ၇၄၆၄၂ တန်ဖိုးရှိ နှံ့ဆီ ၇၇ ဒသမ ၇၉၃ တန်နဲ့ မြဝတီစခန်းမှ ကန်ဒေါ်လာ၁၃၇၇၅ တန်ဖိုးရှိ နှံ့ဆီ/နှံ့စိမ်း ၁၅ ဒသမ ၅၂၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘီလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၆ မှ ၂၄/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၆ မှ ၁၇/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၀၃.၈၀ | ၇၃၄.၅၀ | (+) | ၅၆၉.၃၀ |
| ၂။ | လွယ်ဂျယ် | ၄၇၈.၀၀ | ၆၁၁.၀၀ | (-) | ၁၃၃.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၀. ၀၀ | - | (+) | ၁၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၁၉၁၆.၀၀ | ၂၁၁၇.၀၀ | (-) | ၂၀၁.၀၀ |
| ၅။ | တာချီလိတ် | - | ၁၅၀၀.၀၀ | (-) | ၁၅၀၀. ၀၀ |
| ၆။ | မြဝတီ | ၆၃၄.၄၂ | ၇၇၁.၄၀ | (-) | ၁၃၆.၉၈ |
| ၇။ | ကော့သောင်း | ၆၃၂၀.၀၀ | ၄၆၀၀.၀၀ | (+) | ၁၇၂၀.၀၀ |
| ၈။ | မြိတ် | ၃၁၅၀.၀၀ | ၃၃၅.၀၀ | (+) | ၂၈၁၅.၀၀ |
| | စုစုပေါင်း | ၁၃၈၁၂.၂၂ | ၁၀၆၆၈.၉၀ | (+) | ၃၁၄၃.၃၂ |

မြင့်မြင့်မာ

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၆ မှ ၂၄/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၆ မှ ၁၇/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၈၁၆၄.၇၅၀ | ၁၇၂၂၆.၅၀၀ | (+) | ၉၃၈.၂၅ |
| ၂။ | လွယ်ဂျယ် | ၆၄၁.၂၀၀ | ၄၁၇.၂၅၀ | (+) | ၂၂၃.၉၅ |
| ၃။ | ချင်းရွှေဟော် | ၁၄၉၇.၅၀၀ | ၁၅၉၄.၅၀၀ | (-) | ၉၇.၀၀၀ |
| ၄။ | ကန်ပိုက်တီး | - | ၄၀၀. ၀၀၀ | (-) | ၄၀၀. ၀၀၀ |
| ၅။ | မြဝတီ | ၇၁၄.၆၅၀ | ၆၉၅.၂၁၀ | (+) | ၁၉.၄၄၀ |
| ၆။ | ကော့သောင်း | ၂၇၆.၀၀၀ | ၆၅.၀၀၀ | (+) | ၂၁၁.၀၀၀ |
| ၇။ | မြိတ် | ၁၆၀.၀၀၀ | ၃၈၅.၀၀၀ | (-) | ၂၂၅.၀၀၀ |
| ၈။ | ရိုဒ် | ၃၀၀.၀၀၀ | ၆၀၀.၀၀၀ | (-) | ၃၀၀.၀၀၀ |
| | စုစုပေါင်း | ၂၁၇၅၄.၁၀၀ | ၂၁၃၈၃.၄၆ | (+) | ၃၇၀.၆၄ |

ခင်မိုးသူ

## နှမ်း/မြေပဲ

### ချင်းရွှေဟော်မှ နှမ်း ပိုမိုတင်ပို့

ဇွန် ၁၈ ရက်မှ ၂၄ ရက်တာ သီတင်းပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးမှ နှမ်းဖြူ တန် ၂၄၀ ခွဲ၊ နှမ်းနက် ၇၃၃ တန်ကျော်နဲ့ နှမ်းညို ၄၇ တန်ခွဲကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇၆ သန်းဖိုးတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ချင်းရွှေဟော်စခန်းမှ နှမ်းဖြူ ၄၃၇ တန်နဲ့ နှမ်းနက် ၂၁၂ တန် ခွဲသာ တင်ပို့ခဲ့တာကြောင့် ချင်းရွှေဟော်မှ ယခုတစ်ပတ် နှမ်းတင်ပို့မှု ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်ကတော့ ယခင်တစ်ပတ်က နှမ်းနက် ၂၈ တန်တင်ပို့ခဲ့ပြီး ယခုတစ်ပတ် ၅ တန်ခွဲသာ တင်ပို့မှု ရှိပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နှမ်းဈေးတွေပြောင်းလဲမှု မရှိဘူးလို့လည်း သိရပါတယ်။ "နှမ်းသီးနှံဟာ မိုးမပြတ်ရွာပေးရင် ပိုကောင်းပါတယ်။ တောင်သူတွေက မိုးဦးမှာ နှမ်းရရင် စားသုံးဆီအတွက် ပူစရာမလိုသလို နောက်ပိုင်းမှာ စပါးရရင် ဝမ်းရေးအတွက် အဆင်ပြေတာကြောင့် တောင်သူတွေအနေနဲ့ နှမ်းနဲ့စပါးကို အဓိကထား စိုက်ပျိုးကြတာ" ဟု သာစည်မြို့နယ်မှ နှမ်းစိုက်တောင်သူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

### ပြည်ဈေးကွက်မှာ မြေပဲဆန်ဈေးကျပေမယ့် ဆီဈေးငြိမ်

ပြည်ဈေးကွက်သို့ မြေပဲဆန်အိတ်များကို ရခိုင်ပြည်နယ် နဲ့ ပုသိမ်မြို့ဘက်မှ တစ်နေ့လျှင်အိတ် ၅၀၀ ခန့် ဝင်ရောက်လာတာ တွေ့ရပါတယ်။ ရန်ကုန်ဘက်မှ အဝယ်ရှိနေပေမယ့် ဈေးမတက်ဘဲ ဆီဆန်ရောလုံးဆန်ပါ ဈေးကျနေတာတွေ့ရ ပါတယ်။ မြေပဲဆန်ဈေးကျနေပေမယ့် ဆီဈေးကတော့ ပုံမှန်ဖြစ်နေတာတွေ့ရပါတယ်။ မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၁၀၀၊ လုံးဆန်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၅၇၀ ဖြင့်တစ်နေ့လျှင် အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

### ပြည်ဈေးကွက်မှာ နှမ်းနီဈေးငြိမ်ပြီး နှမ်းနက်နှင့် စမုံနက်နှမ်းဈေးလှုပ်ခတ်

ယခုတစ်ပတ်တွင် ပြည်ဈေးကွက်၌ နှမ်းဈေး ဆက်လက်ကျဆင်းနေတာ တွေ့ရပါတယ်။ ဝယ်လက်ပျောက်ပြီး နှမ်းနက်(ရိုးရိုး)နဲ့ စမုံနက်နှမ်းဈေးကျနေပြီး ဆီစက်များက နှမ်းနီကိုအဝယ်ရှိသော်လည်း ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ နှမ်းအဝင်မရှိဘဲ လှောင်နှမ်းများကို ထုတ်၍ရောင်းချနေသဖြင့် တစ်နေ့လျှင် နှမ်းအိတ် ၁၀၀ ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ နှမ်းနီတစ်တင်းလျှင် ကျပ် ၂၃၀၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်ပြီး၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ကျပ် ၃၃၀၀၀ နှင့်ယခင်တစ်ပတ်ထက်စာလျှင် ကျပ် ၃၀၀၀ မြင့်လာပြီး၊ စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၄၆၇၀၀ ဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၆၃၀၀ ပြန်ကျလာတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

### ရောင်းလိုအားနဲ့ ဝယ်လိုအား အခြေအနေများ အားနည်းခြင်းနဲ့ ရင်းဂစ် တန်ဖိုးမြင့်တက်ခြင်းတို့ကြောင့် မလေးရှားစားအုန်းဆီဈေးနှုန်းကျဆင်း

ရောင်းလိုအားနဲ့ ဝယ်လိုအား အခြေအနေများ အားနည်းခြင်းနဲ့ ရင်းဂစ်တန်ဖိုးပိုမိုမြင့်တက်မှုတို့ကြောင့် ဇွန် ၂၉ ရက်မှာ မလေးရှား စားအုန်းဆီဈေးတွေက ခုနစ်လအတွင်း အနိမ့်ဆုံးနှုန်းကို ကျရောက်ခဲ့ကြောင်း ဘီရီကော်ဒါသတင်းမှာ ဖော်ပြပါတယ်။

စားအုန်းဆီဈေးနှုန်းတွေက ဇွန်လဆန်းကတည်းက စတင်ပြီး အကျဘက်ကို ဦးတည်လာခဲ့ရာ ရက်သတ္တ သုံးပတ်မြောက်အထိဆက်တိုက်ကျဆင်းခဲ့ပြီး ယခုနှစ် ဇွန်လအတွင်း ၉ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

လာမယ့်လတွေမှာ ရာသီအလိုက်ထုတ်လုပ်မှုမြင့်တက်လာလိမ့်မယ်လို့ ကုန်သည်တွေက ခန့်မှန်းထားတဲ့အတွက်ကြောင့် လည်းကောင်း၊ ရာမာဒါန်ဥပုသ်လမတိုင်မီ မေက စားအုန်းဆီပို့ကုန်များ အမြင့်ဆုံးရောက်ရှိခဲ့ပြီးနောက် ဇွန်မှာ ပြန်လည်ကျဆင်းခဲ့တဲ့အတွက် စားအုန်းဆီသိုလှောင် လက်ကျန်များ မြင့်တက်လာခဲ့သဖြင့်လည်းကောင်း စားအုန်းဆီဈေးက စံချိန်တင်ကျဆင်း ခဲ့ပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ စက်တင် ဘာအတွက် ချုပ်ဆိုတဲ့ စားအုန်းဆီ အခြေခံစံထားဈေးနှုန်းက ဈေးပိတ်ချိန်မှာ ၂ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၃၂၃ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၇၅ ) ရှိခဲ့ပါတယ်။ စောစောပိုင်းကမူ စာအုန်းဆီဈေးက ၂၃၁၇ ရင်းဂစ်အထိ ကျဆင်းခဲ့ရာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်နောက်ပိုင်း အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့ပါတယ်။ ဇွန် ၂၉ ရက်က ရောင်းချမှုပမာဏက ၂၅ တန်ရှိအတွဲ ၅၉၁၅၀ တွဲရှိခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်း တစ်ရက်ပျမ်းမျှရောင်းချခဲ့တဲ့ ပမာဏဖြစ်တဲ့အတွဲ ၄၄၆၀၀ ထက်ပိုမိုခဲ့တာကို တွေ့ရပါတယ်။

"ရင်းဂစ်တန်ဖိုးမြင့်တက်မှုနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ ရောင်းလိုအားနဲ့ ဝယ်လိုအားအခြေအနေတွေကြောင့် စားအုန်းဆီကြမ်းဈေးနှုန်းက ကျဆင်းခဲ့ပါတယ်။ ဒီအခြေအနေကို ပျက်ယွင်းသွားစေမယ့် အဖြစ်အပျက်တစ်စုံတစ်ရာဖြစ်ပေါ်မလာဘူးဆိုရင် စားအုန်းဆီဈေးက ဆက်လက်ကျဆင်းမှာ ဖြစ်ပါတယ်"လို့ ကွာလာလမ်ပူမှ ကုန်သည်တစ်ဦး က ပြောပါတယ်။

ဇွန် ၂၉ ရက်ညနေမှာ အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ်ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးက သုည ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၄ ဒသမ ၀၃၃၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးမြင့် တက်လာတဲ့အတွက် နိုင်ငံခြားငွေကို ရင်းဂစ်နဲ့ဖလှယ်ပြီး ဝယ်ရတဲ့စားအုန်းဆီ ဝယ်လက်တွေအတွက် စားအုန်းဆီဈေးက ပိုကြီးသွားနိုင်ပါတယ်။

ဇွန်အတွက် စားအုန်းဆီတင်ပို့မှုက မေတင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် ကျဆင်းခဲ့ပါတယ်။ အောက်တိုဘာမှာ ကျရောက်မယ့် ဒီပါဝါလီပွဲတော်မတိုင်မီအထိ ဈေးဆက်လက်ကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။ ဇွန် ၁ ရက်မှ ၂၅ ရက်အထိ မလေးရှား စားအုန်းဆီတင်ပို့မှုကို မေ ၁ ရက်မှ ၂၅ ရက်အထိ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့တာကို ကုန်စည်စစ်တမ်းကိန်းဂဏန်းတွေအရ သိရပါတယ်။

အခြားဟင်းရွက်ဆီဈေးကွက်ဖြစ်တဲ့ ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့ (Chicago Board of Trade) မှာ ဒီဇင်ဘာအတွက် ပဲပုပ်ဆီစာချုပ်ဈေးက သုည ဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင် (Dalian Commodity Exchange) မှာ စက်တင်ဘာအတွက် ပဲပုပ်ဆီဈေး က သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

ပဲပုပ်ဆီက စားအုန်းဆီနေရာမှာ အစားထိုးဝင်ရောက်နိုင်တဲ့အတွက် ပဲပုပ်ဆီဈေး ကျဆင်းမှုက စားအုန်းဆီဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁-၇-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၅၀ | ၁၆၅၀ | ▽ |
| ရန်ကုန် | ၅၄၀၀ | ၅၅၀၀ | △ | ၄၆၀၀ | ၄၆၀၀ | □ | ၁၅၀၀ | ၁၄၉၀ | ▽ |
| မန္တလေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၆၀၀ | ၁၅၇၀ | ▽ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၅၁၀၀ | ၅၀၀၀ | ▽ | ၁၆၀၀ | ၁၅၈၀ | ▽ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မုံရွာ | ၄၇၀၀ | ၄၅၀၀ | ▽ | ၃၅၀၀ | ၃၃၀၀ | ▽ | ၁၆၂၀ | ၁၆၂၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁-၇-၂၀၁၆ **US$/Ton**

| အမျိုးအစား | ဇွန်လတတိယပတ် | ဇွန်လစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၂၀.၀၀ | ၆၂၀.၅၀ | △ |
| **RBD P.Olein** | ၆၃၄.၀၀ | ၆၃၀.၀၀ | ▽ |
| **RBD P.Strarin** | ၅၉၆.၀၀ | ၆၀၈.၀၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁- ၇ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၁၉.၆၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၃၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၆၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၄၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၃.၅၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၉.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၇၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၅၁.၃၁ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁-၇-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၈၅ ဒေါ်လာနှင့် USD ဈေး ၁၁၇၉ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁-၇-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၁၇၉ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

Vol: 16, No.24 Monday July 4 2016

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဒေသတွင် ၂၀၁၅ခုနှစ် ဩဂုတ်လက ရေကြီးရေလျှံမှုများ မကြုံစဖူး ကြီးမားစွာ ဖြစ်ပေါ်ခဲ့ရခြင်းကြောင့် ကလေးမြို့နယ်အတွင်းရှိလယ်ယာမြေ နဲ့ အိုးအိမ်များပျက်စီးဆုံးရှုံးခဲ့ကြရပါတယ်။ ရေကြီးနစ်မြုပ်မှုကြောင့် လယ်ယာမြေပျက်စီးမှုများ ဖြစ်ပေါ်ပြီး မိုးစပါး ပြန်လည်စိုက်ပျိုးခြင်း မပြုနိုင်တဲ့ လယ်ယာမြေများကို ဆောင်းသီးနှံ စိုက်ပျိုးအောင်မြင်စေရန် အစိုးရအဖွဲ့ရဲ့ စီစဉ် ဆောင်ရွက်မှုနဲ့ ရေမျောကျန်ရှိခဲ့တဲ့ သစ်တုံးများ ကိုဖယ်ရှားပေးပြီး တောင်သူများအတွက် ထွန်ယက်ပေးခဲ့ကြောင်း၊ ရွာသစ်ဖော်ထုတ်ခြင်းနဲ့ နေအိမ်သစ်များ ဆောက်လုပ်ပေးခဲ့ကြောင်း သိရပါတယ်။ နိုင်ငံတော်မှ ပံ့ပိုးမှု၊ အလှူရှင်များနဲ့ လူမှုရေးအသင်းအဖွဲ့များရဲ့ ထောက်ပံ့ကူညီမှု၊ ဒေသခံများရဲ့ ဇွဲရှိရှိပူးပေါင်းဆောင်ရွက်မှုများနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရာ တစ်နှစ်မပြည့်ခင်မှာပဲ ပြန်လည်ဖွံ့ဖြိုးလာတာကို မြင်တွေ့ရပါတယ်။ ယခုအချိန်မှာ ပျက်စီးသွားတဲ့ တံတားလမ်းအချို့ကို ပြုပြင်လျက်ရှိနေသလို လမ်းဘေးအချို့ နေရာများမှာလည်း ရေမျောသစ်တုံး အပိုင်းများ တွေ့နေရကာ အချို့ရပ်ကွက်များမှာ ရေတိုက်စားခဲ့တဲ့ လမ်းများဖြစ်နေတာကလွဲလို့ ကလေး မြို့ပေါ်မှာတော့ ဈေးများ၊ ဆိုင်များ၊ ရုံး၊ ကျောင်းများဖြင့်စည်ကားလျက်ရှိနေပြီ ဖြစ်ပါတယ်။

# ရွှံ့နွံထဲက ရုန်းထ၍ ပြန်လည်ဖွံ့ဖြိုးလာသော ကလေးမြို့

|ရီလင်းထွင့် ( မုံရွာ )|



စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရတိုင်းရုံးစိုက်ရာ မုံရွာမြို့နဲ့ ကလေးမြို့တို့ရဲ့ လမ်းပန်း ဆက်သွယ်ရေးမှာ ကားလမ်းအနေနဲ့လည်း ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကာ နေ့ရောညပါ ပြေးဆွဲနေတဲ့ မော်တော်ယာဉ်လိုင်းများရှိပြီး လမ်းခရီးကြာမြင့်ချိန်ဟာ ၉ နာရီသာ ကြာမြင့် ပါတယ်။ ကလေးမြို့ရဲ့ ထူးခြားချက်ဖြစ်တဲ့ လေယာဉ်ကွင်းက မြို့လယ်မှာတည်ရှိပြီး လေကြောင်းအနေနဲ့လည်း ရန်ကုန်၊ မန္တလေး၊ မုံရွာကနေ ကလေး၊ ဟုမ္မလင်း၊ ခန္တီးအထိ သတ်မှတ်ရက်များမှာ သွားလာနိုင်ပါတယ်။ မိုင် ၄၃၀ ခန့် ရှည်လျားတဲ့ ချင်းတွင်းမြစ်ကြောင်း ရေလမ်းမှလည်း သွားလာနိုင်ကာ လမ်းတစ်လျှောက် သာယာလှပတဲ့ တောတောင်ရေမြေ သဘာဝအလှအပများကို ခံစားရမှာဖြစ်ပါတယ်။ ချင်းတွင်းမြစ်ကြောင်းအနေနဲ့ ဇန်နဝါရီလ ခန့်မှစပြီး မေလအထိ ရေကြောင်းတိမ်တဲ့အတွက်ကျန်လများမှာ သွားလာအသုံးပြုကြရာ ခရီးသည်များအပြင် ကုန်စည်သယ်ယူပို့ဆောင်ရေးအတွက်လည်း အရေးပါလှပါတယ်။

ကလေးမြို့နယ်ဟာ မြောက်ဘက်မှာ ခန္တီးခရိုင်၊ အရှေ့ဘက်မှာ ချင်းတွင်းမြစ်၊ တောင်ဘက်မှာ ယောနယ်၊ အနောက်ဘက်မှာ ချင်းတောင်နဲ့ အိန္ဒိယနိုင်ငံ မဏိပူရ်နယ်တို့ ဝန်းရံထားပါတယ်။ ကလေးမြို့ကနေ ၈၃ မိုင် သာကွာဝေးတဲ့ တမူးမြို့ဟာ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ အိန္ဒိယနိုင်ငံနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်း တည်ရှိရာ နယ်စပ် မြို့ ဖြစ်ပါတယ်။ တမူးနယ်စပ်စခန်းကနေ အိန္ဒိယ-မြန်မာ ပို့ကုန်သွင်းကုန် ဆောင်ရွက်ခြင်း အပြင် အိန္ဒိယ၊ တရုတ်၊ ထိုင်းနိုင်ငံ ကုန်ပစ္စည်းများကို Transist Trade (တဆင့်ခံကုန်သွယ်မှု) အဖြစ်ပြုလုပ်ပေးလျက်ရှိပါတယ်။

မြေပြန့်ဒေသကနေ ကလေးဒေသကို သွားရင် တောင်ပေါ်ဒေသ တက်ရသလို ကွေ့ဝိုက်တက်ရပေမယ့် ကလေး၊ တမူးဒေသ လမ်းပိုင်းကတော့ ကဘော်ချိုင့်ဝှမ်းလွင်ပြင် ဒေသဖြစ်ပါတယ်။ ဆန်စပါးနဲ့ ဒေသအခေါ် ချင်းပဲ၊ ပဲနီ၊ ပဲပုပ်၊ နေကြာများ စိုက်ပျိုးကြကာ ကျောက်မီးသွေး၊ ရေနံထွက်ရှိပြီး သစ်တောများလည်း ပေါ်ကြွယ်ဝပါတယ်။ ရက်ကန်း လုပ်ငန်းများကိုလည်း အောင်မြင်စွာ ဆောင်ရွက် ပြီး ပြည်တွင်းပြည်ပ တင်ပို့လျက်ရှိပါတယ်။

ဒေသတွင်းမှာ ဗမာ၊ ချင်း၊ ရှမ်း၊ ကဒူးလူမျိုးတို့နေထိုင်ကြကာ ပညာဆည်းပူးမှု လွယ်ကူစေရန် ကလေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နဲ့ ကွန်ပျူတာတက္ကသိုလ်တို့ ဖွင့်လှစ်သင်ကြားလျက်ရှိပါတယ်။ ချင်းတွင်း မြစ်ရိုး ဝဲ၊ယာတလျှောက်ရှိ မုဋ္ဌော ၉ ဆူ၊ ဂူ ၉ လုံး ကို အလောင်းစည်သူမင်း ပြုပြင်ခဲ့ပြီး၊ နရပတိစည်သူမင်းကြီး ထုလုပ်ကိုးကွယ်ခဲ့သော စကားလှဘုရား ၁၀ ဆူအနက် ကလေးမြို့နဲ့ မင်းကင်းမြို့တို့မှာ တစ်ဆူစီဖူးမြော်နိုင်ပါတယ်။ သူ့သမိုင်းနဲ့သူ ထင်ရှားကျော်ကြားတဲ့ ရှေးဟောင်းဘုရာစေတီပုထိုး များအနက် ထုံးကျောက်တောင်အနီး ထန်ဘုရားမှာ ဝက်ပါလိုဏ်၊ ကျောက်စက်ပန်းဆွဲများတွေ့နိုင်ပြီး၊ ရေနံကျောရှိသဖြင့် ရေနံတူးသူများ၊ ခရီးသွားများ စည်ကားလျက်ရှိပါတယ်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာပါက ကြီးမားကောင်းမွန်တဲ့ စီးပွားရေးအခွင့်အလမ်းကောင်းများရရှိခြင်း၊ အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခြင်း၊ သဘာဝသယံဇာတများနဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းထား နိုင်ခြင်း၊ မတူကွဲပြားတဲ့ ယဉ်ကျေးမှုများကို မျှဝေခံစားနိုင်ခြင်းတို့ကြောင့် ဒေသတစ်ခုအတွက် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးဖို့လည်း လိုအပ်လျက်ရှိပါတယ်။ ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်စားစွာလာရောက် လည်ပတ်လေ့ရှိတဲ့ ကလေးဒေသမှာလည်း ထူးခြားချက်များစွာရှိနေပါတယ်။

အများအားဖြင့် မြစ်များဟာ မြောက်မှ တောင်သို့ စီးဆင်းကြရာတောင်မှမြောက်သို့ ပြောင်းပြန်စီးဆင်းတဲ့ မြစ်သာမြစ်က ထင်ရှားလှပါတယ်။ မကွေးတိုင်းဒေသကြီး ယောဒေသမှ စီးဆင်းလာတဲ့ မြစ်သာမြစ်က ကလေး မြို့နယ်အတွင်း တောင်မှမြောက်သို့ စီးဆင်းလာကာ ချင်းတောင်မှ မြစ်ဖျားခံ၍ မြောက်မှ တောင်သို့ စီးဆင်းလာတဲ့ နေရဉ္စရာမြစ်နဲ့ ကလေးမြို့ မြောက်ဘက် ၃ မိုင်အကွာမှာ ပေါင်းဆုံပြီး ကလေးဝမြို့ အထိ အနောက်မှ အရှေ့သို့စီးဆင်း ကာ ချင်းတွင်းမြစ်အတွင်းသို့စီးဝင်ပါတယ်။ နေရဉ္စရာမြစ်အတွင်း မစုန်ဘဲ ဆန်နေတဲ့ ကျွန်းတုံးကြီးကို မြန်မာမှုလက်ရာ များဖြင့် လေးမျက်နှာ မတ်ရပ်ရုပ်ပွားတော်ထုလုပ်ပူဇော် ထားတဲ့ ရေဆန်ကျွန်းဘုရားကို အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမကြီးဘေး ကလေး-ကလေးဝ-တမူး တြိဂံလမ်းဆုံနေရာမှာ တည်ထားရာ သစ်သားထွင်းကနုတ် ပန်းများ၊ ပန်းတော့ပန်းတမော့လက်ရာများ သာသနိက အဆောက်အဦများကြောင့် ခရီးသွားများ လာရောက်ရာနေရာတစ်ခု ဖြစ်တာတွေ့ရပါတယ်။

အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီမျဉ်းက ကလေးမြို့ကိုဖြတ်သန်းသွားပြီး မြောက်လတ္တီတွဒ် ၂၃ ၁/၂ ဒီဂရီမျဉ်းက ကလေးမြို့နယ် မြောက်ပိုင်း ရာဇဂြိုလ်ရွာအနီးမှ ဖြတ်သန်းပါတယ်။ ဗုဒ္ဓစံရာ မဇ္ဈိမဒေသမှ ဆင်းသက်လာခဲ့တဲ့ ရာဇဂြိုလ်မြို့ဟောင်းမှာ အင်းဝခေတ်ကြွေး လက်ရာများ၊ စေတီများရှိသလို နေရဉ္စရာမြစ်ကို ပိတ်ပြီး တည်ဆောက်ထားတဲ့ ရာဇဂြိုလ်ဆည်ကြီးဟာ စိုက်ဧက ၈၀၀၀ခန့်ကို စိုက်ပျိုးရေပေးနိုင်ပြီး ရေအားလျှပ်စစ်ထုတ်လုပ်ရန် စီမံချက်နဲ့ တည်ဆောက်ထားကြောင်း သိရပါတယ်။

နိုင်ငံခြားသားများ စိတ်ဝင်စားဖွယ် ဖြစ်စေတဲ့ သမိုင်းအချက်တစ်ခုကတော့ ကလေးဒေသဟာ ဒုတိယကမ္ဘာစစ်အတွင်း အင်ဖာတိုက်ပွဲအပြီး ဂျပန်တပ်များဆုတ်ခွာ ပြီးတဲ့နောက် အင်္ဂလိပ်တပ်များ မြန်မာပြည်အတွင်း ပြန်ဝင်လာတဲ့ ကာလမှာ စစ်လမ်း ကြောင်းကျတဲ့ ချင်းတွင်းမြစ် အရှေ့ဘက်ကမ်း ကလေးဝမြို့အောက်နားရှိ ရွှေကျင်ရွာ၊ တမူးမြို့နယ် ထင်းဇင်ရွာ တစ်ဝိုက်တွင် စစ်လက်ကျန် တင့်ကားပျက် ယန္တရားပျက်များ ကျန်ရစ်ပြီး ရာဇဂြိုလ်ရွာ၊ နတ်ချောင်းရွာနဲ့ မြို့သာရွာဘက်မှာ လေယာဉ်ပျက်တစ်စီးစီကျန်ရစ်ခဲ့သည်ကို တွေ့ရပါတယ်။

သဘာဝဘေးဒဏ်ကြောင့် ယခင်နှစ်က လေးလခန့် ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးစခန်းဖွင့်လှစ်ထားခဲ့ရတဲ့ ကလေးမြို့သူ မြို့သားတွေဟာ သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ သတ္တိများဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံစီးပွားရေး တိုးတက်အောင် အထောက်အကူပြု ဆောင် ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။

## မန္တလေးဈေးကွက်သို့ အင်းတော်နှင်းသီးတင်ပို့

အင်းတော်မြို့နယ် ဒေသထွက်ကုန် နှင်းသီးများ မန္တလေးဈေးကွက်သို့ မှန်လုံ ကားကြီးများနဲ့ တင်ပို့နေတာတွေ့ရပါတယ်။ နှစ်စဉ် ဇွန်၊ ဇူလိုင်လမှာ လှိုင်လှိုင် ပေါ်တဲ့ အင်းတော်နှင်းသီးများကို နှင်းသီးကုန်သည်များ တစ်ရွာဝင်တစ်ရွာထွက်ဝယ်ယူပြီး ပိဿာငါးဆယ်ခန့် ကွမ်းခြင်းများဖြင့် တင်ပို့ကာ မန္တလေးပွဲရုံများသို့ တင်ပို့လျက်ရှိပါတယ်။ နှင်းသီးပေါက်ဈေးတစ်ပိဿာ တစ်ထောင်ကျပ်ရှိတဲ့အတွက် နှင်းသီးစိုက်မိသားစုများ ဝင်ငွေရနေတာတွေ့ရပါတယ်။

"အင်းတော်မြို့နယ်အနေအထားက လယ်ယာမြေပေါ်များပေမယ့် ဥယျာဉ်ခြံမြေ နည်းပါးတာတွေ့ရပါတယ်။ နှင်းသီးပင်များကို ဥယျာဉ်ခြံများမှာ စိုက်ပျိုးထားတာ မဟုတ်ဘဲ အိမ်ဝင်းများမှာ အရိပ်လည်းရ၊ ငွေလည်းရ ဆိုတဲ့သဘောမျိုးနဲ့ စိုက်ထားတာတွေ့ရပါတယ်။ ဆယ်နှစ်သား နှင်းသီးပင်တစ်ပင်ကို အသီးပိဿာချိန် ၅၀ နဲ့ အထက်ထွက်ပါတယ်။ အိမ်တိုင်းလိုလိုမှာ လေးပင် ငါးပင်အနည်းဆုံးရှိကြပါတယ်။ ကုန်သည်ကအပင်တက် အသီးခူးသူကိုငှားရပြီး အိမ်ရှင်လက်ငြိမ်းနဲ့ဝယ်တာပါ၊ နှင်းသီးစိုက်မိသားစုတိုင်း နှစ်သိန်းကျော် ဝင်ငွေရှိပါတယ်။ အင်းတော်နှင်းသီးက အလုံးလှအသားထူအချိုဓာတ်များလို့ ရောင်းပန်းလှတယ်။ မန္တလေးနှင်းသီးပွဲရုံကို တစ်ပိဿာ ကျပ် ၂၅၀၀ နဲ့ ရောင်းရလို့ ကုန်သည်များလည်း အကျိုးအမြတ်ရှိပါတယ်။ မနှစ်က ပိဿာချိန်နှစ်သောင်းကျော် ဝယ်ယူရောင်းချနိုင်ခဲ့ပါတယ်။ ဒီနှစ်လည်း အထွက်အားကောင်းလို့ မနှစ်ကထက်ပိုပြီး တင်ပို့နိုင်မယ်လို့" နှင်းသီးကုန်သည်တစ်ဦးက ဆိုပါတယ်။

ကြည်နိုင်ဦး-အင်းတော်



## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ဂူဂျရတ်ပြည်နယ် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးတိုးတက်ရေးအတွက် ရူပီးကုဋေနှစ်သိန်းရရှိမည်

အိန္ဒိယဗဟိုအစိုးရက လာမည့်သုံးနှစ်အတွင်း ဆိပ်ကမ်းနှင့်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂူဂျရတ်ပြည်နယ်သို့ ဘဏ္ဍာငွေရူပီးကုဋေနှစ်သိန်းအား ခွဲဝေချထားပေးလိမ့်မည်ဖြစ်ကြောင်း၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၊ အဝေးပြေးလမ်းမနဲ့ ရေကြောင်းတင်ပို့ရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး နီတင်ဂက်ကာရီက မေ ၃၀ ရက်မှာ ပြောကြားခဲ့ကြောင်း သိရပါသည်။

နီတင်ဂက်ကာရီသည် ဆမ်နတ်မြို့နှင့်ဘာနာဂါမြို့တို့ကို ဆက်သွယ်ပေးမည့် ၂၅၆ ကီလိုမီတာရှည်လျားသည့် လေးလမ်းသွားကားလမ်းမကြီး စတင်တည်ဆောက်မည့် အုတ်မြစ်ချအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ အဆိုပါလမ်းမကြီးအား National Highway Authority of India မှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ကုန်ကျစရိတ်ရူပီး ၄၈၇၆ ကုဋေကုန်ကျမည်ဖြစ်ကာ နှစ်နှစ်အတွင်း ပြီးစီးမည်ဟု မျှော်မှန်းထားကြောင်း သိရပါသည်။

၎င်းအခမ်းအနားတွင် နီတင်ဂက်ကာရီက စုစုပေါင်းလမ်းအရှည် ၆၇၅ ကီလိုမီတာရှိလမ်းမကြီး ခုနစ်ခုအား အမျိုးသားအဝေးပြေးလမ်းမကြီးများအဖြစ် ပြောင်းလဲဖော်ဆောင်ရန် ဗဟိုအစိုးရအနေဖြင့် စဉ်းစားလျက်ရှိကြောင်း၊ Devbhoomi Dwarka ခရိုင်အတွင်းရှိ Okha မြို့နှင့် Bet-Dwarka မြို့တို့ အကြား ဆက်သွယ်ပေးမည့် တံတား တစ်စင်းအား ကုန်ကျငွေရူပီး ကုဋေ ၄၉၀ ဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း၊ Somnath နှင့် Porbandar Dwarka ကမ်းရိုးတန်းမြို့များကို ဆက်သွယ်ပေးမည့် ကီလိုမီတာ ၂၁၀ ရှည်လျားသည့် ကမ်းရိုးတန်းအဝေးပြေးလမ်းနှင့်သက်ဆိုင်သည့် လုပ်ငန်းများကိုလည်း ယခုနှစ် ဩဂုတ်လ၌ စတင်လိမ့်မည်ဖြစ်ကြောင်း၊ Dholera SIR မြို့နှင့် Ahmedabad မြို့တို့ကို ဆက်သွယ်ထားသည့် လမ်းမကြီးကိုလည်း ခြောက်လမ်းသွားအဝေးပြေးလမ်းမကြီးအဖြစ် ပြောင်းလဲဆောင်ရွက်မည်ဟု ပြောကြားကြောင်း သိရပါသည်။

ဂူဂျရတ်ပြည်နယ်သည် လာမည့် ရွေးကောက်ပွဲ၌ ဝန်ကြီးချုပ် နရိန္ဒရာမိုးဒီ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်နယ်ဖြစ်ကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# CLMV နိုင်ငံများသို့ ထိုင်းနိုင်ငံက ပို့ကုန်တိုးမြှင့်မည်

ထိုင်းနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ယခုနှစ်အတွင်း ကျဆင်းခဲ့ပြီးနောက် CLMV နိုင်ငံများသို့ ၁၃ ဒသမ ၆ ရာခိုင်နှုန်း တိုးမြှင့်တင်ပို့နိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။ ဒေသတွင်း CLMV နိုင်ငံများနှင့်ထိုင်း နိုင်ငံတို့သည် ချိတ်ဆက်ဆောင်ရွက်ရန် လွယ်ကူခြင်း၊ ကမ္ဘာ့အချက်အခြာနေရာ ဖြစ်လာရန်ရှိ ခြင်း၊ ကမ္ဘာ့ခရီးသွားများ အာရုံစိုက်သည့်နေရာဖြစ်လာခြင်းတို့ ကြောင့် အာရှ တိုက်တွင် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရန်အလားအလာ အကောင်းဆုံးဒေသ သစ်တစ်ခုဖြစ်ကြောင်း ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Apiradi Tantraporn က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံမှ CLMV နိုင်ငံများသို့ တင်ပို့မှုသည် စုစုပေါင်းတင်ပို့မှု၏ ၁၀ ဒသမ ၄ ရာခိုင်နှုန်းရှိသဖြင့် အရေးပါ သော ကုန်သွယ်ဖက်နိုင်ငံများဖြစ်ကြပါသည်။ ယခုနှစ်အတွင်း CLMV နိုင်ငံ များသို့ စုစုပေါင်း တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၀၇ ဘီလီယံရရှိရန် ခန့်မှန်းထားကြောင်း တွေ့ရှိရပါသည်။

ကမ္ဘာ့စီးပွားရေးကျဆင်းမှုများ ရှိနေသော်လည်း CLMV နိုင်ငံများသည် ၎င်းတို့၏စီးပွားရေးကို တိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ ရှိရပြီး တစ်နှစ်လျှင် တစ်ဦးချင်းဝင်ငွေမှာ ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၉၂၇ ရှိပါ သည်။ CLMV လေးနိုင်ငံ၏ စုစုပေါင်း လူဦးရေမှာ ၁၉၄ သန်းရှိပြီး အများစုမှာ အလုပ်လုပ်နိုင်သည့် အသက်အရွယ်များ ဖြစ်ကြပါသည်။ ထို့ကြောင့်တစ်ဦး ချင်း၏ ဝယ်ယူနိုင်စွမ်းများလည်း မြင့်မားမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးမှ ထပ်လောင်းပြောကြား ခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ပဲတင်သွင်းမှုများအတွက် လေ့လာစုံစမ်းရန် မိုဇမ်ဘစ်နိုင်ငံသို့ အိန္ဒိယအစိုးရကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ

အိန္ဒိယနိုင်ငံတွင် နှစ်နှစ်ဆက်တိုက် မိုးခေါင်ရေရှားမှုဒဏ်ခံခဲ့ရသည့်အတွက် ပြည်တွင်းပဲထုတ်လုပ်မှုလျော့ကျခဲ့ပြီး၊ ပဲလိုအပ်မှုတန်ချိန်ခုနစ်သန်းဖြစ်ပေါ်လျက်ရှိရာ ပဲတစ်ကီလိုဈေးနှုန်းမှာ ရူပီး ၂၀၀ အထိမြင့်တက်လာခဲ့သည်။ ပဲဈေးနှုန်းမြင့်တက်မှုအရှိန် နှေးကွေးလာစေရန်အတွက်အစိုးရအချင်းချင်းညှိနှိုင်းသည့် G2G လမ်းကြောင်းကို အခြေခံ၍ ကာလတို၊ ကာလရှည်ဖြင့် ပဲများတင်သွင်းရေး လေ့လာစုံစမ်းရန် စားသုံးသူရေးရာဦးစီးဌာနအတွင်းဝန် ဖြစ်သူ Hem Pande ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့အား မိုဇမ်ဘစ်နိုင်ငံသို့ အိန္ဒိယအစိုးရမှ စေလွှတ်ခဲ့သည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဝန်ကြီးဌာနနှင့်နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း ဖြစ်သည့် MMTC Limited မှ အဆင့်မြင့်အရာရှိများလည်း ပါဝင်ကြောင်းသိရပါသည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် ပဲတင်သွင်းမှုကိစ္စရပ်များ ဆွေးနွေးရန်အတွက် မြန်မာနိုင်ငံသို့လည်းအခြား ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံနှင့်ဆွေးနွေးမှုများပြုလုပ်ခဲ့ရာ ပထမအဆင့်အနေဖြင့် ပဲစင်းငုံတန်ချိန် ၅၀၀၀၀၀ ခန့် တင်သွင်းရန် ကိစ္စရပ်များ ပါဝင်သည်ဟုဆိုသည်။ သို့ရာတွင် အိန္ဒိယသို့ ပဲတင်ပို့ရောင်းချခြင်းအား မြန်မာနိုင်ငံအနေဖြင့် အစိုးရပိုင်းမှတာဝန်ခံဆောင်ရွက်ရန်မှာ လုံလောက်သည့် အခြေခံအဆောက်အအုံများ မရှိသေးသည့်အတွက် စိုးရိမ်ပူပန်မှုများရှိသည်ဟုဆိုသည်။ မြန်မာနိုင်ငံတွင် အိန္ဒိယနိုင်ငံကဲ့သို့ ပြည်သူ့ရေးရာ ကုန်သွယ်မှု အေဂျင်စီများဖြစ်သည့် MMTC နှင့် STC ကဲ့သို့သော အစိုးရကိုယ်စားလှယ်အဖွဲ့ များဖွဲ့စည်းတည်ထောင်ထားရှိခြင်းမရှိသဖြင့် ယင်းအချက်အား စိုးရိမ်မိကြောင်း ပြောကြားခဲ့ကြသည်။

အိန္ဒိယနိုင်ငံသည် အာဖရိကတိုက်ရှိ မိုဇမ်ဘစ်နိုင်ငံအပြင် မာလာဝီကဲ့သို့သော အခြားနိုင်ငံများတွင်လည်း အိန္ဒိယနိုင်ငံ၏ဝယ်လိုအားပမာဏပြည့်မီရန် ပဲစိုက်ပျိုးမည့်လယ်မြေများ ငှားရမ်းစိုက်ပျိုးရန်အတွက် အခွင့်အလမ်းများရှာဖွေလျက်ရှိကြောင်း၊ ၂၀၁၅-၁၆ သီးနှံရာသီအတွင်း အိန္ဒိယနိုင်ငံ၏ပဲဝယ်လိုအားမှာ တန်ချိန် ၂၃ ဒသမ ၅ သန်းဖြစ်ပြီး၊ ပဲအထွက်နှုန်းမှာ တန်ချိန် ၁၇ ဒသမ ၀၆ သန်းခန့်သို့ ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# (၂၉) ကြိမ်မြောက် ဟောင်ကောင် ကျောက်မျက်ရတနာပြပွဲတွင် လာရောက်ကြည့်ရှုသူနည်းပါး

(၂၉) ကြိမ်မြောက် ဟောင်ကောင်ကျောက်မျက်ရတနာပြပွဲကို ဇွန်လ ၂၂ ရက်မှ ၂၆ ရက်နေ့အထိ ဟောင်ကောင်မြို့ Hong Kong Convention and Exhibition Centre တွင်ပြသခဲ့ရာ လာရောက်ကြည့်ရှုသူ နည်းပါးခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံအပါအဝင် အမေရိကန်၊ ဥရောပ၊ အာရှပစိဖိတ်သမုဒ္ဒရာကျွန်းစုမှနိုင်ငံများ၊ အာဖရိကနှင့်အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံပေါင်း ၄၁ နိုင်ငံကျော်မှ ကုမ္ပဏီများက ပြခန်းပေါင်း ၂၂၀၀ ကျော်လာရောက်ပြသခဲ့ကြကြောင်း သိရသည်။ မြန်မာနိုင်ငံမှလည်း ကုမ္ပဏီ ပေါင်း ၁၀ ခုလာရောက်ပြသခဲ့ကြသည်။

ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာမှ ကျောက်မျက်ရတနာကုမ္ပဏီများ ကွန်ရက်ချိတ်ဆက်မှုအတွက် ပြိုင်ဖက်မရှိအခွင့်အလမ်းများ ရရှိစေရန်၊ နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်ရာတွင် ပြပွဲမှတစ်ဆင့်လက်ရှိဈေးကွက်အခြေအနေများ နားလည်သိရှိစေရန်၊ ကမ္ဘာတစ်ဝန်းမှ အရေးပါသောဝယ်လက်များကို ဆွဲဆောင်နိုင်စေရန်နှင့် ပြည်ပကျောက်မျက်ရတနာပြပွဲများမှတစ်ဆင့် အဓိကအရေးပါသော လူထုဆက်သွယ်ရေးလမ်းကြောင်းများမှ အရောင်းမြှင့်တင်မှုအရှိန်မြှင့်တက်လာစေရန်အတွက်ဖြစ်သည်။ ပြပွဲမှဝယ်ယူသူများအတွက်သာမကပြပွဲခင်းကျင်းပြသသူအတွက်ပါ ဂုဏ်သတင်းကြီးမားခြင်း၊ ဝယ်လက်မိတ်များရှာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ရန် ရည်ရွယ် ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခုကျင်းပသော ဟောင်ကောင်ကျောက်မျက်ရတနာပြပွဲမှာ အာရှ၏ ထိပ်တန်းအရည်အသွေးမြင့် ကျောက်မျက်ရတနာပြပွဲသုံးပွဲအနက်တစ်ခုဖြစ်သည်။ ပြပွဲအား ကြီးမှူး ကျင်းပသော ကုမ္ပဏီမှာ စီးပွားရေးလုပ်ငန်း အချင်းချင်းချိတ်ဆက်ဆောင်ရွက်ပေးသော ကမ္ဘာ့ဦးဆောင်ဦးရွက်ပြု ကုမ္ပဏီတစ်ခုဖြစ်ပြီး ပြပွဲများကျင်းပခြင်းနှင့် ဈေးကွက်ရောင်းအားမြှင့်တင်ခြင်းစသော လုပ်ငန်းများကို လုပ်ကိုင်သော UBM ဖြစ်သည်။

မြန်မာနိုင်ငံမှ လာရောက်ပြသသော ကုမ္ပဏီများ၏ အခက်အခဲများအနေဖြင့် မြန်မာနိုင်ငံမှ တွင်းထွက်ကျောက်မျက်ရတနာများအား အလွတ်သယ်ဆောင်ခွင့်မပြုသည့်အတွက် ပြပွဲမတိုင်မီ တစ်လခန့်ကြိုတင်၍ ပန်းထိမ်အပ်ရကြောင်း၊ ဟောင်ကောင်မှဝယ်လက်များအနေဖြင့် မြန်မာနိုင်ငံမှ တွင်းထွက်ကိုမြတ်နိုးသော်လည်း လက်ဝတ်ရတနာအနေဖြင့် မြန်မာဒီဇိုင်းမှာ ဈေးကွက်မှလက်ခံနိုင်မှုနည်းပါးကြောင်း၊ တစ်ဖန်ပြပွဲမတိုင်မီ အထည်မှကျောက်များ ပြန်လည်ခွာထုတ်ရ၍ အချိန်ကုန်ပြီး ကျောက်များမှာလည်း အနာအဆာရှိခဲ့ကြောင်း ကုမ္ပဏီများ၏ ပြောကြားချက်အရ သိရှိခဲ့ရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ဇွန်လနှောင်းပိုင်း တရုတ်နိုင်ငံ ပေကျင်းမြို့တော်အတွင်း ဖြစ်ပေါ်လျက်ရှိသော ကုန်ပစ္စည်းဈေးနှုန်းများ

တရုတ်နိုင်ငံ ပေကျင်းမြို့တော်အတွင်း ဇွန်လ ၂၄ ရက်တွင် ဖြစ်ပေါ်နေတဲ့ အခြေခံစားကုန်နဲ့ စက်သုံးဆီဈေးနှုန်းများမှာ ဘာစမာတီ ဆန် တစ်ပြည်လျှင် ၇၂၇၇ ကျပ်၊ ဂျုံမှုန့်အဖြူအနု တစ်ပိဿာလျှင် ၁၉၆၀ ကျပ်၊ မြေပဲဆီတစ်ပိဿာလျှင် ၇၁၂၃ ကျပ်၊ နှမ်းဆီ တစ်ပိဿာလျှင် ၁၃၇၄၆ ကျပ်၊ ပုဇွန်(အကောင်ကြီး)တစ်ပိဿာ လျှင် ၂၉၇၀၂ ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ၅၀၀၃ ကျပ်၊ ကြက်သား (အကောင်လိုက်)(ဒေသမျိုး)တစ်ပိဿာလျှင် ၆၃၀၀ ကျပ်၊ ငရုတ်သီးခြောက် တစ်ပိဿာလျှင် ၁၀၅၉၅ ကျပ်၊ ကြက်သွန်ဖြူ(တရုတ်) တစ်ပိဿာလျှင် ၃၉၆၀ ကျပ်၊ ကြက်သွန်နီ(တရုတ်ဥကြီး) တစ်ပိဿာလျှင် ၁၂၆၀ ကျပ်၊ နို့ဆီ (Nestle)တစ်ဘူး ၂၅၂၀ ကျပ်၊ ကော်ဖီမစ် (Nestle) အသေး တစ်ထုပ်လျှင် ၁၃၅ ကျပ်၊ သကြား(တရုတ်) တစ်ပိဿာလျှင် ၄၅၀၀ ကျပ်၊ ဓါတ်ဆီ (89)တစ်လီတာလျှင် ၉၃၆ ကျပ်၊ အောက်တိန်း (92) တစ်လီတာ လျှင် ၁၀၀၈ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၉၃၆ ကျပ်တို့ ဖြစ်ပါတယ်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံးပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၄–၇–၂၀၁၆)

ဇော်ဝင်း

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းနဲ့ ပဲစင်းငုံနီ ဈေးအနည်းငယ်တက်သော်လည်း အရောင်းအဝယ်လည်း ဖြစ်နေ

ဒီတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းနဲ့ ပဲစင်းငုံနီဈေး အနည်းငယ် တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၅၀၀ ကျပ်ရှိခဲ့တဲ့ ပဲတီစိမ်းကြီးဟာ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၅၅၀ ကျပ် (တစ်တန်ကို ၉၄၉၂၀၄ ကျပ်) ဖြစ်ခဲ့ပြီး ရောင်းဝယ်မှုအနေနဲ့ အိတ် ၅၀၀ ဖြစ်တဲ့နေ့ရှိသလို အိတ် ၁၀၀၀ ဖြစ်တဲ့နေ့လည်းရှိတာကြောင့် အရောင်း အဝယ်လည်း ယခင်တစ်ပတ်ထက် တက်လာကြောင်း သိရပါတယ်။ ပဲစင်းငုံနီကိုတော့ ရန်ကုန်ဝယ်လက်က ယခင်တစ်ပတ်ထက်ဈေးမြှင့်ပြီး တစ်ပိဿာ ၂၄၄၀ ကျပ်၊ တစ်တန်ကို (၁၄၉၄၂၃၁ ကျပ်) နဲ့အဝယ်ဖွင့်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ကိုအိတ် ၃၀၀ ခန့်ရှိတာကြောင့် ဈေးအနည်းငယ်တက်သလို အရောင်းအဝယ်လည်း တက်လာကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီ ဈေးကျပြီး နှမ်းဖြူ ဈေးတက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေး ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်ကျခဲ့ပြီး တစ်ပိဿာကို ၂၃၄၀ကျပ် (တစ်တန်ကို ၁၄၃၂၉၉၂ကျပ် ) နဲ့ ရန်ကုန်ဝယ်လက်က အဝယ်ဖွင့်ခဲ့ပါတယ်။ တစ်ပတ်အတွင်းမှာ အိတ် ၄၀၀ ခန့်အရောင်းအဝယ်ဖြစ်တာမို့အရောင်း အဝယ်အေးနေကြောင်း သိရပါတယ်။ နှမ်းမျိုးစုံမှာ နှမ်းဖြူဈေး အနည်းငယ် တက်ပေမယ့် နှမ်းနက်ရိုးရိုး၊ နှမ်းနက်စမုံမှန်ဈေး အနည်းငယ်ကျခဲ့ပြီး နှမ်းနီဈေးက ယခင် တစ်ပတ်အတိုင်းဈေးငြိမ်နေကြောင်း သိရပါတယ်။ မန္တလေး ဝယ်လက်နဲ့ ဆီစက်များ က နှမ်းနီတစ်ပိဿာ ၁၉၁၀ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၂၀၇၀ကျပ်၊ နှမ်းနက်ရိုးရိုးတစ်ပိဿာ ၂၂၂၀ ကျပ်၊ နှမ်းနက်စမုံ တစ်ပိဿာ ၃၄၀၀ ကျပ် ဈေးဖွင့်အဝယ်ရှိခဲ့ပြီး တစ်ပတ်အတွင်း နှမ်းမျိုးစုံ အိတ် ၃၀၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီ ဈေးငြိမ်၊ နှမ်းမျိုးစုံဈေး အနည်းငယ်ကျ


အောင်လံဈေးကွက်မှာ ယခုတစ်ပတ် ပဲစင်းငုံနီဈေး ယခင်တစ်ပတ်အတိုင်း ဆက်လက်ရှိနေပြီး တစ်ပိဿာ ၂၄၅၀ ကျပ် ( တစ်တန်ကို ၁၅၀၀၃၅၅ ကျပ် ) နဲ့ ပြည်ပအတွက် ရန်ကုန်ဝယ်လက်တွေက အဝယ်ရှိခဲ့ပေမယ့် အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့ကိုအိတ် ၁၅၀ မှ ၂၀၀ ခန့်သာ အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကတော့ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျခဲ့ပြီး နှမ်းနီတစ်ပိဿာ ၁၉၁၀ ကျပ်၊ နှမ်းနက် တစ်ပိဿာ ၂၀၀၀ ကျပ်၊ သိပ္ပံနှမ်း တစ်ပိဿာ ၃၃၃၅ ကျပ် နဲ့ ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကို နှမ်းမျိုးစုံ အိတ် ၃၀၀ မှ ၄၅၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲဈေးငြိမ်၊ ပဲစင်းငုံနီဈေး အနည်းငယ် တက်ရိပ်ပြ

ဒီတစ်ပတ်ပြည်ဈေးကွက်မှာ မတ်ပဲဈေးက ယခင်တစ်ပတ်အတိုင်း ဆက်လက်ရှိနေပြီး ပဲစင်းငုံနီ ဈေးကတော့ အနည်းငယ် တက်ရိပ်ပြခဲ့ပါတယ်။ အိန္ဒိယအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က မတ်ပဲတစ်ပိဿာကို ၂၈၇၅ ကျပ်(တစ်တန်ကို ၁၇၆၀၆၂၁ ကျပ် ) နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးဖွင့်အဝယ် ရှိခဲ့ပြီး တစ်နေ့ကိုအိတ် ၄၀၀ မှ အိတ် ၅၀၀ အထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၄၀၀ ကျပ်သာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၄၅၀ ကျပ် (တစ်တန်ကို ၁၅၀၀၃၅၅ကျပ်) နဲ့ ဈေးဖွင့်အဝယ်ရှိခဲ့ပြီး လှောင်လက်တွေမှာ လက်ကျန်နည်းလာတာကြောင့် နှစ်ရက်၊ သုံးရက် ခန့်မှသာ အိတ် ၃၀၀ မှ ၄၀၀ ခန့် အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။

××××××××××××××××



## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေး အနည်းငယ်ကျ ပဲတီစိမ်းနဲ့ အစေ့ထုတ်ပြောင်း ဈေးငြိမ်

ယခုတစ်ပတ် ဟင်္သာတဈေးကွက်မှာ ပဲတီစိမ်းနဲ့ အစေ့ထုတ်ပြောင်းက ယခင်တစ်ပတ်အတိုင်း အပြောင်းအလဲမရှိ ဈေးငြိမ်နေပေမယ့် မတ်ပဲဈေးကတော့ ယခင်တစ်ပတ်ထက် အနည်းငယ်ကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၈၈၅ ကျပ်ရှိခဲ့တဲ့ မတ်ပဲကတော့ ဒီတစ်ပတ်မှာ တစ်ပိဿာ ၂၈၅၂ ကျပ် (တစ်တန်ကို ၁၇၄၆၅၃၆ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကို တန် ၁၀၀ ခန့် အရောင်းအဝယ် ပုံမှန်ရှိနေကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ၁၃၇၅ ကျပ် ( တစ်တန်ကို ၈၄၂၀၃၆ ကျပ် )နဲ့ ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကိုအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကလည်း ယခင်တစ်ပတ်အတိုင်း တစ်ပိဿာ ၄၃၅ ကျပ် ( တစ်တန်ကို ၂၆၆၃၈၉ ကျပ်) နဲ့ တစ်နေ့ကို အိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်း ပဲတီစိမ်း၊ မတ်ပဲ၊ အစေ့ထုတ်ပြောင်းတို့ကို ရန်ကုန် ဝယ်လက်မှ ဝယ်ယူကြောင်းလည်းသိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်တက်

ဒီတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေး တစ်ပိဿာ ၄၀၀ ကျပ်နဲ့ ဆက်တိုက်ဈေးငြိမ်နေရာက ဒီတစ်ပတ်မှာ တစ်ပိဿာ ၄၁၀ ကျပ်( တစ်တန် ၂၅၁၀၇၉ ကျပ် )နဲ့ ဈေးမြင့်အဝယ်ဖွင့်ခဲ့ကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်နဲ့ တိရစ္ဆာန် အစာစပ်စက်ရုံများမှ ဝယ်ယူခဲ့ပြီး တစ်ပတ်အတွင်း ပိဿာချိန် ၇၄၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ရောင်းဝယ်မှု ပိုမိုခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်အေး

ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးက ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိဘဲ တစ်ပိဿာ ၄၂၀ ကျပ် (တစ်တန်ကို ၂၅၇၂၀၃ကျပ် ) နဲ့ ရန်ကုန်ဝယ်လက်၊ တိရစ္ဆာန် အစာစပ်စက်ရုံများမှ ဈေးဖွင့်ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်ပတ်အတွင်း ပိဿာချိန် ၈၀၀၀၀ ခန့်သာ ရှိတာကြောင့် ယခင်တစ်ပတ်ထက် လျော့နည်းခဲ့ပြီး ပြောင်းသစ်ဝင်တော့မှာမို့ အဟောင်းများ အဝယ်တန့်နေကြောင်းလည်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအရောင်းအဝယ် ပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ယခင်တစ်ပတ်က ၅၀ ကီလို တစ်အိတ်ကို ၈၅ ယွမ်မှ ၈၉ ယွမ်အထိရှိခဲ့တဲ့ ပြောင်းဈေးက ဒီတစ်ပတ်မှာ ၅၀ ကီလိုတစ်အိတ်ကို ၈၃ ယွမ်မှ ၈၇ ယွမ် (တစ်တန်ကို ၁၆၆၀ ယွမ်မှ ၁၇၄၀ ယွမ် ) သာရှိတာကြောင့် ဈေးနှုန်းအနည်းငယ်ကျခဲ့ပါတယ်။ ပြောင်းအဝင်အနေနဲ့ ၇၇၀၀ တန်ရှိတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက အနည်းငယ် လျော့ခဲ့ပေမယ့် အရောင်းအဝယ်ပုံမှန်ရှိနေကြောင်း သိရပါ တယ်။

××××××××××××××××

## မန္တလေး ဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းဈေး တက်ရိပ်ပြသော်လည်း အရောင်းအဝယ်ပုံမှန်ရှိ

ဒီတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်း ဆက်လက်တက်ရိပ်ပြနေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၈၃၃ ကျပ်ရှိတဲ့ မတ်ပဲဈေးက ဒီတစ်ပတ်မှာ တစ်ပိဿာ ၂၈၅၀ကျပ်( တစ်တန်ကို ၁၇၄၅၃၁၁ ကျပ်) နဲ့ ရန်ကုန်ဝယ်လက်က ဈေးနှုန်းအမြင့်နဲ့ အဝယ်ဖွင့်ခဲ့ပါတယ်။ တစ်နေ့ကို မတ်ပဲအိတ် ၄၀၀ အရောင်းအဝယ် ပုံမှန်ရှိကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးက တစ်ပိဿာ ၁၇၂၄ ကျပ် ( တစ်တန်ကို ၁၀၅၅၇၆၀ ကျပ်) နဲ့ ယခင်တစ်ပတ်ထက် ဈေးမြင့်အဝယ်ဖွင့်ခဲ့ပြီး တစ်နေ့ကို အိတ် ၁၀၀၀ မှ ၂၀၀၀ ထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တရုတ်ဝယ်လက်က ဝယ်ယူနေကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်နဲ့ ဒေသတွင်း ပဲခွဲစက်တွေက ပုံမှန်အဝယ်ရှိနေတဲ့ ပဲတီစိမ်းရွှေဝါကလည်း တစ်ပိဿာ ၁၈၈၄ ကျပ်( တစ်တန်ကို ၁၁၅၃၇၄၂ ကျပ်) နဲ့ ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ပြီး တစ်နေ့ကိုအိတ် ၁၀၀၀ မှ ၂၀၀၀ ခန့်ထိ အရောင်းအဝယ် ပုံမှန်ရှိနေကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးအနည်းငယ်ကျ

ဒီတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးနှုန်း အနည်းငယ် ကျဆင်းခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ FAQ အနေနဲ့ ယခင်တစ်ပတ်က တစ်တန် ၁၈၂၆၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ တစ်တန် ၁၇၉၇၀၀၀ ကျပ်၊ မတ်ပဲ SQ ယခင် တစ်ပတ်ဈေး ၁၈၉၀၀၀၀ မှ ယခုတစ်ပတ်တစ်တန် ၁၈၃၈၀၀၀ ကျပ်ထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ပြောင်းဈေး အနည်းငယ်ကျသော်လည်း အရောင်းအဝယ်ပုံမှန်ရှိ

ယခုတစ်ပတ် ရေစကြိုဈေးကွက်မှာ CP ပြောင်းဈေးနှုန်း အနည်းငယ်ကျခဲ့ပြီး တစ်ပိဿာ ၄၃၀ ကျပ် (တစ်တန်ကို ၂၆၃၃၂၇ ကျပ် ) နဲ့ မန္တလေး ဝယ်လက်က အဝယ်ဖွင့်ခဲ့ပါတယ်။ တစ်နေ့ကို အိတ် ၅၀၀ မှ ၁၀၀၀ အကြား အရောင်းအဝယ်ဖြစ်တာမို့ အရောင်းအဝယ်ပုံမှန်ရှိနေကြောင်းသိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီ ဈေးကျသော်လည်း ပဲတီစိမ်းကြီးနဲ့ ကုလားပဲဖြူလုံးကြီး တက်ရိပ်ပြနေဆဲ

မုံရွာဈေးကွက်မှာ ပဲစင်းငုံနီ ဈေးအနည်းငယ်ကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၄၄၅ ကျပ် ဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၄၄၀ ကျပ် ( တစ်တန်ကို ၁၄၉၄၂၃၁ ကျပ် ) နဲ့ အဝယ်ဖွင့်ခဲ့ပြီး အရောင်းအဝယ်ပုံမှန်နှုန်း ဖြစ်ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၆၁၅ ကျပ်ရှိခဲ့တဲ့ ပဲတီစိမ်းကြီးက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၆၇၃ ကျပ် (တစ်တန်ကို ၁၀၂၄၅၂၈ ကျပ်) နဲ့ အဝယ်ဖွင့်ခဲ့တာကြောင့် ဈေးနှုန်းဆက်လက် တက်ရိပ်ပြခဲ့ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် ကထက် ကုလားပဲဖြူလုံးကြီးကလည်း ဈေးမြင့်ခဲ့ပြီး တစ်ပိဿာ ကို ၂၀၁၅ ကျပ် ( တစ်တန်ကို ၁၂၉၅၂၀၄ ကျပ် ) နဲ့ အဝယ်ဖွင့်ခဲ့ပြီး ဒေသတွင်းဝယ်လိုအား ပုံမှန်ရှိနေကြောင်း သိရပါတယ်။

××××××××××××××××

# စားသုံးသူအသိပညာများ တစ်ဦးချင်းပြည့်ဝမှသာ

မောင်မောင်အေး(မကွေး)

အခုရက်ပိုင်း မိုးဦးကျရာသီဥတုမှာ မိုးလေဝသပညာရှင်များ၏ အဆိုအရလည်းကောင်း၊ လေ့လာမှုအရလည်းကောင်း၊ လာနီညာရာသီဥတုသို့ ချဉ်းနင်းဝင်ရောက်လာပြီဟုသိရသည်။ မိုးကလေးမှောင်လာလိုက်၊ လေကလေးအရင်ကျပြီး မိုးကနောက်ကလိုက်လာလို့ အပူဒဏ်တော့ အတော်သက်သာသွားသည်။

မိုးဦးလေဦး ဆိုသည့်အတိုင်း လေကရှူးတတ်သည်။အမြစ်သိပ်မနက်သည့် စိန်ပန်းပင်များ အမြစ်ကကျွတ်ကျနေတာကိုလည်း လေမိုးကျအပြီးမှာ တွေ့ရတတ်သည်။ လူ့သဘောနဲ့ယှဉ်ပြီး ဆက်စပ် စဉ်းစားကြည့်တော့ ပင်ကိုယ်အရည်အသွေးဆိုသည့် သစ်မြစ်များမှာ မြေကြီးအတွင်းသို့ နက်နက်ရှိုင်းရှိုင်း ကုပ်တွယ်မထားနိုင်တာကို တွေ့ရသည်။ ဘဝကိုလေးလေးနက်နက်မထားသည့် သဘောမျိုးဖြင့် အပေါ်ယံမှာပဲဖြစ်သလို ရှင်သန်ပေါက်ရောက်နေလျှင်ဖြင့် အရေးရယ်အကြောင်းရယ်ဆိုလျှင် အပေါ်မှာရှိသော ပင်စည်နှင့်သစ်ကိုင်း သစ်ရွက်များကြောင့် မိမိဘဝ မိမိစတေးသလို ဖြစ်သွားတတ်သည်။

ဒီစာရေးနေစဉ်မှာပင် လေရူးကလေးများ သုတ်လာပြန်သည်။ စားပွဲပေါ်မှ သတင်းစာနှင့် စာရွက်စာတမ်းများ လေလွင့်မလိုဖြစ်သွားလို့ အလေးချိန်ရှိသော ကျောက်ခဲကလေးများ၊ သစ်တုံးကလေးများနဲ့ ဖိထားရသည်။ စာအုပ် ထူထူနဲ့လည်း ဖိထားနိုင်ပေမယ့် ဖိထားတဲ့ စာအုပ်အနှောင့်ကလေးနဲ့ လေကြောင်းကို မျက်နှာချင်းဆိုင်ထားရသည်။ သို့မဟုတ်ပါက ဖိတဲ့စာအုပ်ပါ လေလွင့်သွားနိုင်သည်။

နံဘေးပန်းကန်ဆေးစင်အနားရှိ ဖော့တုံး အခြောက်ကလေးများလည်း လေထဲလွင့်သွားတာမြင်ရသည်။ သို့ပေမယ့် ရေဝနေသောဖော့တုံးများမှာ လှုပ်တောင်မလှုပ် လေဒဏ်ကို ကြံ့ကြံ့ခံနိုင်တာတွေ့ရသည်။

ယခင့်ယခင်ကာလများက မိခင်ကုန်သွယ်/လယ်ယာဌာနရဲ့ အဓိကလုပ်ငန်းများမှာ စပါးများဝယ်၊ သယ်၊ လှောင်၊ ကြိတ်၊ ဖြန့်ဖြူးကျွေးမွေးရသောလုပ်ငန်းဖြစ်လို့ ကုသိုလ်ရတဲ့လုပ်ငန်းလို့ မှတ်ယူလုပ်ကိုင်ခဲ့တာ အနှစ် ၃၀ ပင်ကျော်ခဲ့ပြီး ဆင်းရမည့်မှတ်တိုင်ကလည်း တဖြည်းဖြည်းနီးလာပြီ။

အခုလည်းစားသုံးသူရေးရာဦးစီးဌာနရယ်လို့ အမည်နာမပြောင်းလဲချိန်မှာ ဆက်လက်တာ ဝန်ထမ်းဆောင်ရပြန်ပြီ။ လုပ်ငန်းရဲ့ အနှစ်သာရကို လေးလေးနက်နက်မစဉ်းစားဘဲ သာမန်တာဝန်ကျေလုပ်မယ်ဆိုရင်တော့ ရသသိပ်မြောက်မှာမဟုတ်။ တာဝန်ကျေကလေး မှတ်တမ်းတင်ရုံလောက်ပဲ ရုံးတက်၊ ရုံးဆင်း၊ ရုံးချိန် အတွင်းလုပ်နေရင် အလုပ်ရဲ့တန်ဖိုးကို နားလည်မည်မဟုတ်။သို့သော်လည်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းရဲ့ အနှစ်သာရ၊ ရည်ရွယ်ချက်၊ ဦးတည်ချက်၊ မျှော်မှန်းချက်များကို ထဲထဲဝင်ဝင်လေ့လာပြီး လှည့်လည်အသိပညာပေးဟောပြောခြင်း၊ ဈေးကွက်အတွင်းကွင်းဆင်းစစ်ဆေးခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ ပြန်လည်ဖြေကြားခြင်းတို့ကို လုပ်ဆောင်ရင်းနှင့်ပင် အစားအသောက်၊ အသုံးအဆောင်များကြောင့် စားသုံးသူများအပေါ် ကျန်းမာရေးထိခိုက်မည့်ကိစ္စများကို မိမိကကြိုတင်လေ့လာထားပြီးဖြစ်သလို ကာကွယ်တားဆီးပေးနေတာကိုလည်း တွေ့ရသဖြင့် ထူးကဲသောပီတိသောမနဿများ ခံစားရမည်ဖြစ်ပေသည်။ ကုသိုလ်တရားများ ပွားများ သောလုပ်ငန်းစဉ်တစ်ခုဖြစ်သဖြင့် စားသုံးသူကာကွယ်ရေး အတွက် ဆွေးနွေးဟောပြောရတော့မည်ဆိုလျှင် ရုံးချိန်ဆိုတာလည်း မရှိတော့သလို၊ ရုံးပိတ်ရက်ဆိုတာလည်း မသိ တော့။

ဝေမျှခံရသူ၊ တက်ရောက်နားထောင်သူ မင်းပရိသတ်များကလည်း၊ မိမိမသိသေးသည်ကို အသစ်ထပ်မံသိရှိပြီး နောက်ပိုင်းတွင် မိမိတစ်ဦးတည်း၏ ရင်ထဲမှာ မထားဘဲ ဦးစွာ မိမိ၏မိသားစုထိမှုမက မိမိပတ်ဝန်းကျင်ရှိ မိမိ၏ ဆွေမျိုးသားချင်း၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများသို့ တစ်ဆင့်မျှဝေပြီး ထပ်ဆင့်ကုသိုလ်ယူတတ်ရန် လိုအပ်ပါသည်။

စားသုံးသူ အသိပညာရရှိပြီးသော ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း ဘဝကိုလေးလေးနက်နက်ထားပြီး မိမိတစ်ဦးချင်းစီ ကျန်းမာအောင် ဘယ်လိုအစားအစာတွေစားပေးရမည်၊ ဘယ်အစားအသောက်၊ အသုံးအဆောင်များကိုရှောင်ကြဉ်ရမည်ကို ပင်ကိုယ်အသိဉာဏ်ရင့်သန်ကာ ချင့်ချိန်စားသုံးနေမှ တော်ရုံကျမည်ဖြစ်ပါသည်။

ယနေ့ခေတ် စားသုံးသူတို့၏ အနီးပတ်ဝန်းကျင်မှာရော ပါးစပ်ပေါက်နားမှာသာမက လက်တစ်ကမ်းမှာပါ မိုးဦးလေဦးကဲ့သို့ မစားသုံးသင့်သည့် စားကုန်လေနီကြမ်းများ ဝေ့ဝဲတိုက်ခတ်လျက်ရှိသည်။ ယခုကဲ့သို့ စားသုံးသူအသိပညာနှင့်တကွ အစိုးရဌာနဆိုင်ရာများ၊ ပညာရှင်အသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းပေါင်းစုံများက တကူးတက ကိုယ်တိုင်လာရောက်ပြီး ပို့ချသော အကြောင်းအရာအချက်အလက်များကို နာယူမှတ်သားပြီး မိမိကိုယ်ကိုအသိပညာဗဟုသုတ ပြည့်ဝနေအောင် ကြိုးစားသင့်သည်။

ထိုသို့မဟုတ်ပါက မိုးဦးလေဦးတွင် အမြစ်ကျွတ်လဲသော သစ်ပင်များကဲ့သို့လည်းကောင်း၊ သစ်ရွက်ခြောက်နှင့် စာရွက်စက္ကူများကဲ့သို့ လည်းကောင်း၊ ရေမဝသော ဖော့တုံးများကဲ့သို့လည်းကောင်း၊ လွင့်မျောလိမ့်ပါသွားသကဲ့သို့ စားသုံးသူရေးရာ အသိပညာဗဟုသုတများ မပြည့်ဝပါက မိမိချစ်ခင်နှစ်သက်သော လူ့လောကကြီးတွင် နာတာရှည်ရောဂါသည်အဖြစ် လည်းကောင်း၊ ငယ်ငယ်ရွယ်ရွယ်နှင့် ရောဂါမျိုးစုံကျရောက်ပြီး လူ့ဘဝမှာ သက်တမ်းတိုတိုနှင့် ဆွေမျိုးသားချင်းများကို နှုတ်ဆက်ထွက်ခွာသွားနိုင်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

# တောင်သူများကြိုက်သော ရွှေလုံဆန်ကော



ကျေးလက်ဒေသများတွင် ဝါးဖြင့်ပြုလုပ်သော လက်မှုပစ္စည်းများကို ရှေးယခင်ကာလမှ ယနေ့အချိန်အထိ စွဲမြဲစွာ အသုံးပြုလျက်ရှိကြသည်။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်အတွင်းရှိ ရွှေလုံ၊ မြေစွန်းတော်၊ ရွာသစ်ကျေးရွာနှင့် ပေါက်တောကြီးကျေးရွာတို့သည် ဝါးဖြင့်ရက်လုပ်၍ ကြိမ်ဖြင့်ကွပ်သော ဆန်ကော၊ ဆန်ခါ၊ ဖျာ၊ တောင်း၊ ရေအိုးဖုံး၊ ထမင်းစားပွဲအုပ်ဆောင်း စသည်တို့ပြုလုပ်ရာတွင် နာမည်ကြီးလှသည်။

ရေစကြိုမြို့နယ်၊ ရွှေလုံကျေးရွာမှ ဆန်ကောလုပ်ငန်းရှင်တစ်ဦးက ပြောရာတွင် ဆန်ကော၊ ဆန်ခါ ရက်လုပ်ရာတွင် ဝါးနှင့်ကြိမ်ကို အဓိကထားပြုလုပ်ကြောင်း၊ မိမိတို့ရွာသည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်နှစ်ခုကြားရှိသောကြောင့် ကုန်ကြမ်းဝါးများကို မြစ်ကြောင်းတစ်လျှောက် မျှောဆင်းသောဝါးဖောင်များမှ ဝယ်ယူကြောင်း၊ အရွယ်အစားလိုက်၍ ဝါးတစ်လုံး ကျပ် ၈၀၀မှ ကျပ် ၁၀၀၀ ပေးရကြောင်း၊ ကြိမ်ကို ရေစကြိုမြို့နှင့် မန္တလေးမြို့များမှ ကြိမ်လုံးရေ ၂၀၀ ပါ တစ်စီးကို အရွယ်အစားလိုက်၍ ကျပ် ၁၅၀၀၀ မှ ကျပ် ၂၅၀၀၀ ပေးရကြောင်း၊ ဝါးတစ်လုံးတွင် ဆန်ကော လေးချပ်ထွက်ရှိကြောင်း၊ ယင်းလုပ်ငန်းများအား ကိုယ်တိုင်ရက်လုပ်ခြင်းဖြင့်လည်းကောင်း၊ ကျေးရွာရှိ ငွေကြေးတတ်နိုင်သူ ဆန်ကောကုန်သည်များမှ အခကြေးငွေဖြင့် လုပ်ကိုင်စေခြင်း ဖြင့်လည်းကောင်း၊ ၎င်းတို့၏ တောင်သူလုပ်ငန်းနှင့် တွဲဖက်၍ လုပ်ကိုင်ကြောင်း၊ အခကြေးငွေဖြင့် ရက်လုပ်သူများမှာ တစ်နေ့ ဆန်ကောငါးချပ် ရက်လုပ်နိုင်ပြီး ဝင်ငွေအနေဖြင့် ကျပ် ၂၅၀၀ မှ ကျပ် ၃၀၀၀ အထိရရှိကြောင်း သိရှိရပါသည်။

ဆန်ကော၊ ဆန်ခါရက်လုပ်ရာတွင် မိသားစုလိုက်ပြုလုပ်ကြောင်း ရာသီအလိုက် ဝါးလက်မှုလုပ်ငန်းများ ရွေးချယ်ပြုလုပ်ကြောင်း၊ တောင်သူသီးနှံပေါ်ချိန်တွင် တောင်း၊ ရိုင်ပတ်၊ ဖျာ၊ ပုတ်တို့ပြုလုပ်ကြောင်း၊ တောင်သူသီးနှံပေါ်ချိန် မဟုတ်ပါက ဆန်ကော၊ ဆန်ခါ၊ ရေအိုးဖုံး၊ ထမင်းစားပွဲအုပ်ဆောင်း၊ ဈေးခံတောင်း၊ ကလေးပုခက်တို့ပြုလုပ်ကြောင်း၊ အိမ်ရှိမိသားစုဝင်များက ဝါးလက်မှုလုပ်ငန်းကို အိမ်တွင်လုပ်ကိုင်ပြီး ကျန်မိသားစုဝင်များက နယ်လှည့်ရောင်းချကြောင်း၊ အချို့က ဖောက်သည်ယူကာ ရေစကြို၊ ပခုက္ကူ၊ မကွေး၊ ပခန်း၊ မအူ၊ ပရိမ္မ၊ ကျောက်ရစ်၊ မြောင်၊ ကူနီပွဲ (ကိုကြီးကျော်)စသည်ဖြင့် ဘုရားပွဲတော်များနှင့် ရိုးရာနတ်ပွဲများတွင် ဒေသအနှံ့ လိုက်လံရောင်းချကြောင်း ဒေသခံတစ်ဦးက ပြောကြားပါသည်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးဖြစ်သည့် ဝါးလက်မှုပစ္စည်းများကို တောင်သူလုပ်ငန်းဖြင့်တွဲဖက်၍ တစ်နှစ်ပတ်လုံး တွင်ကျယ်စွာ ပြုလုပ်ကြသည်။ ဆန်ကော၊ ဆန်ခါ ရက်လုပ်ခြင်းသည် အိမ်တွင်း အသေးစားကုန်ထုတ်လုပ်ငန်းဖြစ်သောကြောင့် မိသားစုအတွက် ပုံမှန်အပိုဝင်ငွေ ရရှိလျက်ရှိသည်ကို တွေ့ရသည်။ လက်ရှိဈေးကွက်တွင် ဆန်ကောတစ်ချပ် ကျပ် ၁၃၀၀ မှ ကျပ် ၂၈၀၀၊ ဆန်ခါတစ်ချပ် ကျပ် ၂၀၀၀ မှ ကျပ် ၃၅၀၀၊ ရေအိုးဖုံးတစ်လုံး ကျပ် ၁၀၀၀ မှ ကျပ် ၁၅၀၀၊ ဆန်ခါခုံးတစ်လုံး ကျပ် ၁၂၀၀ မှ ကျပ် ၁၅၀၀ စသည့်ဈေးနှုန်းအသီးသီးဖြင့် ရောင်းချလျက်ရှိကြသည်။

ထို့ကြောင့် ရေစကြိုမြို့နယ်၊ ရွှေလုံကျေးရွာ ဆန်ကော၊ ဆန်ခါများသည်အကွပ်စိပ်ပြီး သပ်ရပ်ခိုင်မာ တောင့်တင်းမှုကြောင့် ဈေးကွက်တွင် တောင်သူများအများဆုံး ဝယ်ယူအသုံးပြုလျက် ရှိပါသောကြောင့် ရောင်းအားသွက်ကာ ရက်လုပ်သူများ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရှိရပါသည်။

**အောင်မြိုင်( DOT-MDY)**

## 2016 ASEAN- Hunan Famous Brand High-Quality Products Trade Fair ကျင်းပမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟူနန်ပြည်နယ်၊ Changsha Hongxing International Exhibition Center တွင် ၂၀၁၆ ASEAN- Hunan Famous Brand High-Quality Products Trade Fair ပြပွဲကို အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ ကုမ္ပဏီများ ပါဝင်ပြသရန် ပေကျင်းမြို့ မြန်မာသံရုံးမှတစ်ဆင့် ဖိတ်ကြားလာပါသည်။

အဆိုပါကုန်စည်ပြပွဲသည် ဟူနန်ပြည်နယ်အစိုးရနှင့် ဟူနန်ပြည်နယ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနတို့မှ ပူးပေါင်းကျင်းပမည်ဖြစ်ပြီး ပြခန်းပေါင်း ၁၀၀ ကျော်ကို အခမဲ့ခင်းကျင်းပြသခွင့်ပေးမည်ဖြစ်ကြောင်း၊ ပြခန်းပြင်ဆင်စရိတ်ကိုမူ ကုန်သည်များမှ ကျခံရမည်ဖြစ်ကြောင်း၊ ပြပွဲကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်နှင့် အာဆီယံကုန်စည်များနှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေးပွဲအပြင် စီးပွားရေးလုပ်ငန်းများ အချင်းချင်းချိတ်ဆက်သည့် အခမ်းအနားပါ တစ်ပါတည်း ကျင်းပမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ပြပွဲတွင် အဓိကအားဖြင့် စိုက်ပျိုးရေးကုန်စည်များ အစားအစာ၊ လက်ဖက်ခြောက်၊ သစ်သီးဝလံနှင့် အဖျော်ယမကာ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ထုတ်ကုန်များ၊ လျှပ်စစ်ပစ္စည်း၊ လက်မှုအနုပညာနှင့် ကျောက်မျက်ရတနာပစ္စည်းများ ခင်းကျင်းပြသမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူ စီးပွားရေးလုပ်ငန်းရှင်များ၊ ပါဝင်လိုသည့် ကုန်သည်များ၊ ကုမ္ပဏီ၊ လုပ်ငန်းရှင်များအနေဖြင့် ပြပွဲကျင်းပရေးကော်မတီသို့ ဩဂုတ် ၁၂ ရက်မတိုင်မီ အကြောင်းပြန်ကြားပေးပါရန်နှင့် ဆက်သွယ်စုံစမ်းလိုပါက ဖုန်း- 0086 731 820 877 72 , Email: 651659982@qq.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**MTC (Ygn)**

Vol: 16, No.24 Monday July 4 2016

## တမူးကုန်သွယ်ရေးစခန်းမှ မေလအတွင်း ပြည်ပပို့ကုန် ပိုမိုတင်ပို့

မြန်မာ - အိန္ဒိယနယ်စပ် တမူးကုန်သွယ်ရေးစခန်းမှ မေလအတွင်း ပြည်ပပို့ကုန် တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၈၅ သန်းဖြစ်ပြီး အနီးစပ်ဆုံးကာလဖြစ်တဲ့ ဧပြီ ထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅၄ သန်း ပိုမိုတင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက် ပို့ကုန်ပိုမိုတင်ပို့နိုင်ခြင်းမှာ တမူးကုန်သွယ်ရေးစခန်းရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ကွမ်းသီး၊ စီးကရက်နဲ့ နမ့်ဖာလုံမှ ကုန်မျိုးစုံတို့ ပိုမိုတင်ပို့ခြင်းကြောင့်ဖြစ်ပါတယ်။

တမူး ကုန်သွယ်ရေးစခန်းရဲ့ မေလအတွင်း ပို့ကုန်လျှာထားချက်အပေါ် ဆောင်ရွက်နိုင်မှုမှာ ၁၄၆ ဒသမ ၂ ရာခိုင်နှုန်းဖြစ်ပါတယ်။ မေလအတွင်း အဓိကပို့ကုန်များကတော့ ကွမ်းသီး၊ သရက်သီး၊ ပန်းသီး၊ စီးကရက်၊ CMP ဖိနပ်နဲ့ နမ့်ဖာလုံကုန်စုံတို့ဖြစ်ပါတယ်။

**ခင်မိုးသူ**

## တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ITCဖြင့် မော်တော်ဆိုင်ကယ်များအား စခန်းအသီးသီးမှ တင်သွင်းခွင့်ပြု

နယ်စပ်ဒေသများရှိ လုပ်ငန်းရှင်ငယ်များ တရားဝင်ကုန်သွယ်မှု ဆောင်ရွက်လာစေရေးအတွက် ပြည်တွင်းဝယ်လိုအားရှိတဲ့ တစ်ဖက်အိမ်နီးချင်းနိုင်ငံများ (အထူးသဖြင့် တရုတ်နယ်စပ်)မှ မော်တော်ဆိုင်ကယ်များကို ITC ကတ်နဲ့ တင်သွင်းခွင့်ပြုလိုက်တယ်လို့ ကုန်သွယ်ရေးဦးစီးဌာနမှ သိရပါတယ်။ တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင် ကတ် ITC ရှိတဲ့ လုပ်ငန်းရှင်တစ်ဦးလျှင် တစ်ရက်ကို မော်တော်ဆိုင်ကယ်တစ်စီးနှုန်းဖြင့် တစ်ပတ်လျှင်ငါးစီးအထိ တစ်ကြိမ်တည်းစုဆောင်းတင်သွင်းလိုပါကလည်း လိုင်စင်ဆောင်ရွက်ခွင့်ပြုပေးမယ်လို့ သိရပါတယ်။

စမ်းသပ်ကာလတစ်လ ဆောင်ရွက်ခွင့်ပြုပြီး လုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်မှု အပေါ် မူတည်ပြီး ITC ဆောင်ရွက်ခွင့်ပြုတန်ဖိုး တစ်ရက်လျှင် ကျပ်သိန်း ၃၀ နှုန်းဖြင့် တစ်ပတ်လျှင် သိန်း ၁၅၀ အထိ ခွင့်ပြုဘောင်အတွင်း စီးရေတိုးမြှင့်ခွင့်ပြုပေးသွားမယ်လို့လည်း သိရပါတယ်။

ယခုဘဏ္ဍာနှစ်အတွင်း ITC ကတ်ဖြင့် လုပ်ငန်း လုပ်ဆောင်တဲ့စခန်းရှစ်ခုရှိပြီး ပို့ကုန်ဆောင်ရွက်နိုင်မှုမှာ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ဇွန်လ ၁၇ ရက်အထိ ကျပ်သန်းပေါင်း ၁၆၆ ဒသမ ၁၉၈၊ သွင်းကုန်ဆောင်ရွက်နိုင်မှုမှာ ကျပ်သန်းပေါင်း ၉၄၆ ဒသမ ၅၅၈ နဲ့ ကုန်သွယ်မှုပမာဏ ဆောင်ရွက်နိုင်မှုမှာ ကျပ်သန်းပေါင်း ၁၁၁၂ ဒသမ ၇၅၆ ခန့်ဖြစ်တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

ယခင်က ITC ကတ် သက်တမ်းကုန်ဆုံးပြီး ခြောက်လကျော်သည်အထိ ထပ်မံသက်တမ်းတိုးခွင့်လျှောက်ထားခြင်းမပြုက ဖျက်သိမ်းခံရမည်ဟု သတ်မှတ်ထားသော်လည်း ယခုအခါလုပ်ငန်းရှင်ငယ်များ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးဖြေလျှော့ပေးသည့်အနေဖြင့် ကာလကန့်သတ်ချက်မထားဘဲ သက်တမ်းတိုး လျှောက်ထားပါက မူလသက်တမ်းကုန်ဆုံးသည့်နေ့မှစ၍ သက်တမ်းတိုးလျှောက်ထားပြီး သက်ဆိုင်ရာငွေစာရင်းသို့ သက်တမ်းတိုးကြေးပေးသွင်းမည့် နေ့ကြားကာလအတွက် သတ်မှတ်ထားသည့် သက်တမ်းတိုးကြေးများအား လုပ်ထုံးလုပ်နည်းနဲ့အညီ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းဆောင်ရွက်ခွင့်ပြုထားပြီဖြစ်ကြောင်း သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ရက်သတ္တပတ်အတွင်း ဆန်ရော၊ ဆန်ကွဲပါ ပိုမိုတင်ပို့

ဇွန် ၁၈ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၄ ဒသမ ၇၀၁ သန်းဖိုးရှိ ဆန်ဖြူ ၁၂၈၁၈ တန်ခန့်တင်ပို့ခဲ့ပါတယ်။ ကုန်သွယ်ရေးစခန်းအလိုက် တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် တန် ၆၃၀၀၊ ဧည့်မထ ဆန် တန် ၂၁၅၀၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၉၃ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၄၁၄၄ တန်ကျော်နဲ့ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် တန် ၃၀ တင်ပို့ခဲ့တာ ဖြစ်ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇွန် ၁၉ ရက်မှ ၂၅ ရက်အထိကာလအတွင်း ကန်ဒေါ်လာ ၆ ဒသမ ၅၃၇ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၂၁၂၄၅ တန်တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ တရုတ်နိုင်ငံသို့ ဧည့်မထ တန် ၁၀၀၀၊ အီးယူနိုင်ငံများသို့ ပေါင်းဆန် တန် ၃၀၀ နဲ့ ဧည့်မထ ၄၄၅ တန်၊ ယူအေအီးနိုင်ငံသို့ ဧည့်မထဆန် ၁၉၃၀၀ တန်နဲ့ ငစိန်ဆန် ၁၂၅ တန်၊ စင်ကာပူနိုင်ငံသို့ ပေါင်းဆန် ၇၅ တန်တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယူအေအီးနိုင်ငံသို့ တန်ချိန်များစွာ တင်ပို့နိုင်တဲ့အတွက်ယခင်တစ်ပတ် တင်ပို့မှုထက် တန်ချိန် ၁၇၈၂၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ယခုတစ်ပတ်မှာ ဆန်သာမက ဆန်ကွဲကိုလည်း ပိုမိုတင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ ၂၇၅ တန်နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၈၃၅၀၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၇၁ သန်းဖိုးရှိ ဆန်ကွဲ ၈၆၂၅ တန်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ဆန်ကွဲ ၅၁၇၅ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်ရောဆန်ကွဲပါ ပိုမိုတင်ပို့နိုင်ပါတယ်။

**ယဉ်ယဉ်အေး**

## ရိုဒ်ကုန်သွယ်ရေးစခန်းမှ မေလအတွင်း ကုန်သွယ်မှု တိုးတက်

ရိုဒ်ကုန်သွယ်ရေးစခန်းမှ မေလအတွင်း ကုန်သွယ်မှုပမာဏ ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၁၃ သန်းဆောင်ရွက်ခဲ့ပါတယ်။ အနီးစပ် ဆုံးကာလဖြစ်တဲ့ ဧပြီလနဲ့နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၂ သန်း ပိုမိုဆောင်ရွက်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက် ကုန်သွယ်မှုပိုမိုရခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ကွမ်းသီး၊ ဆေးရိုး၊ ဆေးရွက်ကြီးမှုန့်များ၊ စက်မှုကုန်ချောပစ္စည်းများဖြစ်တဲ့ မုန့်မျိုးစုံ၊ အချိုရည်၊ ဆပ်ပြာမှုန့်၊ ငါးသေတ္တာ၊ စောင်၊ အမျိုးသမီးစီးဖိနပ်၊ အမျိုးသမီးဝတ်တီရှပ်တို့ ပိုမိုတင်ပို့နိုင်ပြီး ဓာတ်မြေသြဇာများ တင်သွင်းမှုပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပိုမိုရခြင်းဖြစ်ပါတယ်။ ရိုဒ်ကုန်သွယ် ရေးစခန်းမှ မေလအတွင်း ITC ကတ် တစ်စောင်ထုတ်ပေးခဲ့ပြီး ITC ကတ်ဖြင့် နိုင်လွန်ချည် ၇ တန်ကျော် တင်သွင်းနိုင်ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

**ခင်မိုးသူ**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ဆီးဖတ်၊ ဆီးယိုထုပ်နဲ့ မန်ကျည်းစေ့တန် ၁၀၀ ကျော်တင်ပို့

မြန်မာ - ဘင်္ဂလားဒေ့ရှ် နယ်စပ်ဖြစ်တဲ့ စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇွန် ၁၈ ရက်မှ ၂၄ ရက်အထိ ကာလအတွင်းမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်း တန်ဖိုးရှိ ဆီးဖတ် ၂၁ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၇ သန်း တန်ဖိုးရှိ ဆီးယိုထုပ် ၂၂ တန်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်းတန်ဖိုးရှိ မန်ကျည်းစေ့ ၉၇ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကထက် ဆီးဖတ်၊ ဆီးယိုထုပ်နဲ့ မန်ကျည်းစေ့များ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်းမှ ဆီးဖတ်၊ ဆီးယိုထုပ်နဲ့ မန်ကျည်းစေ့တို့အပြင် ချင်းအစို၊ ငါးမြစ်ချင်းနဲ့ သစ်ခေါက်များကို တန် ၉၀ ခန့် တင်ပို့ခဲ့တယ်လို့ စစ်တွေကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

**ခင်မိုးသူ**

## မြန်မာ - ထိုင်းနယ်စပ်မှ ငါးမျိုးစုံ တန် ၁၇၀၀၀ ကျော် တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေး စခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ဇွန်လ ၁၈ ရက်မှ ၂၄ ရက်တာကာလအတွင်းမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈၆ သန်း တန်ဖိုးရှိ ရေချိုငါးမျိုးစုံ ၁၇၂၃ တန်ကို တင်ပို့ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ရေချိုငါးမျိုးစုံ ၄၂ တန်၊ ကော့သောင်းကုန်သွယ်ရေး စခန်းမှ တန် ၃၉၀၊ မြိတ်ကုန်သွယ်ရေးစခန်းမှ ၅၃၁၅ တန်ကို အသီးသီး တင်ပို့ခဲ့ပါတယ်။ မြဝတီကုန်သွယ်ရေးမှ ရေချိုငါးမျိုးစုံအပြင် ဂဏန်း ၁၃ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပုဇွန် ၂ တန်ကျော်၊ ကင်းမွန် ၃ တန်ကျော်နဲ့ အခြားရေထွက် ၁၉ တန်ကျော် မြိတ်ကုန်သွယ်ရေးစခန်းမှ ငါးမှုန့် ၂၅၄ တန်ကျော် ရေငံပုဇွန် ၁၆ တန်ခွဲ၊ ငါးအသားလွှာ ၇ တန်၊ ကင်းမွန် ၂ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

**ခင်မိုးသူ**

## မြဝတီကုန်သွယ်ရေးဇုန်မှ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ကုန်သွယ်မှုပိုမို

မြန်မာ-ထိုင်းနယ်စပ်ဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ မေလအတွင်း ကုန်သွယ်မှု ဆောင်ရွက်နိုင်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၄၅၃ သန်းဖြစ်ပြီး အနီးစပ်ဆုံးကာလထက် အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၇၃၅ သန်း ပိုမိုဆောင်ရွက်ခဲ့ပါတယ်။ အနီးစပ်ဆုံး ကာလထက် ကုန်သွယ်မှုပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းမှာ လယ်ယာထွက်ကုန် အမေရိကန် ဒေါ်လာ ၂၂ ဒသမ ၂၈၉ သန်း၊ ရေထွက်ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၃ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၈ သန်း၊ စက်မှုကုန်ချော အမေရိကန်ဒေါ်လာ သည ဒသမ ၀၃၂ သန်းနဲ့ အခြားပစ္စည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၀ သန်းပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင်လည်း ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်တဲ့ ငါးဖမ်းပိုက်၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ လယ်ယာသုံး နောက်တွဲယာဉ်များ၊ တယ်လီဖုန်းနဲ့ အပိုပစ္စည်းများ၊ ရုပ်မြင်သံကြားစက်၊ ဓာတ်အားဖြန့်ဖြူးတပ်ဆင်ရေးလုပ်ငန်းများ၊ တွင်းထွက်သတ္တုမှအပ ဆောက်လုပ်ရေးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ စက်ဘီးအပိုပစ္စည်းများနဲ့ အခြားပစ္စည်းများ ပိုမိုတင်သွင်းခြင်းကြောင့် ဖြစ်ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်ရဲ့ မေလအတွင်း အများဆုံးပို့ကုန်များမှာ ပဲတီစိမ်း၊ မြေပဲဆန်၊ ငရုတ်သီးခြောက်၊ မတ်ပဲ၊ ငါးမျိုးစုံတို့ဖြစ်ပြီး အများဆုံး သွင်းကုန်များမှာ သကြား၊ မော်တော်ဆိုင်ကယ်၊ Light Truck Isuzu 2005၊ OT -Sponsor Electrolyte ၊ Combine Harvester DC 70 တို့ဖြစ်ကြောင်း သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အရေးပါသော ထောက်ပံ့ပို့ဆောင်မှု (Logistics for Trade Promotion)

| သိန်းမြင့်ဝေ |



## ကုန်သွယ်မှုအဟန့်အတားများ လျော့ကျလာပုံ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization -WTO) သည် ကုန်သွယ်မှုအတားအဆီးများဖြစ်သည့် အကောက်ခွန် (Traiffs)၊ထောက်ပံ့ကြေး (Subsidies)၊ ခွဲတမ်းသတ်မှတ်ချက် သို့မဟုတ် ကိုတာ (Quotas) နှင့် လုပ်ထုံးလုပ်နည်းများ (Regulations) ဖယ်ရှားရေး ကို အလေးထားဆောင်ရွက်ခဲ့သည်။ အလေးထား ဆောင်ရွက်လျက် ရှိပါသည်။ ထို့ကြောင့် ပြီးခဲ့သည့် ဆယ်စုနှစ်ငါးခုတာ ကာလအတွင်း အဆိုပါကုန်သွယ်မှုအဟန့်အတားများ (Trade barriers) သိသိသာသာ လျော့နည်းခဲ့သည်။

လက်ရှိကာလတွင် ထောက်ပံ့ပို့ဆောင်မှုစနစ် (Logistics system) ၏ အားနည်းချက်များကြောင့် နိုင်ငံများ၏ ကုန်သွယ်ရေး ယှဉ်ပြိုင်နိုင်စွမ်း (Trade Competitiveness) ကျဆင်းလျက်ရှိသည်။

၂၀ ရာစုနောက်ပိုင်းကာလများတွင် ကုန်သွယ်မှုအဟန့်အတားများ သိသာစွာလျော့ကျခဲ့သည်။ ထိုကဲ့သို့ လျော့ကျခဲ့ရသည့် အကြောင်းရင်းသုံးမျိုး တွေ့ရှိရသည်။ ပထမအချက်မှာ WTO က ဦးဆောင်ကျင်းပခဲ့သော ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းမှု ဆွေးနွေးပွဲများကြောင့်ဖြစ်သည်။ ဒုတိယအချက်မှာ ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှုအစီအစဉ်များ (Regional economic arrangenments) ကြောင့်ဖြစ်ပါသည်။ အဆိုပါ ပေါင်းစည်းမှုအစီအစဉ်များအဖြစ် ဥရောပသမဂ္ဂ သို့မဟုတ် ဥရောပဘုံဈေးကွက် (EU)၊ မြောက်အမေရိကလွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် (NAFTA) နှင့် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် (ASEAN Free Trade Agreement) တို့ကို တွေ့မြင်နိုင်သည်။ တတိယအချက်မှာ နိုင်ငံများက စီးပွားရေးနှင့်ကုန်သွယ်ရေး လုပ်ငန်းစဉ်များကို ပိုမိုဖြေလျှော့လာခြင်းဖြစ်ပါသည်။ လွတ်လပ်သောကုန်သွယ်ရေးက တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကောင်းကျိုးများဖြစ်ထွန်းစေကြောင်း၊ လက်ခံလာကြသောကြောင့် ထိုကဲ့သို့ ပိုမိုဖြေလျှော့လာကြခြင်းဖြစ်ပါသည်။ ကုန်သွယ်ရေးဖြေလျှော့မှု (Trade liberalization) ကြောင့် စီးပွားရေးတိုးတက်လာသော နိုင်ငံအဖြစ် တရုတ်နိုင်ငံကို တွေ့မြင်နိုင်ပါသည်။

## သော့ချက်ကျသော လုပ်ဆောင်ချက်လေးရပ်

ကမ္ဘာ့ဘဏ် (World Bank) ၏ တွက်ချက်မှုများအရ နိုင်ငံ၏ ကုန်သွယ်ရေးစွမ်းဆောင်ရည် (Trade performance)ကိုမြှင့်တင်ရာတွင် Trade liberalization ကို ဆက်လက်ဖြေလျှော့ခြင်းထက် ထောက်ပံ့ပို့ဆောင်ရေး (Logistics) ကိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းက ပိုမိုအကျိုးများကြောင်း သိရှိရပါသည်။ ကုန်သွယ်မှုကို ဆက်လက်ဖြေလျှော့လျက် ထောက်ပံ့ပို့ဆောင်မှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါသည်။

ထောက်ပံ့ပို့ဆောင်မှုတွင် ကုန်စည်များ ဖြတ်သန်းစီးဆင်းရန်အတွက် အရေးကြီးသောလုပ်ဆောင်ချက်များ အကျုံးဝင်သည်။ အဆိုပါ လုပ်ဆောင်ချက်များမှာ ပို့ဆောင်ခြင်း(Transport)၊ သိုလှောင်ခြင်း (Warehousing)၊ ကုန်ပစ္စည်းပေါင်းစည်းခြင်း (Cargo consolidation)၊ နယ်စပ်နှင့်အကောက်ခွန်ရှင်းလင်းခြင်း(Border and customs clearance)၊ ကုန်ပစ္စည်းဖြန့်ဖြူးခြင်း(Distribution)နှင့် ငွေကြေးပေးချေမှု စနစ်များ (Payment systems) ဖြစ်ပါသည်။ ကောင်းမွန်သော ထောက်ပံ့ပို့ဆောင်မှုကွန်ရက် (Conpetitive network of Logistics) သည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး၏ ကျောရိုးဖြစ်သည်။

Logistics ကောင်းမွန်သော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ ဂျာမနီ၊ စင်ကာပူ၊ ဆွီဒင်၊ နယ်သာလန်၊ လူဇင်ဘတ်၊ ဆွစ်ဇာလန်၊ ဂျပန်၊ ယူနိုက်တက်ကင်းဒမ်း(ယူကေ)၊ ဘယ်လ်ဂျီယံနှင့်နော်ဝေ နိုင်ငံတို့ဖြစ်သည်။ အဆိုပါ ထိပ်တန်းနိုင်ငံများ၏ သော့ချက်ကျသော လုပ် ဆောင်ချက်လေးရပ်ရှိသည်။ ပထမအချက်မှာ Public-Private Partnership and dialogue ကိုကာလရှည်ကြာဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ပေါ်လစီချမှတ်သူများ၊ လက်တွေ့စီးပွားရေးလုပ်ငန်းရှင်များ၊ အုပ်ချုပ်သူများနှင့် ပညာရှင်များကြား ကောင်းမွန်သောပူးပေါင်းဆောင်ရွက်မှုထားရှိခြင်းဖြစ်သည်။ တတိယသော့ချက်ကျသောအချက်မှာ ဝန်ဆောင်မှု၊ အခြေခံအဆောက်အအုံနှင့်ထိရောက်သော Logistics ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံလွှမ်းခြုံနိုင်သော ချဉ်းကပ်နည်းလမ်းကို ကျင့်သုံးခြင်းဖြစ်သည်။ စတုတ္ထနှင့်နောက်ဆုံးအချက်မှာ သယ်ယူပို့ဆောင်ရေးနှင့်ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပေါ်လစီများ စနစ်တကျရေးဆွဲ ထားရှိခြင်းဖြစ်ပါသည်။ Logistics အဆိုးဆုံးနိုင်ငံများမှာ ဆိုမာလီ၊ နမီးဘီးယား၊ ရဝမ်ဒါ၊ ကျူးဘား၊ အီရတ်၊ နီပေါ၊ ဆူဒန် စသည့်နိုင်ငံများဖြစ်သည်။

## အာရှ-ပစိဖိတ်နှင့်မြန်မာ

အာရှပစိဖိတ်ဒေသသည် ကမ္ဘာလုံး ဆိုင်ရာကုန်သွယ်ရေး (Global Trade) တွင် အားအကောင်းဆုံးဒေသ တစ်ခုဖြစ်နေပါသည်။ ထို့ပြင် အာရှပစိဖိတ်ဒေသသည် ကမ္ဘာလုံး ဆိုင်ရာ ထုတ်လုပ်မှုလမ်းကြောင်း (Trade production chains) ၏ အဓိကကျသောနေရာတွင် ရပ်တည်လျက်ရှိပါသည်။ ထို့ကြောင့် အာရှ-ပစိဖိတ်ဒေသ၏ စီးပွားရေးတိုးတက်မှုသည် အားကောင်းသော ထောက်ပံ့ပို့ဆောင်မှုကဏ္ဍ (Robust logistics sector) အပေါ်တွင် များစွာ မူတည်နေပါသည်။ ထုတ်လုပ်မှုဖြစ်စဉ် အဆင့်ဆင့်၊ ကုန်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်ခြင်း၊ နောက်ဆုံးအဆင့်တပ်ဆင်ခြင်း (Final assembly) စသည်တို့အတွက် ကုန်စည်များမြန်ဆန်စွာ စီးဆင်းဖြတ်သန်းမှု၊ ယုံကြည်စိတ်ချစွာနှင့်စရိတ်သက်သာစွာ ထောက်ပံ့ပို့ဆောင်နိုင်မှုတို့လိုအပ်ပါသည်။

အာရှ-ပစိဖိတ်ဒေသရှိ Logistics အကောင်းဆုံးနှင့်အဆိုးဆုံးနိုင်ငံများစာရင်းကို အစဉ်လိုက်ဖော်ပြရပါလျှင် စင်ကာပူ၊ ဂျပန်၊ ဟောင်ကောင်၊ ကနေဒါ၊ အမေရိကန်၊ ဩစတြေးလျ၊ တရုတ်(တိုင်ပေ)၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ချီလီ၊ မက္ကဆီကို၊ ဗီယက်နမ်၊ ပီရူး၊ အင်ဒိုနီးရှား၊ ရုရှား၊ လာအို၊ ကမ္ဘောဒီးယားနှင့်မြန်မာနိုင်ငံတို့ဖြစ်ကြပါသည်။ (ဆက်လက်ဖော်ပြပါမည်။)

source: www.worldbank.org/trade facilitation

# ကျောက်ဆည်မြို့နယ် ညောင်ဝန်းကျေးရွာမှ နှမ်းဖြူစိုက်တောင်သူများ မှန်းချက်နဲ့ နှမ်းထွက်ကိုက်

မန္တလေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံတစ်မျိုးဖြစ်တဲ့ နှမ်းရောင်စုံများ (နီ၊ ညို၊ နက်၊ ဖြူ၊ ဝါ၊ ကြား၊ ပန်းနှမ်း)ကို ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ မတ္တရာ၊ အမရပူရ၊ တောင်သာ၊ ငါန်းဇွန်၊ ကျောက်ပန်းတောင်းစသည့်ဒေသများတွင် စိုက်ပျိုးကြောင်း နှမ်းများကို နွေနှမ်း၊ မိုးနှမ်း၊ ဆောင်းနှမ်းဟူ၍ ရာသီအလိုက် ခွဲခြမ်းစိုက်ပျိုးကြောင်း သိရပါတယ်။ ယခုနှစ် မေလလယ်မှ ဧပြီလဆန်းအတွင်း စိုက်ပျိုးတဲ့နွေနှမ်းများကို ဇွန်လကုန်နဲ့ ဇူလိုင်လဆန်းပိုင်းများမှာ စတင်ရိတ်သိမ်းခြွေလှေ့ကြောင်း၊ နွေနှမ်းများကို မန္တလေးတိုင်းဒေသကြီးအတွင်း ၈၁၅၅၁ ဧက စိုက်ပျိုးရန် လျာထားရာ အမှန်တကယ် စိုက်ပျိုးရာတွင် ၇၅၁၁၄ ဧကသာစိုက်ပျိုးနိုင်သဖြင့် လျာထားချက် ဧကရဲ့ ၉၂ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ကြောင်း၊ ယခင်နှစ်ကာလတူ နွေနှမ်းစိုက်ဧကထက် ၆၄၁၇ ဧက လျော့နည်း စိုက်ပျိုးကြောင်း သိရပါတယ်။

ကျောက်ဆည်ခရိုင်အတွင်း နွေနှမ်းစိုက်ပျိုးမှုမှာ ကျောက်ဆည်မြို့နယ်တွင် ၁၃၉၅၅ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၂၀၁၁ ဧက၊ မြစ်သားမြို့နယ်တွင် ၂၃၈၄၉ ဧကနှင့် တံတားဦးမြို့နယ်တွင် ၂၈၀ ဧကစိုက်ပျိုးနိုင်သဖြင့် ကျောက်ဆည်ခရိုင်နွေနှမ်းစိုက်ဧက စုစုပေါင်း ၅၀၀၉၅ ဧကရှိသဖြင့် မန္တလေးတိုင်းဒေသကြီးတစ်ခုလုံး နွေနှမ်းစိုက်ဧကရဲ့ ၆၇ ရာခိုင်နှုန်းစိုက်ပျိုးနိုင်ကြောင်းသိရှိရပါတယ်။

နွေနှမ်းစိုက်ပျိုးမှုအခြေအနေကို သိရှိနိုင်ရန် ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ညောင်ဝန်းကျေးရွာမှ နွေနှမ်းဖြူ စိုက်ပျိုးတဲ့ တောင်သူကြီးတစ်ဦးအား စိုက်ပျိုးမှု၊ ထွက်ရှိမှု၊ ကုန်ကျစရိတ် (ထွန်ယက်ခြင်း၊ မျိုးစေ့ စိုက်ပျိုးခြင်း၊ သွင်းအားစု (မြေဩဇာ)ထည့်သွင်းခြင်း၊ ရေသွင်းခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း၊ သယ်ယူခြင်းနှင့် လုပ်သားခ)အကျိုးအမြတ်နဲ့ ရင်ဆိုင်ရတဲ့အခက်အခဲများအား မေးမြန်းခဲ့ပါသည်။

ယခင်နှစ်က နွေနှမ်းကို လေးဧကနီးပါးစိုက်ပျိုးပြီး၊ ယခုနှစ်တွင် နွေနှမ်း ခြောက်ဧကကျော်နဲ့ ပဲတီစိမ်း သုံးဧကခန့် စိုက်ပျိုးထားကြောင်း၊ ယခင်နှစ်တွင် နှမ်းများဈေးကောင်းရသည်မှာ မိမိကိုယ်တွေ့ဖြစ်သောကြောင့် ယခုနှစ်တွင် စိုက်ဧကတိုးချဲ့စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ မျိုးစေ့မှန်၊ စိုက်ပျိုးနည်းမှန်၊ သွင်းအားစုအသုံးပြုနည်းမှန်ကန်စွာ ယခင်နှစ်ကထက် ပိုမိုဂရုစိုက် စိုက်ပျိုးတဲ့အတွက် အထွက်တိုးမည်ဟု ခန့်မှန်းထားရာ လောလောဆယ်ရိတ်သိမ်းပြီး တစ်ဧက ၁၃ တင်းထွက်ရှိရာ နှစ်ဧကမှာ ၂၆ တင်းကျော်ထွက်ရှိတဲ့အတွက် ယခင်နှစ်ထက် တစ်ဧက တစ်တင်းခွဲ ပိုမိုထွက်ရှိကြောင်း၊ ယခုနှစ်မှာ မိမိအနေဖြင့် မှန်းချက်နဲ့နှမ်းထွက်ကိုက်ကြောင်း၊ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ကျပ် ၁၈၀၀၀၀ မှ ၂၁၀၀၀၀ ကျပ်အထိ ကုန်ကျကြောင်း၊ ၎င်းကုန်ကျစရိတ်အနည်းအများမှာ ရေတင်/ရေသွင်း (ရေရှိရေး)မှုအပေါ် မူတည်ကြောင်း၊ ယခုလောလောဆယ် ဒေသပေါက်ဈေးမှာ နှမ်းဖြူတစ်တင်း ကျပ် ၂၉၀၀၀ မှ ၃၀၀၀၀ ကျပ်ဈေးနှုန်းဖြင့် တောပွဲစားများလာရောက် ဝယ်ယူမှုရှိကြောင်း၊ တစ်ဧကရရှိသည့်ငွေမှာ ၃၆၂၅၀၀ ကျပ်ရရှိသဖြင့် အကျိုးအမြတ်ရရှိငွေမှာ တစ်ဧကလျှင် ၁၅၂၅၀၀ ကျပ်ရရှိကြောင်း၊ ယခုနှစ်နှမ်းစိုက်ပျိုးရာတွင် ရင်ဆိုင်ရသည့် အခက်အခဲမှာ မိမိစိုက်ပျိုးတဲ့ သီးနှံစိုက်မြေမှာ ကိုက်ညီမှုရှိတဲ့ သွင်းအားစု (မြေဩဇာ)ထည့်သွင်းနိုင်ရေးနဲ့ ရေရရှိရေးအတွက် ဆောင်ရွက်ရကြောင်း၊ မိမိတို့ကျေးရွာအုပ်စု အနီးတဝိုက်တွင်လည်း ရေရရှိမှုအခက်အခဲကြောင့် အချို့နွေနှမ်း စိုက်ပျိုးသူများမှာ အောင်ရေမရရှိသဖြင့် အထွက်နှုန်းလျော့ကျ ကြောင်း၊ အချို့စိုက်ဧကများမှာ ရေမရရှိသောကြောင့် ပျက်စီးဆုံးရှုံး ကြောင်း၊ မည်သည့်သီးနှံပဲစိုက်စိုက် ရေရရှိရေးက အဓိကကျကြောင်း၊ ယခုနှစ်မှာ မိုးနည်းတာကြောင့် ရေရရှိရေးအတွက် တောင်သူများ အနေဖြင့် အခက်အခဲကြီးတစ်ခုဖြစ်ကြောင်း၊ လောဘကြီးပြီး စိုက်ဧက တိုးချဲ့မစိုက်ပျိုးဘဲ တစ်ပိုင်တစ်နိုင် စိုက်ပျိုးသင့်ကြောင်း၊ ဘက်ပေါင်းစုံမှ စဉ်းစားချင့်ချိန်စိုက်ပျိုးကာမှ တော်ကာကျကြောင်း၊ ညောင်ဝန်းကျေးရွာ နှမ်းစိုက်တောင်သူကြီးတစ်ဦးက ပြောကြားပါတယ်။

ပြည်တွင်းဆီစက်ပိုင်ရှင်များနဲ့ ပြည်ပ (တရုတ်)ဝယ်လက်များ ပုံမှန်ဝယ်ယူမှုရှိနေတဲ့ နှမ်းဖြူက ဈေးကွက်ရရှိပြီးဖြစ်သလို ဈေးနှုန်းတည်ငြိမ်မှုရှိနေတာကြောင့် တောင်သူများအနေဖြင့် ဈေးကွက်အတွက် မပူပင်ရသလို ဈေးနှုန်းအတွက်လည်း မစိုးရိမ်ရတာကြောင့် နှမ်းဖြူကို စိုက်ဧကတိုးချဲ့စိုက်ပျိုးပြီး၊ စိုက်နည်းစနစ် မှန်ကန်စွာ စိုက်ပျိုးခြင်းဖြင့် မိမိတို့၏မိသားစုဝင်ငွေရော၊ တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေများပါ ရရှိမည်ဖြစ်ကြောင်း သိရပါတယ်။

**စိုးအောင် (မန္တလေး)**

# ပြုပြင်ပြောင်းလဲရေးကာလ ရက် ၁၀၀ နဲ့ ကုန်သွယ်မှုမူဝါဒဆိုင်ရာ အကောင်အထည်ဖော်မှု အခြေအနေ

နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိကကျတဲ့ ကုန်သွယ်မှုတိုးတက်ရေးကို ဆောင်ရွက်ရာမှာ ခေတ်နဲ့လိုက်လျောညီထွေဖြစ်ဖို့အပြင် ပြည်တွင်းမှာရှိတဲ့ သဘာဝအရင်းအမြစ် အခြေအနေများအရ ကုန်သွယ်ရေးမူဝါဒများ ပြုပြင်ပြောင်းလဲခြင်းကို အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ရက်ပေါင်း ၁၀၀ မပြည့်မီကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖော်ပြလိုက်ရပါတယ်။

## သတင်းအချက်အလက်များ ပွင့်လင်းမြင်သာမှုရှိရေး

ပြည်တွင်း လုပ်ငန်းရှင်များနဲ့ ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူ၊ တင်ပို့လိုသူများက မြန်မာနိုင်ငံရဲ့ ကုန်သွယ်ရေးဆိုင်ရာ ဆက်စပ် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ပွင့်လင်းမြင်သာစွာ သိရှိနိုင်ခြင်းဖြင့် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူညီချက် (ATIGA) ရဲ့ Article-13 အရ အကောက်ခွန်မဟုတ်တဲ့ စီမံဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ ပင်ရင်းဒေသ စည်းမျဉ်းအပါအဝင် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ သိသာမြင်သာ ထင်သာရှိစေရေးအတွက် ကုန်သွယ်မှု အချက်အလက်များ ဘဏ္ဍာတိုက် (National Trade Portal and Trade Repository Website) တည်ထောင်ရေးကို (USAID) ရဲ့ ကူညီထောက်ပံ့မှုနဲ့ အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှာ National Trade Portal Website တရားဝင်လွှင့်တင်ခဲ့ပြီးဖြစ်ပါတယ်။ Portal Website မှာ တင်ပြထားတဲ့ အချက်အလက်များပြောင်းလဲမှုရှိတိုင်း Update ဖြစ်စေရေးအတွက် သက်ဆိုင်ရာဌာနများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ကုန်သွယ်မှုမူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များကို




## ချိုသက်မှု

အများပြည်သူ ပိုမိုသိရှိနိုင်စေရန်အတွက် Commerce.gov.mm Website အပြင် facebook.com/dottrade.mm မှာလည်း အချိန်နဲ့တစ်ပြေးညီ ဖော်ပြပေးလျက်ရှိပါတယ်။ EIF ( Enhanced Integrated Framework) လုပ်ငန်းစဉ်များဖြစ်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်စေရေးစတဲ့ ဆောင်ရွက်ချက်များကို အများပြည်သူ သိရှိနိုင်စေဖို့ ( http:www.commerce.gov.mmeif)Web Page ကို မေလအတွင်းမှာ လွှင့်တင်ထားပြီးဖြစ်ပါတယ်။

## ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေး

ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် လိုင်စင်လျှောက်ထားရာမှာ အချိန်နဲ့ ငွေကုန်သက်သာပြီး မြန်ဆန်တိကျစွာဆောင်ရွက်နိုင်ရေးအတွက် Fully Online Licensing System ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဲဒီစနစ်အပေါ် လုပ်ငန်းရှင်များ သိရှိဆောင်ရွက်နိုင်ရေး အတွက်လည်း လုပ်ငန်းရှင်များအား အသိပညာပေးရှင်းလင်းခြင်းများကို ရန်ကုန်မြို့ UMFCCI ရုံးမှာ ၂၀၁၆ ခုနှစ် မေ ၃၀ ရက်မှာ ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဇွန် ၇ ရက်နေ့မှာတော့ Fully Online Licensing System စနစ်ကို စတင်အသုံးပြုဆောင်ရွက်နိုင်ခဲ့ပြီး လက်ရှိအချိန်အထိ လိုင်စင်ထုတ် ပေးမှုနဲ့ပတ်သက်လို့ Error များ ဖြစ်ပေါ်ခြင်းမရှိဘဲ လိုင်စင်များ အဆင်ပြေစွာ ထုတ်ပေးလျက်ရှိနေပြီဖြစ်ပါတယ်။

➲ စာမျက်နှာ ၃၀ သို့

# သတိထားရမယ့် ပဥ္စလက်ဆန်လှတဲ့ မှော်ဝင်ကလောင်တံတစ်ချောင်း

ဒီတစ်ပတ်မှာတော့ စာဖတ်ပရိသတ်တွေကိုအထူးသတိပေးချင်တဲ့ အကြောင်းအရာလေးကို ဖော်ပြပေးလိုက်ပါတယ်။

အဲဒါကတော့ တကယ့်ကို ပဥ္စလက်ဆန်လှသလို တစ်မုဟုတ်ချင်း ဘဝပြောင်းသွားစေမယ့် လှည့်ကွက်အမျိုးမျိုးအဖြစ်ဖန်တီးထားတဲ့ ကလောင်တံတစ်ချောင်းပဲဖြစ်ပါတယ်။

ကလောင်တံဆိုတာကတော့ ရှေးအစဉ်အဆက်က ခေါ်ဝေါ်သုံးစွဲခဲ့တဲ့ အမည်နာမတစ်ခုပါ။အခုခေတ်မှာတော့ ဘောလ်ပင် (Ball Pen) လို့ ခေါ်ဝေါ်သုံးစွဲနေကြပါပြီ။

ဘောလ်ပင်ဟာ တစ်ကမ္ဘာလုံးမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြတာ လူတိုင်းအသိပါပဲ။ နိုင်ငံတော်အဆင့် လက်မှတ်ရေးထိုးပွဲတွေ၊ အရေးကြီးစာချုပ်စာတမ်းတွေမှာလက်မှတ်ရေးထိုးတာတွေ၊ လျှောက်လွှာဖြည့်သွင်းတာတွေ၊ စသည် စသည်ဖြင့် နေရာပေါင်းများစွာ၊ အလုပ်ပေါင်းများစွာမှာ မပါမဖြစ် ပါဝင်နေတဲ့ ပစ္စည်းကိရိယာလေးတစ်ခုပဲ ဖြစ်ပါတယ်။

အဲဒီဘောလ်ပင်ဟာ လူတိုင်းအတွက် နေရာတိုင်းအတွက် အရေးကြီးလှတဲ့ ပစ္စည်းလေးတစ်ခုဟာ မသမာတဲ့တီထွင် ဖန်တီးထုတ်လုပ်တဲ့သူတစ်ဦးကြောင့် သတိထားရမယ့် အနေအထားတစ်ခုကို ရောက်ရှိခဲ့ပါပြီ။

အခုရက်ပိုင်းအတွင်းမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေအနက် ထူးခြားတဲ့ ဘောလ်ပင်တွေ ဝင်ရောက်လာခဲ့ပါတယ်။ ဝင်လာတဲ့ ဘောလ်ပင်ကတော့ အမှတ်တံဆိပ်အမည်နာမ



မပါဝင်ဘဲ ပုံစံတူနှစ်မျိုးနဲ့ ဝင်ရောက်လာတာဖြစ်ပါတယ်။

ပုံစံတူနှစ်မျိုးအနက် တစ်မျိုးရဲ့အဖုံးမှာ အဖြူရောင်ရှိပြီး ကိုယ်ထည်အရောင်မှာ အပြာရောင်ဖြစ်ပါတယ်။ အဖုံးနဲ့ ကိုယ်ထည်ပေါ်မှာ ကာတွန်းရုပ်ပုံလည်းပါရှိပါတယ်။

ကျန်တစ်မျိုးမှာတော့ အရောင်သုံးမျိုးရောစပ်ထားတဲ့ အရောင်စိုဘောလ်ပင်ဖြစ်ပါတယ်။ ကိုယ်ထည်ပေါ်မှာBunny Best Friend စာသားနဲ့ တိရစ္ဆာန်ပုံလေးများ ပါရှိပါတယ်။

အဲဒီဘောလ်ပင်နှစ်မျိုးစလုံးကို ရေးခြစ်ကြည့်ပါက ထွက်ရှိလာသည့် မှင်အရောင်မှာ အပြာရောင်လွင်လွင်ဖြစ်သည်ကို တွေ့ရှိရပါတယ်။

အဲဒီဘောလ်ပင်နှစ်မျိုးရဲ့ ထူးခြားချက်ကတော့ ဘယ်လိုစာရွက်မျိုးပေါ်မှာမဆို ရေးသားထားချက်များကိုသော် လည်းကောင်း၊ လက်မှတ်ရေးထိုးထားချက်များကိုသော် လည်းကောင်း၊ စာရွက်ရဲ့ အောက်တည့်တည့်မှ ဂတ်စ်မီးခြစ် (သို့မဟုတ်) ဖယောင်းတိုင်မီးနဲ့ မီးရောင်ပြလိုက်ရုံနဲ့ စာရွက်ပေါ်မှာ မိမိရေးခြစ်မှတ်သားထားတာတွေအားလုံးဟာ မျက်လှည့်ပြလိုက်သလို တစ်ခဏအတွင်း ပျောက်ပျက်သွားမှာဖြစ်ပါတယ်။

ဒါတင်မက အဲဒီရေးသားထားချက်တွေကို အဲဒီဘောလ်ပင်မှာပါတဲ့ ခဲဖျက်နဲ့ ဖျက်လိုက်ရုံနဲ့ စာတွေ၊ လက်မှတ်တွေ၊ မှတ်တမ်းမှတ်ရာတွေအားလုံးဟာ မည်သည့် အမှတ်အသားမှ မကျန်ခဲ့ဘဲ ပျောက်ပျက်သွားမှာဖြစ်ပါတယ်။

ခဲဖျက်နဲ့ဖျက်တဲ့အခါမှာ ဖျက်ရာကျန်ခဲ့ပေမယ့် အဲဒီဘောလ်ပင်မှာပါတဲ့ ခဲဖျက်ကတော့ မှော်ဝင်ခဲဖျက်လို့ဆိုရမှာဖြစ်သလို အဲဒီဘောလ်ပင်မှာပါတဲ့ မှင်ရည်ဟာ မှော်ဝင်မှင်ရည်လို့ ပြောရမှာဖြစ်ပါတယ်။

အဲဒီဘောလ်ပင်ဟာ စာရေးကိရိယာအမျိုးအစားထဲမှာပါဝင်နေတဲ့အပြင် လိုင်စင်မလိုတဲ့သွင်းကုန်ပစ္စည်းတစ်မျိုး ဖြစ်တာကြောင့် အကောက်ခွန်ဦးစီးဌာနမှာ ID ဖွင့်ပြီး ဂျူတီပေးဆောင်ကာ တင်သွင်းခွင့်ပြုထားတဲ့ပစ္စည်းဖြစ်ပါတယ်။

ဒါကြောင့်မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှာ အစစ်ဆေးခံပြီး တင်သွင်းနိုင်သလို တရားမဝင်ရှောင်ကွင်းလမ်းကနေလည်း တင်သွင်းလာနိုင်ပါတယ်။ ဒါ့အပြင် လူစီးယာဉ်တွေနဲ့ ခရီးသည်တင်မှန်လုံယာဉ်များနဲ့လည်း တစ်ပိုင်တစ်နိုင်တင်သွင်းနိုင်တာကြောင့် ပြည်တွင်းသို့ အရေအတွက် ဘယ်ရွေ့ဘယ်မျှ ရောက်ရှိနေမလဲဆိုတာ ခန့်မှန်းလို့မရနိုင်ပါဘူး။

သုံးစွဲသူပြည်သူတွေသာမက ရောင်းချသူပြည်သူတွေပါ အထူးသတိပြုရမှာဖြစ်သလို အဲဒီလို အမှတ်အသား တံဆိပ်တွေပါဝင်တဲ့ ဘောလ်ပင်မျိုးကို တွေ့ရှိခဲ့ပါက သက်ဆိုင်ရာဌာနများကို အသိပေးအကြောင်းကြားဖို့လည်း တိုက်တွန်းလိုပါတယ်။

ဘယ်လိုနေရာမျိုးမှာပဲဖြစ်ဖြစ် မိမိကိုယ်ပိုင် ဘောလ်ပင်များနဲ့သာ လက်မှတ်ရေးထိုးခြင်း၊ လျှောက်လွှာများဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ကြဖို့လိုပါတယ်။

ဝိသမသမားထုတ်လုပ်သူနဲ့ တီထွင်ဖန်တီးသူတို့ကြောင့် ဘဝပျက်၊ စီးပွားပျက်ရမယ့်ကိန်းမျိုးကို ဆိုက်ရောက်လာနိုင်တဲ့အပြင် နိုင်ငံတွင်းကို မလိုလားအပ်တဲ့သွင်းကုန်ပစ္စည်းတွေ ဝင်ရောက်လာနိုင်တာကြောင့် ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေးအသိ အမျိုးသားရေးအမြင်နဲ့ ဝိုင်းဝန်းကာကွယ်တားဆီးကြရမှာဖြစ်ပါတယ်။

ပဥ္စလက်ဆန်တဲ့ မှော်ဝင်ဘောလ်ပင်လေးတစ်ချောင်းကြောင့် ပျက်စီးဆုံးရှုံးရမယ့်အရေးကို ကြိုတင်ကာကွယ်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။

**ခင်မာမြင့်**
**မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်**

# အမှားပြင်ဆင်ခြင်း

commerce journal vol.16,No.23 တွင်ထည့်သွင်းထားသော Air India air-line မှကြော်ငြာတွင်ခရီးစဉ်ထွက်ခွာမည့်ရက်များယွင်းနေပါသဖြင့်အောက်ပါအတိုင်းအမှန်ပြန်လည်ဖော်ပြအပ်ပါသည်။









## ပြောင်း

### တရုတ်နိုင်ငံသို့ ပြောင်းဖူးစေ့ ပုံမှန်တင်ပို့မှုရှိ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန် ၁၈ ရက်နှင့် ၂၄ ရက်တာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၅၇ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၆၆၈၃ တန်ကိုလည်းကောင်း၊ လွယ်ဂျယ်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၇၀ သန်း တန်ဖိုးရှိ ပြောင်း ၂၃၁၁ တန်ခွဲကို လည်းကောင်း၊ ချင်းရွှေဟော်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၉ သန်းတန်ဖိုးရှိ ပြောင်း ၇၆ တန်နဲ့ ကန်ပိုက်တီးမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၃ သန်းတန်ဖိုးရှိ ပြောင်း ၁၄၂ တန်ခွဲကို အသီးသီးတင်ပို့ခဲ့ကြပါတယ်။ ယခင်တစ်ပတ်က မူဆယ်၊ လွယ်ဂျယ် နဲ့ ချင်းရွှေဟော်စခန်းသုံးခုမှ ပြောင်းဖူးစေ့ ၉၇၂၈ တန်ခွဲ တင်ပို့ခဲ့တာကြောင့် တရုတ်သို့ ပြောင်းဖူးစေ့ပုံမှန်တင်ပို့မှု ရှိခဲ့ပါတယ်။ သယ်ယူစရိတ်မှာ ယခင်တစ်ပတ်တွင် ပြောင်းတစ်ပိသာကို ၆၄ ဒသမ ၆၅ ကျပ်ရှိပြီး၊ ကားဝင်ရောက်မှု အစီး ၃၀၀ ခန့်ရှိတယ်လို့ သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဇွန် ၁၇ ရက်က ပြောင်းတစ် တန်ရဲ့ မိမိဘက်ပေါက်ဈေး ၂၉၃၈၆၁ ကျပ်ရှိခဲ့ပြီး ဇွန် ၂၄ ရက်မှာတော့ ၂၈၆၇၄၄ ကျပ်သို့ ပြောင်းဈေးများ ဆက်လက်ကျဆင်းနေတာ တွေ့ရပါတယ်။ မူဆယ်ကုန် စည်ဒိုင်မှာ နယ်အစုံက ပြောင်းတွေ အဝင်သွက်နေလို့ တရုတ်ဘက်ဝယ် လက်ပုံမှန်ရှိ ပေမယ့် ဈေးကွက်ကို ပစ္စည်းအဝင်လှိုင်လို့ ဈေးတွေကျဆင်းပြီး ၁၀၀ ကီလိုကို ၁၆၆ ယွမ်နဲ့ အရောင်းအဝယ်ရှိနေတယ်လို့ သတင်းရရှိပါတယ်။ **မော်မော်အောင်**

### အိန္ဒိယနိုင်ငံတွင် ပြောင်းဈေးကြီးမြင့်မှုကို ထိန်းကျောင်းနိုင်ရန်အတွက် ပြည်ပမှ ပြောင်းတင်သွင်းမည်

ဇွန်လတွင် မိုးရွာသွန်းမှုနည်းသဖြင့် တိရစ္ဆာန်အစားအစာအတွက် အဓိကကုန်ကြမ်းဖြစ်တဲ့ ပြောင်းဈေးမြင့်တက် လာဖွယ်ရှိတာကို ထိန်းကျောင်းနိုင်ရန်အလို့ငှာ အိန္ဒိယ ဗဟိုအစိုးရအနေနဲ့ ပြည်ပမှ တန်ချိန် ၅ သိန်းကို ကိုတာနှုန်းထား Tariff Rate Quota-TRQ) အောက်နဲ့ တင်သွင်းသွားရန် အကြံပြုပြောကြားပါတယ်။

ဇွန်လအတွင်းမှာ ပြောင်းဈေးဟာ တစ်ကီလိုဂရမ်ကို ၁၃ ရူးပီးမှ ၁၆ ရူပီးအထိ ၂၀ ရာခိုင်နှုန်းကျော်မြင့်တက်ခဲ့ ပါတယ်။ တိရစ္ဆာန်အစားအစာနဲ့ စားသောက်ကုန်လုပ်ငန်းများက ပြည်ပမှ ပြောင်းများကို TRQ (အခွန်ကင်းလွတ်ခွင့်) နဲ့ တင်သွင်းခွင့်ပြုရန် တောင်းဆိုခဲ့ကြတာဖြစ်ပါတယ်။ ယမန်နှစ်ကလည်း တင်ဒါစနစ်နဲ့ တန်ချိန် ငါးသိန်းခန့် တင်သွင်းရန် စီစဉ်ခဲ့သော်လည်း တန်ချိန် နှစ်သိန်းခွဲသာ တင်သွင်းခဲ့ပါတယ်။ အစိုးရအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကိုတာစနစ်နဲ့ ပြောင်းအသစ် တန်ချိန် ငါးသိန်း ထပ်မံတင်သွင်းရန် အစိုးရပိုင်းဆိုင်ရာလုပ်ငန်း (Public Sector Firm) ကိုပြောကြားလိုက်ပါတယ်။

အပြည်ပြည်ဆိုင်ရာဈေးကွက်မှာ မျိုးရိုးဗီဇပြုပြင်ထားသောကြောင့် (Genetically Modified-GMO) များဈေးကျနေပြီး အမေရိကန်ပြောင်းဈေးကတော့ ကောင်းနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ အိန္ဒိယကတော့ GMO မဟုတ်တဲ့ပြောင်းကိုတာတင်သွင်းခွင့်ပြုမှာဖြစ်ပြီး အပြည်ပြည်ဆိုင်ရာဈေးကွက်မှာ လိုအပ်သလောက် ဝယ်ယူရနိုင်မှာမဟုတ်ကြောင်း၊ GMO ထက်ပင်ဈေးမြင့်နေနိုင်ကြောင်း၊ GMO တာဝန်ခံက ပြောကြားပါတယ်။ ဇွန်လအတွင်းမှာ ပြောင်းတန်ချိန် ၅၀၀၀၀ ကို တိရစ္ဆာန်အစားအစာနဲ့ စားသောက်ကုန်လုပ်ငန်းရှင်များအား တင်သွင်းခွင့်ပြုခဲ့ပါတယ်။ ဂူဂျာရတ်ဆိပ်ကမ်းရောက် တန်ဖိုး CNF (Cost & Freight) တစ်တန်ကို ၂၅၄ -၂၅၅ ဒေါ်လာနှုန်းနဲ့ တင်ဒါတစ်စောင်ရရှိထားပြီးဖြစ်တယ်။ ပြည်တွင်းဈေး တစ်ကီလိုဂရမ် ၁၈ ရူပီးထက် ဈေးမြင့်နေတယ်လို့သိရပါတယ်။

GMO မဟုတ်တဲ့ပြောင်းများကို ယူကရိန်းနိုင်ငံထွက် ပြောင်းသစ်များကို နိုဝင်ဘာလလောက်မှာ သင်္ဘောတင်နိုင်မယ်၊ CIF (Cost , Insurance, Freight) ဈေး တစ်တန်ကို ၂၅၀ မှ ၂၆၀ ဒေါ်လာနှုန်း ရှိနိုင်တယ်လို့မျှော်မှန်းကြောင်း ကောက်နှံနဲ့ ဆီထွက်သီးနှံအသင်းမှ Yadav ကပြောကြားတယ်လို့ Economictimes india times မှာ ဖော်ပြထားပါတယ်။ **CMK**

## သကြား

### မူဆယ်နယ်စပ်မှ သကြားဖြူပုံမှန်တင်ပို့

ဇွန်လ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်တွင် မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉၅၃ သန်း တန်ဖိုးရှိ သကြားဖြူ ၃၄၃၆၅ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၃၅၈၆၃ တန် တင်ပို့ခဲ့လို့ မူဆယ်နယ်စပ်ကနေ တရုတ်ပြည်သို့ သကြားပုံမှန်တင်ပို့နေတယ်လို့ဆိုရပါမယ်။

တရုတ်နိုင်ငံတွင် ကြံစိုက်တောင်သူများက တန်ဖိုးကြီးတဲ့ အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးသဖြင့် သကြားအထွက်နှုန်းလျော့ကျခြင်း၊ မြန်မာနိုင်ငံမှ Re export စနစ်နဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်းလျှင် အခွန်နှုန်းသက်သာမှု ရှိခြင်းကြောင့် တရုတ်ကုန်သည်များမှ မြန်မာနိုင်ငံက သကြားကို နေ့စဉ်တန်ချိန် ၃၀၀၀ မှ ၅၀၀၀ အထိ ဝယ်ယူနေကြတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## ရော်ဘာ

### ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာဈေးတက်လာ

ဇွန် ၁၈ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ်ကာလအတွင်း ကုန်သွယ်ရေးစခန်းများမှ ရော်ဘာစေးနဲ့ မိုင်းခံရော်ဘာ ၈၀၂ တန်၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၈၅၇ သန်းဖိုး တင်ပို့ခဲ့တယ်လို့ သိရှိရပါတယ်။ရော်ဘာအများဆုံးတင်ပို့တဲ့ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ RSS-3 တန် ၅၀၊ RSS-3 တန် ၃၀၀၊ MSR-20 တန် ၁၁၀ နဲ့ MSR-50 တန် ၁၅၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 ၁၇၂ တန်နဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး တန် ၂၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှ ရော်ဘာစေးတင်ပို့မှုမရှိဘဲ မူဆယ်(၁၀၅)မိုင်နဲ့ ချင်းရွှေဟော်စခန်းမှ ရော်ဘာ ၅၉၄ တန်သာတင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တန် ၂၀၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန် ၁၉ ရက်မှ ၂၅ ရက်အထိ ကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၇၉၂ သန်းဖိုးရှိ ရော်ဘာ ၇၈၁ တန် တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ MSR-20 ၁၀၅ တန်နဲ့ RSS-3 တန်၁၄၀၊ အင်ဒိုနီးရှားနိုင်ငံသို့ RSS-3 ၄၈ တန်၊ ဂျပန်နိုင်ငံသို့ MSR-20 TSR ၂၉၄ တန်နဲ့ RSS-3 ၁၂ တန်ကျော်၊ ကိုရီးယားနိုင်ငံသို့ MSR-20TSR ၁၀၁ တန်ခန့်နဲ့ စင်ကာပူနိုင်ငံသို့ MSR-20TSR ၈၁ တန်ခန့် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၇၉၅ တန် တင်ပို့ခဲ့လို့ ရော်ဘာပုံမှန်တင်ပို့ခဲ့တယ်လို့ ဆိုရပါမယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာပေါက်ဈေး ဆက်လက်မြင့်တက်လာကြောင်း သိရပါတယ်။ ဒါကြောင့် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးလည်းမြင့်တက်လာပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထုတ်ပြန်ထားတဲ့ ရော်ဘာဈေးများကို ဖော်ပြလိုက်ပါတယ်-

| | | | |
|---|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၀၀-၁၄၀၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၅၀-၁၃၅၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၀၀-၁၃၀၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၅၀-၁၂၅၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၀၀-၁၂၀၀** |
| **MSR (3)L** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၄၅၀-၁၅၅၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၀၀-၁၃၀၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၅၀-၁၂၅၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၀၅၀-၁၁၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၀၀၀-၁၁၀၀** |
| **Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502)** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၅၀ -၁၃၅၀** |
| **Mixtures of Natural Rubber MSR-3L and Synthetic Rubber (97.5% MSR-3L,2.5% SBR 1502)** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၅၅၀ -၁၆၅၀** |
| **Concentrate Latex 60% DRC** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၈၆၀ - ၉၁၀** |

**ယဉ်ယဉ်အေး**

### အိန္ဒိယရော်ဘာစိမ်းဈေး အနည်းငယ်မြင့်တက်



ဇွန်နောက်ဆုံးပတ် ဗုဒ္ဓဟူးနေ့မှာ အိန္ဒိယ ရော်ဘာဈေး တစ်ကီလိုဂရမ်လျှင် ၁၄၃ ရူပီးအထိ ဈေးရရှိခဲ့ပါတယ်။ ဇွန်လအတွင်း ပေါက်ဈေးထက် ၁၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။အကြောင်းကတော့ မုတ်သုံမိုး ရွာသွန်းလာပြီဖြစ်လို့ ရော်ဘာအစေးခြစ်လုပ်ငန်းများ ကျဆင်းလာတဲ့အတွက်ဖြစ်ပါတယ်။

ဈေးကွက်အတွင်း ရော်ဘာရရှိမှုက နည်းလျက်ရှိပြီး၊ တာယာကုမ္ပဏီများအနေနဲ့လည်းပြည်ပမှ ရော်ဘာတင်သွင်းရာမှာ အခက်အခဲအချို့နဲ့ ရင်ဆိုင်နေရတဲ့အတွက် ပြည်တွင်းရော်ဘာများနဲ့ အစားထိုးရန်လိုအပ်ချက်မြင့်တက်ခဲ့တာလို့ Geofin Contrade မှဒါရိုက်တာ CP Krishnan က ပြောကြားပါတယ်။ ရော်ဘာအများဆုံး ထုတ်လုပ်တဲ့နိုင်ငံတွေမှာ ရော်ဘာထုတ်လုပ်မှုပိုလျှံနေသော်လည်း ကမ္ဘာ့ရော်ဘာဈေးဟာ အတက်ဘက်ကို ဦးတည်နေတယ်လို့ သုံးသပ်ပြောဆိုနေကြပါတယ်။ ဇွန် ၂၉ ရက်က နိုင်ငံတကာပေါက်ဈေးဟာ ရော်ဘာပြား တစ်ကီလိုဂရမ်ကို ၁၁၈ ရူပီးခန့်အထိ ၁၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အိန္ဒိယရော်ဘာဈေးထက်တော့ ၂၆ ရူပီးလျော့နည်းနေဆဲဖြစ်ပါတယ်။

တိုကျိုကုန်စည်ဒိုင်မှာ ကြိုပွဲ့ငွ့်ရော်ဘာဈေး အတက်အကျက ကမ္ဘာ့ရော်ဘာဈေးအပေါ် အကျိုးသက်ရောက်မှုရှိနေပါတယ်။ ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်လိုက်တဲ့ ဂယက်ကြောင့် ဇွန် ၂၉ ရက်က တိုကျိုကုန်စည်ဒိုင်ရဲ့ ရော်ဘာကြိုပွဲ့င့်ဈေးဟာ သုညဒသမ ၃ ရာခိုင်နှုန်းမြင့်တက်သွားပြီး တစ်ကီလိုဂရမ်ကို ၁၅၄ ယန်းခန့် ဈေးပေါက်လျက်ရှိနေတယ်လို့ economictimes သတင်းမှာ ဖော်ပြထားပါတယ်။

**CMK**

# ကူဘိုတာကုမ္ပဏီမှ မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျပ်သိန်းပေါင်း ၆၃၀ တန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများလှူဒါန်း

မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် ကူဘိုတာအမှတ်တံဆိပ်ဖြင့် လယ်ထွန်စက်များ၊ ရေစုပ်စက်များစသည့် လယ်ယာလုပ်ငန်းသုံးပစ္စည်း ကိရိယာများကို ရောင်းချလျက်ရှိသည့် Siam Kubota Corporation Co., Ltd. သည် မြန်မာနိုင်ငံတွင် ကျင်းပမည့် ကလေးများနေ့နှင့်အပြည်ပြည်ဆိုင်ရာ ကလေးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအတွင်းရှိ ဆင်းရဲနွမ်းပါးသောကလေးငယ်များအား ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းပွဲကို ဇွန် ၂၈ရက်က နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနတွင် ကျင်းပခဲ့သည်။




အဆိုပါအခမ်းအနားတွင် Siam Kubota Corporation Co., Ltd. က ကျောင်းနေအရွယ် ကလေးငယ်များအတွက် ငွေကျပ် သိန်း ၆၃၀ တန်ဖိုးရှိ စာရေးကိရိယာ ၁၅၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်း ၁၅၀၀၀ အနက် ၅၀၀၀ ကို ပညာရေးဝန်ကြီးဌာနမှတစ်ဆင့် လှူဒါန်းမည်ဖြစ်ပြီး ကျန် ၁၀၀၀၀ ကိုမူ ကူဘိုတာ၏ အရောင်းကိုယ်စားလှယ်များမှတစ်ဆင့် ဆင်းရဲနွမ်းပါးသည့် ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

"Kubota Sharing The Future 2016 လှူဒါန်းမှု စီမံကိန်းသည် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် လုပ်ဆောင်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများ လူမှုနယ်ပယ်အတွင်း ကောင်းကျိုးဖြစ်ထွန်းစေရေး (Corporate Social Responsibilities-CSR) အစီအစဉ်၏ ဒုတိယအကြိမ်မြောက် ပြုလုပ်ဆောင်ရွက်သည့် အစီအစဉ်ဖြစ်ပါတယ်"ဟု Siam Kubota Corporation Co., Ltd. ၏ Oversea Sales & Marketing ဌာန၏ Senior Department Manager ဖြစ်သူ Mr. Punna Wongtanasisikul က ပြောကြားခဲ့သည်။

**မယ်သီတာ**

# စတုတ္ထအကြိမ်မြောက် မဲခေါင်-ကိုရီးယား စီးပွားရေးဖိုရမ် ကျင်းပ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် Mekong Institute တို့ ပူးပေါင်း၍ စတုတ္ထအကြိမ်မြောက် မဲခေါင်-ကိုရီးယားစီးပွားရေးဖိုရမ် (The 4th Mekong-ROK Business Forum) ကို ဇွန် ၃၀ ရက်က နိုဗိုတယ်ဟိုတယ်မက်စ်တွင် ကျင်းပခဲ့သည်။

အဆိုပါဖိုရမ်တွင် မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား အတွေ့အကြုံများ၊ ရည်မှန်းချက်များ၊ အခွင့်အလမ်းများ၊ အခက်အခဲများ၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် ဆွဲဆောင်မှုများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြခြင်းဖြင့် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ နှစ်ရပ်စလုံးအတွက် အကျိုးကျေးဇူးများများစွာ ဖြစ်ပေါ်စေမည်ဖြစ်သည်။ ယင်းဖိုရမ်တွင် Realizing Investment Opportunities in Mekong Sub-region ခေါင်းစဉ်ဖြင့် မဲခေါင်ဒေသတွင်းနိုင်ငံများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များက မဲခေါင်ဒေသတွင်း၌ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်စေရန်အတွက် အနာဂတ်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"ဒီနေ့ကျင်းပတဲ့ပွဲကတော့ ကိုရီးယားသမ္မတနိုင်ငံနဲ့ မဟာမဲခေါင်ဒေသတွင်း ငါးနိုင်ငံတို့ ပူးပေါင်းပြီး ကိုရီးယားနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ ဒီမဟာမဲခေါင်ဒေသ တွင်း ငါးနိုင်ငံမှာ ဘယ်လိုလာရောက်ပြီး ရင်းနှီးမြှုပ်နှံကြမလဲဆိုတာကို ဆွေးနွေးကြတဲ့ပွဲပါ။ ဒီပွဲဟာ လေးကြိမ်မြောက် ကျင်းပတဲ့ပွဲဖြစ်ပါတယ်။ အဓိက ကတော့ ကိုရီးယားနိုင်ငံအနေနဲ့ ဒီမဟာမဲခေါင်ဒေသတွင်းနိုင်ငံတွေမှာ လာပြီး ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ဘယ်လိုအခွင့်အလမ်းတွေရမလဲဆိုတာကို ညှိနှိုင်းဆွေးနွေးကြတာဖြစ်ပါတယ်။ နိုင်ငံအသီးသီးကလည်း မိမိတို့နိုင်ငံရဲ့ အခွင့်အလမ်းတွေကို တင်ပြကြပါတယ်။ အဲဒီလိုတင်ပြတဲ့အပေါ်မှာ ကိုရီးယားနိုင်ငံဘက်က စီးပွားရေးလုပ်ငန်းရှင်များက ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာကို ညှိနှိုင်းဆွေးနွေးကြပါတယ်"ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။

ထို့နောက် မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်းတွေ့ဆုံခဲ့ကြကြောင်း သိရသည်။

**မယ်သီတာ**




# Myanmar Property Award ၏ ဆုရရှိသူများအား ထုတ်ပြန်ကြေညာ Best Developer (Myanmar) ဆုကို ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်ရရှိ

Myanmar Property Award မှ ရွေးချယ်ချီးမြှင့်သည့် အိမ်ခြံမြေလုပ်ငန်းဆိုင်ရာ ထူးချွန်ဆုရွေးချယ်ချီးမြှင့်ခြင်းအခမ်းအနားကို ရန်ကုန်မြို့၊ ဆူးလေရှန်ဂရီလာဟိုတယ်တွင် မေ ၃၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါဆုများတွင် Best Developer (Myanmar) ဆုကို ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်က ရရှိခဲ့ပြီး Keppel Lang နှင့် Capital Land တို့သည် စင်ကာပူနိုင်ငံတွင်ကျင်းပမည့် နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း ဆုရွေးချယ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် Yoma Strategic Holding ၏ ဥက္ကဋ္ဌဖြစ်သူ ဆာ့ချ်ပန်းသည် Real Estate of the Year ဆုကိုရရှိခဲ့ကြောင်း သိရသည်။

ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်သည် ဆန်ကာတင်စာရင်းတွင် ပါဝင်ခဲ့သည့် ကုမ္ပဏီဖြစ်ပြီး Best Office Development အတွက် တစ်ဆုနှင့် Best Retail Architectural Design အတွက် တစ်ဆု စုစုပေါင်းနှစ်ဆုကိုရရှိခဲ့သည်။ ထို့ပြင် ၎င်း၏လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သည့် City Square Commercial Co., Ltd. မှပူးတွဲတာဝန်ယူထားသည့် စီမံကိန်းဖြစ်သော Junction City Shopping Centre အတွက်လည်း ဂုဏ်ပြုချီးမြှင့်ခြင်းခံရကြောင်း သိရသည်။

Best Condo Development ဆုတွင် Capital Development Ltd. ၏ The Gems Garden Condominiumsက ပထမရရှိခဲ့ပြီး Crystal Residences က ဒုတိယရရှိခဲ့ကြောင်းသိရသည်။ The Gems Garden Condominium သည် Best Residential Interior Design ဆုနှင့် Best Residential Development(Myanmar) ဆုကို ရရှိခဲ့ကြောင်းသိရသည်။

ထို့ပြင် ယခုနှစ်တွင် ကဏ္ဍသစ်တစ်ခုအနေဖြင့် Best Boutique Developer ဆုကို စတင်ချီးမြှင့်ခဲ့ရာ ယင်းဆုကို Green Vision Construction Company Limited က ရရှိခဲ့ပါသည်။ Best Retail Development ဆုကို Myanmar Plaza စီမံကိန်းဆောင်ရွက်သည့် Hoang Anh Gai Lai Myanmar Co., Ltd. ကရရှိခဲ့သည်။ Myanmar Property Award 2016 ဆုများကို လွန်ခဲ့သည့် ခြောက်လခန့်ကတည်းက စတင်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ကုမ္ပဏီပေါင်း ၂၂ ခုအနက်မှ ဆုပေါင်း ၁၇ ခုကို ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဆုများကို BDO Myanmar က ဆုရွေးချယ်ရေးအဖွဲ့ အဖြစ်ဆောင်ရွက်ခဲ့ပြီး Property Guru Group က စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ Myanmar Property Award 2016 ဆုများနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက Asia PropertyAwards. com/myanmarpropertyawards/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

# ၂၀၁၆ ခုနှစ်အတွင်း ပြည်တွင်းဆန်စားသုံးမှု တန်ချိန် ရှစ်သန်းခန့်ရှိလာမည်

၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ပြည်တွင်းဆန်စားသုံးမှုသည် တန်ချိန် ရှစ်သန်းခန့်ရှိလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးစီးပွားပညာဌာနမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ ပူးပေါင်းဆောင်ရွက်သည့် လေ့လာချက်တစ်ရပ်အရ သိရသည်။



အဆိုပါလေ့လာချက်ကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ တိုင်းနှင့် ပြည်နယ်အသီးသီးမှ တတိယနှစ်၊ စတုတ္ထနှစ်နှင့် မဟာသိပ္ပံကျောင်းသား၊ ကျောင်းသူပေါင်း ၁၅၃ ဦးဖြင့် သုတေသနစစ်တမ်း ကောက်ယူခဲ့ခြင်းဖြစ်ပါသည်။

ယင်းကျောင်းသူ၊ ကျောင်းသားများသည် တိုင်းနှင့်ပြည်နယ် ၁၅ ခုမှ ကျေးလက်ဒေသနေ တောင်သူအိမ်ထောင်စု ၁၇၁၀ စု၊ မြေယာမဲ့အိမ်ထောင်စု ၁၄၈၄ စုနှင့် မြို့နေအိမ်ထောင်စု ၁၉၃၈ စု၊ စုစုပေါင်းအိမ်ထောင်စု ၅၁၃၂ စု၊ စုစုပေါင်း လူဦးရေ ၂၄၂၁၁ ဦးတို့ထံမှ အချက်အလက်များကိုကောက်ယူ၍ စာရင်းသွင်းတွက်ချက်ခြင်းများကို ပြုလုပ်ပြီး ယခုကဲ့သို့ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ယင်းကြေညာချက်အရ ဆန်စားသုံးမှုသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ တစ်ဦးချင်း တစ်နှစ်လျှင် ပျမ်းမျှ ဆန်စားသုံးမှုမှာ ၁၅၅ ဒသမ ၁၄ ကီလိုဂရမ်ဖြစ်ပြီး အနည်းဆုံး စားသုံးမှုမှာ ၄၃ ဒသမ ၁၀ ကီလိုဂရမ်နှင့် အများဆုံး စားသုံးမှုမှာ ၃၂၆ ဒသမ ၁၁ ကီလိုဂရမ်ဖြစ်သည်။

ထို့ပြင် အုပ်စုလိုက်အနေဖြင့် တစ်ဦးချင်းဆန်စားသုံးမှုမှာ တစ်နှစ်လျှင် မြို့နေလူထုသည် ၁၃၃ ဒသမ ၀၇ ကီလိုဂရမ်စားသုံးပြီး ကျေးလက်မြေယာမဲ့ များသည် ၁၅၉ ဒသမ ၆၅ ကီလိုဂရမ် စားသုံးကြကာ ကျေးလက်တောင်သူများသည် ၁၇၆ ဒသမ ၂၃ ကီလိုဂရမ်စားသုံးကြကြောင်း သိရသည်။

ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်း အတာအနေဖြင့် တစ်ဦးချင်းပျမ်းမျှ ဆန်စားသုံးမှုကို တွက်ချက်ကြည့်ရာတွင် ပြည်တွင်းဆန်စားသုံးမှုပမာဏမှာ ၂၀၁၆ခုနှစ်တွင် ဆန်တန်ချိန် ရှစ်သန်းခန့် စားသုံးကြောင်း သိရှိရပါသည်။

**မယ်သီတာ**

➲ စာမျက်နှာ ၈ - စတော့ဈေးကွက်သို့ ဝင်ရောက်ရန် ... မှ အဆက်

ဤနေရာတွင် ယခုရန်ကုန်စတော့အိပ်ချိန်း၏ ရောင်းဝယ်ရေးစနစ်ကို အနည်းငယ်တင်ပြလို ပါသည်။ ယခုကျင့်သုံးနေသည့်စနစ်မှာ ရှယ်ယာ လက်မှတ်များ ကိုင်ဆောင်ရောင်းဝယ်ခြင်းမပြုသည့်စနစ် (Dematerialization)ကိုကျင့်သုံးခြင်း ဖြစ်သောကြောင့် ပြည်သူတို့အနေနှင့်ရှယ်ယာ လက်မှတ်များ သယ်ဆောင်ကာ ရောင်းဝယ်သည့် စနစ်မရှိတော့ပါ။ ရှယ်ယာရောင်းလိုသူသည် မိမိ ဝယ်ယူထားသည့် ကုမ္ပဏီမှထုတ်ပေးလိုက်သည့် ရှယ်ယာပိုင်ဆိုင်သည့် အထောက်အထားစာရွက်ကို ပြသကာ ဖောက်သည်စာရင်းကိုဖွင့်လှစ်နိုင်ပါသည်။ ထိုသို့စာရင်းဖွင့်လှစ်ပြီးနောက် မိမိပိုင်ဆိုင်ထားသည့် ရှယ်ယာများထဲမှ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ၊ အကုန်ဖြစ်စေ ရောင်းချနိုင်သလို မရောင်းဘဲနေ၍လည်းရပါသည်။ ရောင်းချလိုပါ က မိမိရောင်းချလိုသည့် ရှယ်ယာအရေအတွက်၊ ရရှိလိုသည့်ဈေးနှုန်းတို့ဖြင့် အရောင်းအမှာလွှာ တင်နိုင်ပါသည်။

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ သည် မိမိတို့ထံသို့ ရောက်ရှိလာသည့် အရောင်း အဝယ်အမှာလွှာများကို အချိန်နှင့်တစ်ပြေးညီ စတော့အိပ်ချိန်းသို့ပေးပို့ရပါသည်။ စတော့အိတ်ချိန်းသည် ရောက်ရှိလာသည့် အဝယ်/အရောင်းအမှာလွှာအသီးသီးကို အမှန်ကန်ဆုံး၊ အမျှတဆုံး ဈေးနှုန်းရရှိစေရန် ရောင်းဝယ်မှု (trading) ကို ပြုလုပ်ပေးပါသည်။ အရောင်းအဝယ်ပြီးမြောက်သည့် အမှာလွှာများကို သက်ဆိုင်ရာငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများသို့ ချက်ချင်းပြန်လည် အကြောင်းကြားရပါသည်။

ရှယ်ယာဝယ်ယူ/ရောင်းချလိုသူများသည် မိမိတို့ရောင်းလိုသည့် စတော့အတွက် ဈေးကွက်တွင် လောလောဆယ်ဖြစ်နေသည့် မည်သည့်ဈေး နှုန်းနှင့်မဆို ရောင်း/ဝယ်လိုသည့်အမှာလွှာ (market order)ကိုပေးနိုင်သလို မိမိကြိုက်နှစ်သက်သည့် ဈေးနှုန်းကို ကန့်သတ်ထားသည့် (limit order)ဖြင့်လည်း အမှာလွှာပေးနိုင်ပါသည်။ သို့သော် သတိထားရမည့်အချက်မှာ ဈေးကွက်အတွင်းတွင် မည်သည့်ဈေးနှင့်မဆို ရောင်းမည် ဝယ်မည်ဆိုသည့် (market order) သည် စတော့ ဈေးကွက်တွင် ကန့်သတ်ဈေး အမှာလွှာ (limit order)ထက် ဦးစားပေးအဆင့်ပို၍ မြင့်သည်ကို ဂရုပြုရန်လိုအပ်ပါသည်။

ဆက်လက်၍ ဝယ်ယူခွင့်ရရှိသူ၏ ငွေစာရင်းသို့ ငွေသားများ သတ်မှတ်ချိန်အတွင်း ရောက်ရှိရေး၊ ရောင်းချသူ၏ စတော့ စာရင်းမှ ဝယ်ယူသူ၏ စတော့စာရင်းသို့ အချိန်မီရောက်ရှိရေးကို ဆောင်ရွက်ပေးရပါသည်။ ရန်ကုန်စတော့ အိပ်ချိန်းသည် အရောင်းအဝယ်ဖြစ် ပြီးသည့် ရှယ်ယာများအတွက် ငွေစာရင်း ရှင်းလင်း ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် KBZ ဘဏ်ကို စာရင်းရှင်းလင်းရေးဘဏ်အဖြစ် ခန့်အပ်ခဲ့ပါသည်။ အရောင်းအဝယ်ဖြစ်ပြီးသည့် အရောင်းအမှာလွှာများအတွက် သက်ဆိုင်ရာ ဖောက်သည်၏ စာရင်းသို့ အရောင်းအဝယ်ဖြစ်ပြီး သုံးရက်မြောက်နေ့ (T+3)တွင် ငွေသားများ ရောက်ရှိသွားမည်ဖြစ်သလို ဝယ်ယူသူ၏ စတော့ စာရင်းသို့လည်း (T+3) နေ့တွင် စတော့များ ရောက်ရှိသွားမည်ဖြစ်ပါသည်။ (ဥပမာ-ဧပြီလ ၁၀ ရက်နေ့တွင် အရောင်းအဝယ်ဖြစ်ပါက သက်ဆိုင်ရာစာရင်းများသို့ ဧပြီလ ၁၃ ရက်နေ့တွင်ရောက်ရှိသွားခြင်း ဖြစ်ပါသည်။)

နောက်ဆုံးဖောက်သည်ချလိုသည်မှာ ရှယ်ယာ ဝယ်ယူ/ရောင်းချလိုသူများသည် မြန်မာ နိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM)မှ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးထားပြီးဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများဖြစ်သည့် MSEC Co.၊ KBS SC ၊ CB Securities, AYA Trust Co၊ KTZ RH Co တို့ထံတွင် သွားရောက်စာရင်းဖွင့်လှစ်ကာ လုပ်ငန်းများ ဆောင်ရွက်နိုင်ကြပြီးဖြစ်ပါသည်။ ရှယ်ယာဝယ်ယူ/ရောင်းချခြင်းမပြုမီ မိမိစာရင်း ဖွင့်လှစ်ထားသည့် အထက်ပါကုမ္ပဏီ များထံမှ အကြံဉာဏ်များရယူခြင်း၊ ဈေးနှုန်းအတက် အကျများကို ဆင်ခြင် သုံးသပ်ခြင်း၊ မိမိဝယ်ယူမည့်ကုမ္ပဏီ၏ သတင်းအချက်အလက်များကို အချိန်ယူလေ့လာ ခြင်းဖြင့် ရောင်းမှား/ဝယ်မှား ဖြစ်ခြင်းမှ ကင်းဝေး နိုင်ကြမည်ဖြစ်ပါသည်။

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ (စက်ရုပ်)(၂၀၀၁) | 5D | ၁၅၀ သိန်း | 1.8 ဓာတ်ဆီ |
| ၂။ | နွတ်ချ် (၂၀၀၃) | 9J | ၁၈၅ သိန်း | 1.8 ဓာတ်ဆီ |
| ၃။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၁၄၅ သိန်း | 1.3 ဓာတ်ဆီ |
| ၄။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၂၈၅ သိန်း | ကီလိုနဲ၊ 2.4 ဓာတ်ဆီ |
| ၅။ | ဝှစ်ရှ် (၂၀၀၃) | 3J | ၁၈၅ သိန်း | 1.8 ဓာတ်ဆီ |
| ၆။ | အက်ဇီယို (၂၀၀၉) | ယာယီ | ၁၈၅ သိန်း | 1.5 ဓာတ်ဆီ |
| ၇။ | စီအာဗီ (၂၀၀၁) | ယာယီ | ၂၄၅ သိန်း | 1.8 ဓာတ်ဆီ |
| ၈။ | ဒီမီယို (၂၀၀၉) | 9F | ၈၅ သိန်း | 1.3 ဓာတ်ဆီ |
| ၉။ | ကိုရိုလာဆလွန်း (အပ်ကား) | နစ် (၂၀) | ၈၅ သိန်း | ကားကောင်း |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၂.၅x၄၅) ပေ | အခန်းဖွဲ့ (၃) လွှာ | ၈၈၀ သိန်း | | ၀၉/၂၅၀/၃၇၈၁၅၂ |
| ၂။ | တိုက်ခန်း | တာမွေမြို့နယ်၊ မေတ္တာညွန့် | ၇၅၀ စ/ပေ | အခန်းဖွဲ့၊ (၃) လွှာ | ၆၅၀ သိန်း | | ၀၉/၉၇/၆၂၁၁၀၂၃ |
| ၃။ | တိုက်ခန်း | တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ပွဲစားတန်းအနီး | ၆၅၀ စ/ပေ | အခန်းဖွဲ့၊ မြေညီ | ၇၅၀ သိန်း | | ၀၉/၉၇/၆၂၁၁၀၂၃ |
| ၄။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | ၂၄၀၀ စ/ပေ | (၂) ကွက်ပေါင်း | ၅၅၀၀ သိန်း | | ၀၁-၅၆၃၀၇၀ |
| | | | | RC(၁)ထပ်တိုက်(၂)လုံး | | | |
| ၅။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ အင်ပူလမ်း | ၆၅၀ စ/ပေ | (၄) လွှာ၊ အခန်းဖွဲ့ | ၂ သိန်း | ၁လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | လုံးချင်း | သုမင်္ဂလာအိမ်ရာ၊ သယ်န်းကျွန်းမြို့နယ် | မြေ ၆၄၀၀ စ/ပေ<br>အိမ် ၂၄၀၀ စ/ပေ | RC (၂) ထပ်<br>MB (၃) ခန်း | ၃၅ သိန်း | ၁လအငှားနှုန်း | ၀၉/၉၇/၆၃၁၁၁၂၃ |
| ၇။ | တိုက်ခန်း | သယ်န်းကျွန်းမြို့နယ်၊ ကျိုက္ကဆံဘုရားလမ်း၊ လမ်းသွယ် | (၁၅ x ၆၀) ပေ | မြေညီ | ၉၅၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | မြေ | ပြင်ဦးလွင်မြို့ ရေချမ်းအိုးရွာအနီး | (၅၀ x ၇၀) ပေ | ရွာမြေ | ၅၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက် | ၄၈၀၀ စ/ပေ | မြေသီးသန့် (ဂရန်မြေ) | ၂၅၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |

## ပုသိမ်မြို့တွင် Ocean Supercenter ဆိုင်သစ်ဖွင့်လှစ်




ပုသိမ်မြို့တွင် Ocean Supercenter ဆိုင်သစ်ကို ဇွန်လ ၃၀ ရက်နေ့က စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်ပါတယ်။ အဆိုပါ Ocean Supercenter ဆိုင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ပုသိမ်မြို့၊ ကမ်းနားလမ်းရှိအဆိုပါ Ocean Supercenter တွင် ကျင်းပပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမန်းဂျော်နီနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ တက်ရောက်ခဲ့ပြီး ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရပါတယ်။

Ocean Supercenter ဆိုင်များကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မုံရွာ မြို့များတွင် ဖွင့်လှစ်ပြီးဖြစ်သော်လည်း ပုသိမ်မြို့တွင် ယခုမှစတင်ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း၊ Ocean Supercenter တွင် အဝတ်အထည်၊ အလှကုန်ပစ္စည်း၊ ခေတ်ပေါ်လျှပ်စစ်ပစ္စည်းမျိုးစုံ၊ နာရီဆိုင်၊ ဖုန်းဆိုင်၊ ပရိဘောဂများ၊ ဖက်ရှင်ဆိုင်၊ လက်ဝတ်ရတနာဆိုင်၊ ဖန်စီဆိုင်၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းဆိုင်၊ အမျိုးသားအသုံး အဆောင်ပစ္စည်းဆိုင်၊ သစ်သီးဝလံဆိုင်များ၊ စားသောက်ကုန်များနှင့် အခြားဆိုင်ခန်းများ အပါအဝင် စုစုပေါင်း ဆိုင်ခန်း ၃၀ ကျော်ပါဝင်ပြီး နိုင်ငံတကာအဆင့်မီ စားသောက်ဆိုင်များလည်း ပါဝင်ကာ ကားအစီးရေ ၃၀ နဲ့ ဆိုင်ကယ် အစီး ၃၀၀ ရပ်နားနိုင်တဲ့ ပါကင်များလည်း ပါဝင်ပါတယ်။ အဆိုပါ စူပါစင်တာကို နံနက် ၉း၀၀ နာရီမှ ည ၉း၀၀ နာရီအထိ ဖွင့်လှစ်ရောင်းချပေးသွားမှာဖြစ်ပြီး၊ ဧရာဝတီတိုင်း ဒေသကြီးရဲ့ မြို့တော်ဖြစ်တဲ့ ပုသိမ်မြို့မှာ ယခုလိုအဆင့်မြင့် Ocean Supercenter ဆိုင်များ ဖွင့်လှစ်နိုင်ခြင်းဖြင့် မြို့ပြဖွံ့ဖြိုးလာမှုနှင့်အတူ လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာမှာဖြစ်ကြောင်း ဒေသခံများက ပြောပါတယ်။

**မင်းမင်းဦး**

■

## ၂၀၁၆- ၂၀၁၉ ခုနှစ်၊ မွန်ပြည်နယ်ဆန်စက်အသင်း နှစ်ပတ်လည် အသင်းသားစုံညီနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကျင်းပ

၂၀၁၆ -၂၀၁၉ ခုနှစ်၊ ဆန်စက်အသင်းနှစ်ပတ်လည် အသင်းသားစုံညီနှင့်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို မွန်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမမှာ ဇွန် ၁၀ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးတင်ဝင်းနှင့်မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးစိုးသန်းအေးတို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ ၂၀၁၆-၂၀၁၉ ခုနှစ်၊ မွန်ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းကို ဥက္ကဋ္ဌဦးကင်ချိန်း အပါအဝင် အလုပ်အမှုဆောင် ၂၁ ဦးဖြင့် အသင်းသားများက ရွေးချယ်တင်မြှောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးတင့်အောင်၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ဆန်စက်အလုပ်အမှုဆောင်များ၊ ဆန်စက်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**(Mon)**

# ရွှေဘိုခရိုင်အတွင်းရှိ သောက်ရေသန့်လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ပညာပေး



၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်တွင် ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အဆင့်စားသုံးသူရေးရာ ဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီနှင့် ရွှေဘိုခရိုင်မြို့နယ်များရှိ သောက်ရေသန့်လုပ်ငန်းရှင်များ တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ရေသန့်လုပ်ငန်းရှင်တစ်ဦးချင်းအား FDA ထောက်ခံချက်နှင့် စည်ပင်သာယာရေးကော်မတီနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနများ၏ လိုင်စင်များရှိ/မရှိ မေးမြန်း၍ မရှိသောလုပ်ငန်းရှင်များအား သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်နှင့်လိုင်စင်များရရှိအောင် ဆောင်ရွက်ရမည့်တာဝန်မှာ လုပ်ငန်းရှင်များ၏တာဝန်သာဖြစ်၍ အမြန်ရရှိအောင် ဆောင်ရွက်ကြရန်၊ အချို့လုပ်ငန်းရှင်များက နေပြည်တော် FDA မှ လာရောက်စစ်ဆေးပြီးကြောင်း တင်ပြကြရာ လာရောက်စစ်ဆေးခြင်းသည် ထောက်ခံချက်ရရှိခြင်းမဟုတ်၍ နေပြည်တော်သို့ သွားရောက်ပြီးအမြန်ရအောင်ဆောင်ရွက်ရန်၊ အရည်အသွေးနှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီသော သောက်ရေသန့်စက်ရုံတည် ထောင်ပါက သိန်းပေါင်းနှစ်ထောင် သုံးထောင်ကုန်ကျမည်ဖြစ်ပြီး ထိုကဲ့သို့ထောက်ခံချက်များ၊ လုပ်ငန်းလိုင်စင်များ မရှိဘဲရောင်းချခြင်းကို လူတိုင်းပြုလုပ်နိုင်ကြောင်း၊ အချို့ရေသန့်ဗူးများတွင် ရေညှိများတွေ့သည်ဟု သောက်သုံးသူပြည်သူများမှ ပြောကြားကြောင်းနှင့် သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များ လုပ်ငန်းလိုင်စင်များမရှိပါက လုပ်ငန်းရှင်များအနေဖြင့် မိမိ၏သောက်ရေသန့်များကို လုံးဝဖြန့်ဖြူးရောင်းချခြင်း မပြုရန်နှင့် ဖြန့်ဖြူးရောင်းချသည်ကို တွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်းပြောကြားပါသည်။

စားသုံးသူရေးရာ ဦးစီးဌာန ရွှေဘိုခရိုင်ဦးစီးမှူးက သောက်ရေသန့်လုပ်ငန်းရှင်များအနေဖြင့် FDA ထောက်ခံချက်၊ စည်ပင်သာယာရေး ကော်မတီနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီး ဌာနများ၏ လုပ်ငန်းခွင့်ပြုချက် လိုင်စင်များရရှိအောင် အမြန်ဆုံး ဆောင်ရွက်ကြရန်နှင့် ၎င်း ထောက်ခံချက်များ ရရှိပြီးသော်လည်း စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးအတွက် မိမိဌာနအနေဖြင့် ကျန်းမာရေးဦးစီးဌာန၊ FDA၊ စည်ပင် သာယာရေးကော်မတီ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနများနှင့် ပူးပေါင်းပြီး အခါအားလျော်စွာ စစ်ဆေးသွားမည်ဖြစ်ကြောင်းပြောကြားပါသည်။ စည်ပင်သာယာရေးကော်မတီနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှလည်း မိမိတို့ဌာနတွင် လုပ်ငန်းခွင့်ပြုချက်လိုင်စင်များ ပြုလုပ်ကြရန် ပြောကြားကြောင်း သိရှိရပါသည်။

**နှင်းနှင်းခိုင် (ရွှေဘို)**

# မူဆယ်မြို့တွင် စိုက်ပျိုးရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မူဆယ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဆိုင်ရာ ဥပဒေ နည်းဥပဒေ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ၂၁ ရက်တွင် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲကို မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးတို့က တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။ မူဆယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းလွင်လွင်စိန်က အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် သီးနှံကာကွယ်ရေးတာဝန်ခံ ဦးမင်းသန်းက ပိုးသတ်ဆေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ မြေအသုံးချရေး တာဝန်ခံ ဦးမြသိန်းက မြေဩဇာဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ မျိုးစေ့ တာဝန်ခံ ဦးအောင်ကိုလတ်က မျိုးစေ့ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ ဥပဒေ၊ နည်းဥပဒေများကို အသီးသီးရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသော မြေဩဇာ တင်သွင်းသူများအစုအဖွဲ့ ၊ ပိုးသတ်ဆေးတင်သွင်းသူများ အစုအဖွဲ့၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ သက်ဆိုင်ရာ ကုန်စည်ဒိုင်များ၊ ဝန်ထမ်းအစုအဖွဲ့များက ပြန်လည်ဆွေးနွေးခဲ့သည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို လေ့လာသူအဖြစ် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုန်သည်များ၊ တောင်သူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

အလားတူ မုံးကိုးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးခန်းမတွင်လည်း စိုက်ပျိုးရေးတောင်သူလယ်သမားများအား စိုက်ပျိုးရေးဆိုင်ရာဥပဒေနှင့်နည်းပညာများ ရှင်းလင်းဟောပြောသရုပ်ပြသခြင်းကို မူဆယ်ခရိုင် စိုက်ပျိုးရေးမှူး ဒေါ်နန်းလွင်လွင်စိန်နှင့်အဖွဲ့က ပြုလုပ်ရာ နယ်စပ်ဒေသဖြစ်တဲ့ အတွက် တစ်ဖက်နိုင်ငံကဲ့သို့အထွက်တိုးနည်းပညာများ လက်တွေ့ကျကျ ရှင်းလင်း ပြသပေးတဲ့အတွက် အကျိုးရှိလှကြောင်း ပြောင်းစိုက်တောင်သူတစ်ဦးက ပြောကြားခဲ့သည်။

**ခရိုင်စိုက်ပျိုးရေး (မူဆယ်)**

# လွိုင်ကော်မြို့တွင် ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာကုန်သွယ်မှုစင်တာ (ITC) မှ Training of Trainers (TOT) ဆရာဖြစ်သင်တန်း ဖွင့်လှစ်

နိုင်ငံတကာကုန်သွယ်မှုစင်တာ (ITC) မှ Training of Trainers (TOT) ဆရာဖြစ်သင်တန်းကို ကယားပြည်နယ်လွိုင်ကော်မြို့တွင် ဇွန် ၁၇၊ ၁၈၊ ၂၀ ရက်နှင့် ၂၈ ရက်များတွင် ITC ရုံး၌ သင်တန်းဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ သင်တန်းဖွင့်လှစ်ရခြင်းရဲ့ ရည်ရွယ်ချက်မှာ ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် လက်တွေ့လုပ်ဆောင်နိုင်မယ့် နည်းလမ်းနဲ့ စည်းမျဉ်းများပိုမိုနားလည်တတ်ကျွမ်း သိရှိနိုင်စေရန် ပဏာမကွင်းဆင်းလေ့လာနိုင်တဲ့ လက်တွေ့နည်းလမ်းများကို သိရှိနိုင်ရန် ရည်ရွယ်ပြီးဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။

သင်တန်းနည်းပြဆရာအဖြစ် နိုင်ငံတကာကုန်သွယ်မှုစင်တာ (ITC) မှ ယဉ်ကျေးမှုခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနဲ့ စွမ်းဆောင်ရည်အရည်အသွေးမြှင့်တင်ခြင်း အကြံပေးပညာရှင် Ms.Potjana Suansri က သင်ကြားပြသပေးပါတယ်။ တက်ရောက်မည့် သင်တန်းသားများကိုလည်း အဓိကဦးစားပေးအဖွဲ့အစည်းများအဖြစ် ဟိုတယ်နဲ့ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံခရီးသွားကုမ္ပဏီများမှ ဝန်ထမ်းများ၊ ဒေသခံဧည့်လမ်းညွှန်များ၊ တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့ဝင်များနဲ့ ကျေးရွာအခြေပြုလူမှုအဖွဲ့အစည်းများမှ ဝန်ထမ်းများကို အဓိကထားဖိတ်ကြားပြီး ဖွင့်လှစ်ခဲ့ပါတယ်။ သင်တန်းကို အဖွဲ့အစည်းအသီးသီးမှ သင်တန်းသား စုစုပေါင်း ၃၁ ဦး တက်ရောက်ခဲ့ပါတယ်။

သင်တန်းတွင် ပို့ချသွားတဲ့အကြောင်းအရာမှာ ခရီးသွားမြှင့်တင်ရာတွင် ဒေသတွင်းအလားအလာရှိတဲ့ ကျေးရွာများသို့ ကွင်းဆင်းလေ့လာခြင်း၊ စစ်တမ်းကောက်ယူခြင်း၊ ခရီးသွားလုပ်ငန်းအရင်းအမြစ်ရှိမရှိသုံးသပ်ခြင်း၊ ကျေးရွာဥက္ကဋ္ဌများနဲ့ လက်တွေ့အင်တာဗျူးများပြုလုပ်ခြင်း၊ ကျေးရွာအဖွဲ့ဝင်များနဲ့ အင်တာဗျူးများပြုလုပ်ခြင်း စသည့်နည်းလမ်းများကို ပါဝါပွိုင့်များဖြင့် ရှင်းလင်းသင်ကြားပြသခဲ့ပါတယ်။ ထို့နောက် ကျေးရွာအခြေပြုခရီးသွားမြှင့်တင်ရေးအတွက် ပြည်နယ်အတွင်းရှိ ထပ်မံရွေးချယ်ထားတဲ့ ထေးခိုကျေးရွာ၊ ဒေါတမကြီးရွာ၊ ဘုရားဖြူရွာ၊ လွိုင်နန်းဖရွာများသို့ လက်တွေ့ကွင်းဆင်းသင်ကြားပေးခဲ့ပါတယ်။ ကျေးရွာများသို့ ကွင်းဆင်း ကောက်ယူချက်စစ်တမ်းများကို အုပ်စုအဖွဲ့ငယ်များတစ်ခုခြင်းစီ အလိုက်ရှင်းလင်းစေပြီး သင်တန်းဆင်းပွဲကျင်းပခဲ့ကြောင်း သိရပါတယ်။

**ဗညားထက်၊ လွိုင်ကော်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါ်နန်းခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၄-၇-၂၀၁၆ မှ ၁၀-၇-၂၀၁၆ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးတွင် အချိန်အခါနှင့် သုံးသပ်၍ အကောင်အထည်ဖော်ဖြစ်လိမ့်မည်။ လုပ်ကိုင်လိုသော လုပ်ငန်းများကို မဖြစ်မနေကြိုးစားဆောင်ရွက်လိမ့်မည်။ စီးပွားဖြစ်ထွန်းအောင်မြင်မှုရပါလိမ့်မည်။ ပညာရေးထွန်းပေါက်မှုအားကောင်းနေမည်။ ကျန်းမာရေးတွင် ကိုယ်လက်ကိုက်ခဲနာကျင်သောဝေဒနာ ခံစားရတတ်သည်။ အချစ်ရေးကံကောင်းမည်။ အိမ်ထောင်ရေးအဆင်ပြေနေမည်။

**ယတြာ။ ။ အုန်းထမင်းဆွမ်း ကပ်လှူပါ။ လိုရာဆုတောင်းပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးတွင် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ငွေရင်းနှီးမှုများနစ်နေတတ်သည်။ မပြီးပြတ်သေးသော လုပ်ငန်းများကို ကြိုးစား၍လုပ်ဆောင်ရမည်။ ပညာရေး ကံကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် အထူးရောဂါမရှိပါ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မိမိစွဲလမ်းသူနှင့် ပြန်လည်တွေ့ဆုံရပြီး ဘဝလက်တွဲဖော်ဖြစ်လာလိမ့်မည်။ စီးပွားရေးသင့်တင့်လာမည့် ကာလဖြစ်ပါသည်။

**ယတြာ။ ။ ခွေးများကို အစာကျွေးပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးတွင် နိုင်ငံရပ်ခြားပြည်ပဆက်ဆံရေးလုပ်ငန်း ကြီးပွားချမ်းသာမည်။ အိုးအိမ်ကိစ္စနှင့် ပတ်သက်၍ စိတ်ပင်ပန်းမှုများရှိနေမည်။ ပညာရေးအောင်မြင်မှုရမည်။ ကျန်းမာရေးတွင် ထိခိုက်ဒဏ်ရာရရှိတတ်ပြီး ဝေဒနာခံစားရမှု ရှိနေတတ်ပါသည်။ အချစ်ရေးတွင် အပြောင်းအလဲရှိနေမည်။ အိမ်ထောင်ရေး သာယာနေမည်။

**ယတြာ။ ။ နို့ဆန်ပြုတ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားဥစ္စာဖြစ်ထွန်းမည့်ကာလဖြစ်သည်။ စက်မှုပညာနှင့်ပတ်သက်ပြီးအောင်မြင်ကျော်ကြားမှုရှိသည်။ စီးပွားဖြစ်ထွန်းမည်။ စက်မှုလုပ်ငန်းများအကျိုးပေးကံကောင်းနေမည်။ ပညာရေးတွင် ရည်မှန်းချက်ထားပညာသင်ယူပါက အောင်မြင်မှုရရှိပါလိမ့်မည်။ ကျန်းမာရေးတွင် အရေပြားအဆိပ်သင့်သော ဝေဒနာ ခံစားရတတ်ပါသည်။ အချစ်ရေးတွင် မျှော်မှန်းသည်နှင့် အံဝင်ခွင်ကျရှိမည်။

**ယတြာ။ ။ စိမ်းစိုသောအရည်ရွှမ်းသည့် သစ်သီးလှူပါ။**




**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးတွင်ကြံတိုင်းအောင်မည့်ကာလ ဖြစ်သည်။ မြေတွင်းထွက်ရတနာ ပစ္စည်းများဖြစ်သော ဓာတ်သတ္တုပစ္စည်းများနှင့်ပတ်သက်၍ အကျိုးဖြစ်ထွန်းနေမည်။ ပညာရေး သင့်တင့်နေမည်။ ဝီရိယထားကြိုးစားသင့် သည်။ ကျန်းမာရေးတွင် တေဇောဓာတ်အားများသောကြောင့် အပူနာများ ဖြစ်တတ်ပါသည်။ အချစ်ရေးတွင် စိတ်ဝင်စားမှု အားနည်းနေတတ်သည်။ အိမ် ထောင်ရေး သင့်တင့်နေမည်။

**ယတြာ။ ။ ဆီကျော်မုန့်များလှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင် မြေယာ အိုးအိမ်တိုက်တာများနှင့် ပတ်သက်ပြီး ကံကောင်းနေမည်။ ရတနာပစ္စည်းများ အကျိုးပေးနေမည်။ ပညာရေးတွင် ဆရာသမားများ၏ ကူညီမှုရမည်။ ကျန်းမာရေးတွင် သွေးတိုး၊ ဆီးချိုဝေဒနာ ခံစားရမှုရှိတတ်သည်။ စိတ်ဖိစီးမှုများနေမည်။ အာဂန္တုရောဂါမကြာခဏဖြစ်တတ်သော သဘောရှိနေတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ပဋိပက္ခလေးများရှိတတ်သော်လည်း သာယာပျော်ရွှင်မှုများနေတတ်ပါသည်။

**ယတြာ။ ။ ဟာလူဒါလှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေး အထူးဖြစ်ထွန်းအောင်မြင်နေတတ်ပါသည်။ စိန်၊ ရွှေရတနာများနှင့် ပတ်သက်ပြီး စီးပွားဖြစ်ထွန်းနေလိမ့်မည်။ ခရီးသွားရင်း စီးပွားရေးလုပ်ဖြစ်လိမ့်မည်။ အောင်မြင်မှုရပါမည်။ ပညာရေးအောင်မြင်မှုရှိမည်။ အချစ်ရေးတွင် မိမိစိတ်တိုင်းကျသူကိုတွေ့မည်။ အိမ်ထောင်ရေးတွင်သောကအနည်းငယ်ရှိမည်။ ကျန်းမာရေး သင့်တင့်နေတတ်ပါသည်။

**ယတြာ။ ။ မိမိမွေးနေ့တွင် ပရိတ်ရွတ်ပူဇော်ပါ။**

## ဧရာဝတီတိုင်းဒေသကြီးတွင် ပြည်ပပို့ကုန် ဆံပင်ဈေးကွက် လှောင်ကုန်များ၍ ပွင့်လင်းရာသီ ဈေးကွက်ဖွံ့ဖြိုးချိန် အရောင်းအဝယ်သွက်မည်ဟု ခန့်မှန်း

ဧရာဝတီတိုင်းဒေသကြီးရဲ့ ပြည်ပပို့ကုန်များအနက် တစ်ခုအပါအဝင်ဖြစ်တဲ့ ဆံပင်ဈေးကွက်မှာ လက်ရှိအချိန် လှောင်ကုန်များ၍ အရောင်းအဝယ် အေးလျက်ရှိပြီး ပွင့်လင်းရာသီဈေးကွက်ဖွံ့ဖြိုးချိန် အရောင်းအဝယ်သွက်နိုင်မည်ဟု ခန့်မှန်းကြောင်း ဆံပင်လုပ်ငန်းရှင်များထံမှ သိရပါတယ်။

ပုသိမ်မြို့ပေါ်ဈေးကွက်တွင် နွေရာသီမှာ အဝယ်ဒိုင် ၁၀ ဒိုင်ခန့်နဲ့ ရောင်းဝယ်လျက်ရှိပြီး မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမှုရှိသော်လည်း ယခုအချိန် အချို့ဒိုင်များတွင် လှောင်ကုန်များသဖြင့် အဝယ်ရပ်နားထားကြောင်း၊ လက်ရှိမှာ အဝယ်ဒိုင် ၃-၄ ခုဖြင့်သာ ဆံပင် ကုန်ကြမ်း များကို ဝယ်ယူလျက်ရှိပြီး ဝယ်ယူရာတွင် ဆံပင် အတို/အရှည်များကို အမျိုးအစားခွဲခြား လျက်ဝယ်ယူရကြောင်း၊ ၁၂ လက်မမှ ၁၄ လက်မအထိ တစ်ပိဿာ ကျပ် ၁၈၀၀၀၀၊ ၁၅ လက်မမှ ၁၈ လက်မအထိ ကျပ် ၃၀၀၀၀၀၊ ၁၉ လက်မမှ ၂၀ လက်မအထိ ကျပ် ၃၅၀၀၀၀၊ ၂၁ လက်မမှ ၂၄ လက်မအထိ ကျပ် ၄၅၀၀၀၀၊ ၂၅ လက်မမှ ၂၈ လက်မအထိ ကျပ် ၅၀၀၀၀၀ နဲ့ ၃၀ လက်မနဲ့ အထက်ကို တစ်ပိဿာ ကျပ် ၆၀၀၀၀၀ ဈေးပေး၍ ဝယ်ယူလျက်ရှိပြီး နွေပေါက်ဈေးနဲ့နှိုင်းယှဉ်လျှင် တစ်ပိဿာ နှစ်သောင်း၊ သုံးသောင်းကျပ် ဈေးနှုန်းလျော့နည်းလျက်ရှိကြောင်း ပုသိမ်မြို့ စိတ်တိုင်းကျ ဆံပင်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးညွန့်နိုင်က ပြောပါတယ်။

မြန်မာနိုင်ငံမှ ဆံပင်လုပ်ငန်းရှင်များမှာ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့သာ အဓိကတင်ပို့ ရောင်းချလျက်ရှိပြီး ဆံပင်ဈေးကွက်မှာ ဥရောပတိုက်၊ ကိုရီးယား၊ ရုရှားနိုင်ငံများတွင် ဈေးကွက်ကြီးမားသော်လည်း အဆိုပါဈေးကွက်ကို တိုက်ရိုက်တင်ပို့မှု နည်းပါးသည့်အတွက် အကျိုးအမြတ်ရသင့်သလောက် မရကြောင်း၊ မိမိတို့မှာ နည်းပညာအကူအညီနဲ့ အရင်းအနှီးများများရှိပါက ပြည်ပနဲ့တိုက်ရိုက်ချိတ်ဆက်ရောင်းဝယ်နိုင်လျှင် လုပ်ငန်းရှင်များ အကျိုးအမြတ်ဝင်ငွေပိုမိုရရှိ၍ ဒေသစီးပွားရေးလုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားပါတယ်။

ဥရောပတိုက်အတွင်းရှိ နာမည်ကြီး ပြင်သစ်ကိန်းရုပ်ရှင်ပွဲတော်၊ နာတာလူးပွဲတော်၊ ဖက်ရှင်ပွဲတော်၊ ခရစ္စမတ်ပွဲတော်များနဲ့ အခြားထင်ရှားတဲ့ ပွဲတော်များရှိလျှင် ဥရောပမှ တရုတ်ဈေးကွက်သို့ ဆံပင်များကို လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ အသားအုပ်ပလာစတာပေါ်တွင် ဆံပင်အတုကို တပ်ဆင်အသုံးပြုခြင်းဖြင့် ထိပ်ပြောင်သူများ အဆင် ပြေခြင်း၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများ အတုပြု လုပ်ခြင်း၊ တရုတ်ရုပ်ရှင်ကားများတွင် ဆံတု၊ ဆံထုံး အတွက် အသုံးပြုခြင်း၊ ဂီတ၊ ရုပ်ရှင်နယ်ပယ်နဲ့ ပျော်ပွဲရွှင်ပွဲများတွင် အလှကုန်အဖြစ် ဆံပင်၊ ဆံတု အတုကို အမျိုးမျိုးတွင်ကျယ်စွာ အသုံးပြုလျက်ရှိကြောင်း၊ မြန်မာနိုင်ငံရှိ မိတ်ကပ်ပညာရှင်များမှ ပြည်ပဆံပင်အတုဝယ်လျှင် တစ်ကီလိုကို လေးသိန်း ငါးသိန်းပေးရကြောင်း ၎င်းက ထပ်မံပြောကြားပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

## ဝက်လက်မြို့နယ် လှတောကျေးရွာတွင် SATAKE အမှတ်တံဆိပ် စက်များ မိတ်ဆက်ခြင်းနဲ့ လက်တွေ့ပြသမောင်းနှင်ခြင်းအခမ်းအနားကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ လှတောကျေးရွာရှိစိန်ငါးပွင့်ဆန်စက်တွင် ဂျပန်နိုင်ငံ SATAKE ကော်ပိုရေးရှင်းမှ ထုတ်လုပ်သည့်စက်များ မိတ်ဆက်ခြင်း အခမ်းအနားနဲ့ လက်တွေ့ပြသမောင်းနှင်ခြင်း အခမ်းအနားအား ဇွန်လ ၁၇ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရွှေဘိုခရိုင် ဆန်စက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ရွှေဘိုခရိုင်မှ ဌာနဆိုင်ရာအကြီးအကဲများ၊ SATAKE ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောလုပ်ငန်းရှင်များနှင့် တောင်သူဦးကြီးများ စုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရှိရပါတယ်။

Mobile Rice Mill (ရွှေ့လျားဆန်စက်)ကို မြေနေရာနဲ့ လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲလိုသူများအတွက် တန်ဖိုးသက်သာတဲ့ စက်အငယ်များအသုံးပြုပြီး တစ်နေရာမှ တစ်နေရာသို့ လွယ်ကူစွာ ရွှေ့ပြောင်းနိုင်ရန်အတွက် ၃၂ ပေ ကွန်တိန်နာအတွင်း Mobile Rice Mill (ရွှေ့လျားဆန်စက်)ကို တည်ဆောက်ခဲ့ပါတယ်။ စက်ပစ္စည်းရဲ့ စွမ်းဆောင်ချက်မှာ တစ်နာရီလျှင် ၁ ဒသမ ၅ တန်၊ အိတ် ၃၀ကျဖြစ်ပါတယ်။ ဆန်စပါး၊ ဂျုံ ပြောင်း စသည်တို့အတွက် အသုံးပြုဖို့ အဓိကထားပြီး ရောင်းချရတဲ့ ထုတ်ကုန်ဖြစ်ပါတယ်။ SATAKE ကော်ပိုရေးရှင်းအနေနဲ့ Colour Sorter FGS4000DI (ဆန်အရောင်ခွဲစက်)၊ Vertical Rice Whitener VTA3GM-T, (ဆန်ဖြူဖွပ်စက်), Horizontal Rice Polisher KB40PA-T (ဆန်အရောင်တင်စက်),( Rice Broken Rotary Sifter ST527R (ဆန်ကွဲရွေးထုတ်စက်)တို့ကို ထုတ်လုပ်လျက် ရှိပါတယ်။ SATAKE ကုမ္ပဏီအနေဖြင့် ဖောက်သည်တွေကို လေ့ကျင့်ပေးတဲ့ သင်တန်းတစ်ခုဖြစ်ကြောင်း စသည်ဖြင့် နည်းပညာနဲ့ ပတ်သက်သည့် အချက်အလက်များကို SATAKE မှ ရန်ကုန်ရုံးခွဲတာဝန်ခံ ဦးတင်ငွေ က ရှင်းလင်းပြောကြားခဲ့ ပါတယ်။

အဓိပတိလယ်ယာထွက်ကုန် ရောင်းဝယ်ရေးမှ ဦးရဲဝင်းထွန်းက ဂျပန်နိုင်ငံ (SATAKE) ကော်ပိုရေးရှင်းမှထုတ်လုပ်သည့်စက်များကို မြဝတီဘဏ်နှင့်ချိတ်ဆက်ပြီး အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ငွေကြေးအနေဖြင့် တန်ဖိုးမြှင့်ပေမယ့် မိမိတို့ရဲ့ဆန်စက်အရည်အသွေး မြင့်မားအောင် အရည်အသွေးကောင်းမွန်သည့် ပစ္စည်းကိုသုံးစွဲမှသာ နိုင်ငံတော်အတွက် အထောက်အကူ ဖြစ်နိုင်ပါကြောင်း ရှင်းလင်း ပြောကြားဆွေးနွေးခဲ့ပါတယ်။

ဇေယျာအောင်မြေ ဆန်စပါးရောင်းဝယ်ရေးလီမိတက်မှ တာဝန်ခံ ဦးကျော်မျိုးခိုင်က YANMAR ကုမ္ပဏီမှထုတ်လုပ်သည့် Combine Harvester ရိတ်သိမ်းခြွေလှေ့စက်ကို ကျပ်သိန်း ၃၈၀ ဖြင့်ရောင်းချပေးလျက်ရှိပြီး စက်အပိုပစ္စည်းများနှင့်ပတ်သက်၍ အဆိုပါစက်ကို လက်ငင်း/အရစ်ကျ ဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်းနှင့် စက်အပိုပစ္စည်းများရဲ့ အရေးကြီးပုံများကိုလည်း အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါတယ်။

**လင်းယုခိုင်၊ ကြည်ကြည်နွယ်(မုံရွာ)**

## ယင်းမာပင်မြို့နယ် အိုဘိုကျေးရွာတွင် လက်ယက္ကန်းရက်လုပ်သူများအဆင်ပြေ

ယင်းမာပင်မြို့နယ်၊ အိုးဘိုကျေးရွာမှာ လက်ယက်ကန်းရက်လုပ်သူများ ဝင်ငွေကောင်း၍ အဆင်ပြေလျက်ရှိကြောင်း သိရပါတယ်။ အိုးဘိုကျေးရွာဟာ ယင်းမာပင်မြို့ရဲ့ မြောက်ဘက်ခြောက်မိုင်ခန့်အကွာမှာ တည်ရှိပါတယ်။ အဲဒီ ကျေးရွာမှာ ယက်ကန်းစင် ၁၅ စင်ခန့်ရှိပြီး တစ်ရက်လျှင်တစ်စင်ကို ပြောင်(ရိုးရိုး) ဆိုရင်ငါးကွင်း၊ ရေပန်းဒီဇိုင်းများ (အပွင့်ကောက်ပိုးဖောက်) ရေးဆွဲတယ်ဆိုရင် နှစ်ကွင်း ခန့်ပြီးစီးတယ်လို့ သိရပါတယ်။ ကုန်ကြမ်းအနေနဲ့ မုံရွာမြို့သာစည်ဈေးမှရပြီး ကုန်ချောကိုလည်း သူတို့ဆီမှာ ပြန်သွင်းရပါတယ်။ ပိုးချည်တစ်ပိဿာ ကျပ် ၉၅၀၀ နှုန်း၊ ရိုးရိုးချည်တစ်ထုပ်ကျပ် ၂၄၀၀၀ နှင့်ဖောက်ချည်တစ်ထုပ်ကျပ် ၂၄၀၀၀ ပေးဝယ်ရပါတယ်။ ပြောင်(ရိုးရိုး) ရက်လုပ်ရင် ရိုးရိုးချည်တစ်ထုပ်နဲ့ အဖောက် ချည်တစ်ထုပ် ဆိုပါက အထည်ရေ ၁၅/၂၀ ထည်ရရှိပြီး၊ ပိုးချည်ကိုတော့ ရက်လုပ်တဲ့ဒီဇိုင်းပေါ် မူတည်ပြီး သုံးစွဲရပါတယ်။ ပြောင်(ရိုးရိုး) တစ်ကွင်းဈေးနှုန်း ကျပ် ၄၅၀၀၊ ကျပ် ၅၀၀၀ ဈေးနှုန်းနဲ့ ပြန်လည်ပေးသွင်းရပါတယ်။ တစ်ရက်ပျမ်းမျှအနေနဲ့ အရင်းအနှီးနုတ်ပြီး လုပ်အားခ ကျပ် ၄၀၀၀ မှ ကျပ် ၅၀၀၀ ခန့်ရရှိပါတယ်။ တစ်ရွာလုံးဆိုရင် တစ်ရက်မှာ အထည်ရေ ၆၀/၇၀ ရက်လုပ်ပေးနိုင်ပါတယ်လို့ အဆိုပါကျေးရွာ မှ ဒေါ်စုမော်ကပြောကြားပါတယ်။

**သီတာခိုင်(ယင်းမာပင်)**



# မြို့ကြီးများ၏ ၄-၇- ၂၀၁၆ မှ ၈-၇- ၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၄-၇-၂၀၁၆) | အင်္ဂါ(၅-၇-၂၀၁၆) | ဗုဒ္ဓဟူး(၆-၇-၂၀၁၆) | ကြာသပတေး(၇-၇-၂၀၁၆) | သောကြာ(၈-၇-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၇၀% ၂၈°C/၈၂°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၃၀°C/၈၆°F |
| ရန်ကုန်မြို့ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F |
| မန္တလေးမြို့ | ၇၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F | ၄၀% ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F | ၄၀% ၃၆°C/၉၆°F |
| မြစ်ကြီးနား | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F | ၇၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F |
| လားရှိုး | ၉၀% ၂၅°C/၇၇°F | ၈၀% ၂၄°C/၇၆°F | ၇၀% ၂၅°C/၇၇°F | ၆၀% ၂၇°C/၈၀°F | ၆၀% ၂၇°C/၈၁°F |
| ကျိုင်းတုံ | ၉၀% ၂၆°C/၇၈°F | ၈၀% ၂၆°C/၇၈°F | ၇၀% ၂၇°C/၈၁°F | ၆၀% ၂၈°C/၈၃°F | ၅၀% ၂၉°C/၈၄°F |
| လွိုင်ကော် | ၉၀% ၂၄°C/၇၆°F | ၈၀% ၂၃°C/၇၄°F | ၇၀% ၂၃°C/၇၃°F | ၆၀% ၂၆°C/၇၈°F | ၅၀% ၂၆°C/၇၉°F |
| တောင်ကြီး | ၈၀% ၁၉°C/၆၇°F | ၈၀% ၁၉°C/၆၇°F | ၇၀% ၁၉°C/၆၇°F | ၆၀% ၂၁°C/၇၀°F | ၆၀% ၂၂°C/၇၁°F |
| မော်လမြိုင် | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၀°F | ၇၀% ၂၇°C/၈၁°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F |
| ဘားအံ | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၀°F | ၇၀% ၂၇°C/၈၀°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F |
| တောင်ငူ | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၀°F | ၇၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F |
| မုံရွာ | ၈၀% ၃၄°C/၉၃°F | ၆၀% ၃၃°C/၉၂°F | ၅၀% ၃၂°C/၉၀°F | ၄၀% ၃၄°C/၉၄°F | ၃၀% ၃၆°C/၉၆°F |
| ပုသိမ် | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F |
| မြိတ် | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F |
| စစ်တွေ | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၇၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F |
| မကွေး | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F |
| ဖလမ်း | ၉၀% ၂၂°C/၇၁°F | ၈၀% ၂၂°C/၇၁°F | ၇၀% ၂၁°C/၆၉°F | ၈၀% ၂၁°C/၆၉°F | ၈၀% ၂၂°C/၇၁°F |

## အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားရာ လူပေါင်း ၃၀ ကျော်သေဆုံးပြီး အများအပြား ပျောက်ဆုံးလျက်ရှိ

အိန္ဒိယနိုင်ငံမြောက်ပိုင်း၊ ဒါဂျီလင်ခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ခရိုင်အတွင်းရှိ နေရာအနှံ့တွင် မြေပြိုမှုများဖြစ်ပွားလျက်ရှိရာ အနည်းဆုံး လူပေါင်း ၃၀ကျော်သေဆုံးပြီး အများအပြားပျောက်ဆုံးလျက်ရှိကြောင်း Press TV က ရေးသားဖော်ပြခဲ့သည်။

ဒါဂျီလင်ခရိုင်အတွင်း နေရာပေါင်း ၂၅ နေရာနှင့် တခြားသောနေရာများတွင်လည်းမြေပြိုမှုများဖြစ်ပွားခဲ့ကြောင်း အဆိုပါသတင်းတွင် ရေးသားဖော်ပြခဲ့ သည်။

"မြေပြိုမှုက ဒါဂျီလင်တောင်ရဲ့ နေရာအများအပြားမှာ ဖြစ်ပေါ်နေပါတယ်။ တောင်ကိုအမှီပြုပြီး နေထိုင်ကြတဲ့သူတွေ၊ တောင်ပေါ်မှာ နေထိုင်ကြတဲ့သူ တော်တော်များများဟာ မြေပြိုရာမှာ ပါဝင်ခဲ့ကြပါတယ်"ဟု ကိုလ်ကတ္တားမှ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးစီမံခန့်ခွဲမှုဝန်ကြီး ဂျေဗီခန်းက ပြောကြားခဲ့သည်။

ထို့ပြင် ဥတ္တရာခန်းပြည်နယ်တွင်လည်း ဇူလိုင် ၁ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံးလူပေါင်း ၃၀ခန့် သေဆုံးခဲ့သည်ဟု ဆိုသည်။

ဥတ္တရာခန်းပြည်နယ်တွင် နှစ်နာရီအတွင်း မိုးရေချိန် မီလီမီတာ ၁၀၀ ခန့် ရွာသွန်းခဲ့သဖြင့် မြစ်ရေများရုတ်တရက် မြင့်တက်ခဲ့ကြောင်း၊ မြစ်ကမ်းပါးအနီးတွင် နေထိုင်သူများမှာ ရုတ်တရက် မြစ်ရေမြင့်တက်လာမှုကြောင့် လက်လွတ်ထွက်ပြေးခဲ့ရကြောင်း၊ ဥတ္တရာခန်းပြည်နယ်၏နေရာပေါင်း ၁၅ နေရာခန့်တွင် ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများဖြစ်ပွားလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ အိုပီဆင်းကပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က ဥတ္တရာခန်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများ ဖြစ်ပွားခဲ့မှုများကြောင့် လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့ရသည်။ ယင်းဖြစ်ရပ် သည် နှစ်ပေါင်း ၈၀အတွင်း အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုဖြစ်သည်ဟုဆိုသည်။

**မယ်သီတာ**



## တရုတ်နိုင်ငံ အလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း၍ ရေလွှမ်းမိုးမှုများဖြစ်ပွား အမေရိကန်ဒေါ်လာ သန်း ၈၀ ကျော်ဖိုး ဆုံးရှုံး

တရုတ်နိုင်ငံအလယ်ပိုင်းတွင် ယခုတစ်ပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး လူခြောက်ဦးသေဆုံးပြီး လေးဦးမှာပျောက်ဆုံးနေကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

တရုတ်နိုင်ငံ အလယ်ပိုင်းဒေသများဖြစ်သည့် ဟူဘေး၊ ဟူနန်၊ ယန်စု၊ အားဟွေ၊ ဟေနန်စသည့် ဒေသများတွင် မိုးရေချိန်သည် ၁၈၀ မီလီလီတာ အထိ ရွာသွန်းခဲ့ကြောင်း တရုတ်နိုင်ငံအမျိုးသား မိုးလေဝသဌာနက ထုတ်ဖော်ကြေညာခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူပေါင်း ၁၉၀၀၀ ကျော်ကို ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း ပြည်နယ်မြို့ပြဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရေလွှမ်းမိုးမှုကြောင့်နေအိမ်ပေါင်း ၆၅၆ လုံး လုံးဝပျက်စီးခဲ့ရပြီး နေအိမ်ပေါင်း ၆၀၀၀ ခန့်မှာ ရေလွှမ်းမိုးခြင်းခံခဲ့ရကြောင်း၊ စိုက်ပျိုး ဧကဟက်တာပေါင်း ၁၁၀,၈၆၀ ဟက်တာ ပျက်စီးခဲ့ရပြီး စီးပွားရေးအရ ဆုံးရှုံးမှုတန်ဖိုးမှာ ယွမ်သန်းပေါင်း ၅၉၁ သန်း (အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၈ သန်း)ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ရေလှောင်တမံ စုစုပေါင်း ၄၀၀ ကျော်မှာ သတ်မှတ်ရေပမာဏထက် ကျော်လွန်ရောက်ရှိခဲ့သဖြင့် အရေးပေါ်အခြေအနေများ ထုတ်ပြန်ကြေညာထားခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

ထို့ပြင် ယန်စီမြစ်၏ လက်တက်တစ်ခုဖြစ်သည့် Qijiang မြစ်ရေ မြင့်တက်လာမှုကြောင့် မြစ်ကမ်းပါးတစ်လျှောက်တွင် နေထိုင်ကြသည့် ပြည်သူ ၇၀၀၀ ကျော်မှာ ရေလွှမ်းမိုးမှုကို ခံစားခဲ့ကြရသဖြင့် ယွမ် ၆၅သန်းခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။

တရုတ်နိုင်ငံတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်များကြောင့် နေအိမ်များ၊ လမ်းများပျက်စီးဆုံးရှုံးရသကဲ့သို့ လျှပ်စစ်မီးပြတ်တောက်ခြင်းများနှင့် ရေသိုလှောင်ထိန်းသိမ်းမှုစနစ်များ ပျက်စီးခြင်းတို့ကြောင့် ဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၁ သန်းခန့် ရှိနေပြီဖြစ်ကြောင်း၊ ယင်းအချက်သည် တရုတ်နိုင်ငံ၏စီးပွားရေးကို ထိခိုက်စေနိုင်သည့်အချက်များပင်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။ **မယ်သီတာ**

## ပုသိမ်မြို့စားသုံးသူရေးရာဦးစီးဌာနတွင် တိုင်းအဆင့်ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများအား စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲပြုလုပ်

ပုသိမ်မြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ အစည်းအဝေးခန်းမ (၁) တွင် ဇွန် ၁၇ ရက်က စားသုံးသူရေးရာနဲ့ ပတ်သက်၍ (၁/၂၀၁၆) အသိပညာပေး ဟောပြောပွဲပြုလုပ်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ ၂၀ မှ အရာထမ်း၊ အမှုထမ်းများ ၄၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

စားသုံးသူရေးရာအသိပညာပေးဟောပြော ပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးကျော်ဌေးက စားသုံးသူရေးရာ ဥပဒေကို ပြည်ထောင်စုလွှတ်တော်တွင် ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းပြီးကြောင်း၊ စားသုံးသူရေးရာဟုဆိုရာတွင် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်ရေးအတွက်သာ မဟုတ်ဘဲ စားသောက်ခြင်း သို့မဟုတ် သုံးစွဲခြင်းကိုပါ ဆိုလိုတာဖြစ်ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများ၊ ရည်ရွယ်ချက်များ၊ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီဖွဲ့စည်းထားရှိမှုနှင့် စားသုံးသူ၏ အခွင့်အရေး၊ စီးပွားရေးလုပ်ငန်းရှင်များ၏အခွင့်အရေးနှင့် တာဝန်များ၊ ဥပဒေဆိုင်ရာအပိုင်းများကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန၊ ဦးစီးအရာရှိ ဦးစောမိုက်ကယ်က စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် မညီညွတ်သော စားသုံးဆီအတု၊ အရောများ၊ ဆိုးဆေးအသုံးပြုထားသော စားသုံးရန်မသင့်သည့် အစားအစာများနှင့် တားမြစ်ထားသော ကုန်ပစ္စည်းအမျိုးအမည်၊ အမှတ်တံဆိပ်များ သုံးစွဲမိပါက ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲဆိုးကျိုးများအပြင် စားသုံးသူရေးရာဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ စားသုံးသူရေးရာကိစ္စရပ်များကို သက်ဆိုင်ရာဌာန ဆိုင်ရာများ၊ ဒေသအာဏာပိုင်များ၊ အသင်းအဖွဲ့များ၊ NGO များနှင့် စားသုံးသူပြည်သူတစ်ရပ်လုံး ပူးပေါင်း ပါဝင်နိုင်စေရေးတို့ကို ဟောပြောခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

## ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး သင်တန်းဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ဝန်ထမ်းများ စားသုံးသူအကာအကွယ်ပေးရေးနဲ့ပတ်သက်တဲ့ အသိပညာ၊ ဗဟုသုတများကို သိရှိနားလည်ပြီး လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်ရန်နဲ့ အောင်မြင်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး သင်တန်းကို ဇွန် ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဥ္စမထပ် (ညီလာခံခန်းမ)တွင် ဖွင့်လှစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ချို တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ပါတယ်။

အဆိုပါ သင်တန်းတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးလုပ်ငန်းကို လက်တွေ့ကွင်းဆင်းဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေခြင်း၊ ဆက်စပ်ဌာနများရဲ့ ဥပဒေပြဋ္ဌာန်းထားရှိမှုများ၊ လုပ်ထုံးလုပ်နည်းများ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အာဆီယံနိုင်ငံများနဲ့ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို သိရှိစေရန် စားသုံးသူ ရေးရာဦးစီးဌာန၊ FDA၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၊ ကျန်းမာရေးဌာန၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနတို့မှ အရာထမ်းများက သက်ဆိုင်ရာ ဘာသာရပ်များအလိုက် သင်ကြားပို့ချခဲ့ပါတယ်။

ဒါ့အပြင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးအောင်မောင်းက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အောင်မြင်စေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဝန်ထမ်းများရဲ့ စွမ်းဆောင်ရည် မြင့်မားစေရေးကို ရည်ရွယ်၍ ရုံးစာရေးသားနည်း စည်းကမ်းချက်များနဲ့ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲ အောင်မြင်စွာကျင်းပနိုင်ရန် လိုအပ်သည့်အချက်များကို သင်တန်းသားများနဲ့ အပြန်အလှန်ဆွေးနွေးခဲ့ပြီး သင်တန်းသားများကလည်း သင်ကြားခဲ့သည့် ဘာသာရပ်အလိုက် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းဆောင်ရွက်ရာတွင် ဆက်စပ်ဆောင်ရွက်ရမည့် အခြေအနေများကို အပြန်အလှန် ပြန်လည်ဆွေးနွေးခဲ့ပါတယ်။

အဆိုပါသင်တန်းကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၁ ရက် အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး ရန်ကုန်တိုင်း ဒေသကြီး ဦးစီးမှူးရုံး၊ သန်လျင်ခရိုင် ဦးစီးမှူးရုံး၊ တွံတေးခရိုင်ဦးစီးမှူးရုံး၊ လှည်းကူးခရိုင်ဦးစီးမှူးရုံး၊ အင်းစိန်ခရိုင် ဦးစီးမှူးရုံးတို့မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၀ ဦးတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**Consumer (Ygn)**

## ကသာခရိုင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ရက် ၁၀၀ စီမံချက်အတွင်း အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်

ကသာခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနက မိတ်ဘက်အဖွဲ့အစည်းများ ဌာနဆိုင်ရာများနဲ့ ပူးပေါင်းပြီး စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကို ရက် ၁၀၀ စီမံချက် အတွင်း အရှိန်အဟုန် တိုးမြှင့်ကာဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ ရက် ၁၀၀ စီမံချက်ကာလ ရက် ၅၀ အတွင်း ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာနအနေနဲ့ စားသုံးသူမိဘပြည်သူများ၊ ကျောင်းသားကျောင်းသူများကို အန္တရာယ်ရှိစားသောက်ကုန်များနဲ့စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ၁၂၃ ကြိမ်ပြုလုပ်ခဲ့ပြီး တက်ရောက်လေ့လာသူ ၈၅၉၄ ဦးအား ကွင်းဆင်းဟောပြောနိုင်ခဲ့ပါတယ်။ ကသာခရိုင်ဦးစီးမှူးရဲ့ အနီးကပ်လမ်းညွှန်ကြီးကြပ်မှုနဲ့ ကသာမြို့နယ်မှာ ၂၀ ကြိမ်၊ တက်ရောက်သူ ၁၆၃၈ ဦး၊ အင်းတော်မြို့နယ်မှာ ၁၅ ကြိမ် ၉၅၀ ဦး၊ ဗန်းမော်မြို့နယ်မှာ ၂၈ ကြိမ် ၂၂၃၁ ဦး၊ ထီးချိုင့်မြို့နယ်မှာ ၂၂ ကြိမ် ၁၈၇၄ ဦး၊ ကောလင်းမြို့နယ်မှာ ၁၆ ကြိမ် ၉၆၇ ဦး၊ ဝန်းသိုမြို့နယ်မှာ ၁၇ ကြိမ် ၇၆၉ ဦး၊ ပင်းလည်ဘူးမြို့နယ်မှာ ၄ ကြိမ် ၂၇၅ ဦး တို့ကို မြို့နယ်အလိုက် အရှိန်အဟုန်မပျက် ဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။

စီမံချက်ကျန် ကာလများမှာ ဆောင်ရွက်ရမယ့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဟောပြောရာမှာ စားသုံးသူမိဘပြည်သူများကို နိုင်ငံပိုင်သတင်းစာများမှာ ကြော်ငြာထားတဲ့ တားမြစ်ကုန်ပစ္စည်းများ အမှတ်တံဆိပ်နဲ့ အစားအသောက်များ၊ သတိထားရွေးချယ်ဝယ်ယူစားသုံးရမည့် အသီးအနှံများ၊ ကျန်းမာရေးဆိုးကျိုးများဖြစ်စေတဲ့ ပဲဆီ၊ နှမ်းဆီအတုများ၊ အချိုမှုန့်ကြက်သားမှုန့်အန္တရာယ်၊ ရောင်စုံဆိုးဆေးများနဲ့အရောင်ချွတ်ထားတဲ့ အစားအသောက်များ၊ စားသုံးသူအခွင့်အရေးနဲ့ အကာကွယ်ပေးနေမှုများ စားသုံးသူရေးရာဥပဒေများကို ရှင်းလင်းစွာဟောပြောဆွေးနွေးသလို လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးလျက်ရှိပါတယ်။ ရက် ၁၀၀ စီမံချက်နဲ့ဌာနရဲ့ရည်မှန်းချက်အောင်မြင်ကျော်လွန်အောင် ဆောင်ရွက်လျက်ရှိတယ်လို့ ခရိုင်ဦးစီးမှူး ဦးကျော်အုန်းထံမှ သိရပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

## မုံရွာမြို့တွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ စက်မှုဇုန်ခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအတွက် ရှေ့ဆက် လက်ဆောင်ရွက်မည့် လုပ်ငန်းများဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၈ရက်ကကျင်းပခဲ့ရာ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ မုံရွာစက်မှုဇုန်ရှိ ဆီစက်လုပ်ငန်းရှင်များ၊ ဂျုံခေါက်ဆွဲ၊ ဆန်ခေါက်ဆွဲ၊ ပဲခွဲစက်လုပ်ငန်းရှင်များ စုစုပေါင်း ၁၀၂ ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ လုံခြုံစိတ်ချရမှုမရှိတဲ့ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနဲ့ ဝန်ဆောင်မှုများအတွက် ပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များမှ လုံခြုံစိတ်ချပြီး အရည်အသွေးပြည့်မီ ကောင်းမွန်တဲ့ ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် စားသုံးသူပြည်သူများကို အကာအကွယ်ပေးနိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရပါတယ်။

အလုပ်ရုံဆွေးနွေးပွဲတွင် မုံရွာစီးပွားရေးတက္ကသိုလ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၊ စစ်ကိုင်းတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန SMEs ဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများက စားသုံးသူများ ရသင့်ရထိုက်တဲ့ အခွင့်အရေးနဲ့ ထုတ်လုပ်သူတို့ရဲ့ တာဝန်ဝတ္တရားများကို စားသုံးသူရှုထောင့်မှလည်းကောင်း၊ ထုတ်လုပ်သူရှုထောင့်မှ လည်းကောင်း၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ကိုးကား၍ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း SRCCI ဥက္ကဋ္ဌ၊ မုံရွာစက်မှုဇုန်ကော်မတီ ဥက္ကဋ္ဌ၊ ဆီစက်လုပ်ငန်းစု၊ ကြာဆန်စက်လုပ်ငန်းစု၊ ခေါက်ဆွဲစက်လုပ်ငန်းစု၊ ဓာတ်မြေသြဇာ/ပိုးသတ်ဆေးလုပ်ငန်းစု အသီးသီးမှ ကိုယ်စားလှယ်များက မိမိတို့ရဲ့ လုပ်ငန်းအတွေ့အကြုံများကို တင်ပြဆွေးနွေးခြင်းနဲ့ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား အကြံပြုဆွေးနွေးခဲ့ပါတယ်။

**သန်းသန်းတင်-မုံရွာ**

## အမရပူရမြို့နယ် ရတနာပုံတက္ကသိုလ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးဆောင်၍ ဇွန်လ ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရတနာပုံတက္ကသိုလ်၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဦးနှင့်ဝန်ထမ်းများ၊ ရတနာပုံတက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဒေါက်တာမဥ္ဇူမြင့်နှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျောင်းသူ၊ ကျောင်းသားများ၊ ကျောင်းမုန့်ဈေးတန်းရောင်းချသူများ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဦးက စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် စားသုံးသူများသိရှိလိုက်နာကျင့်သုံးရမည့် အခွင့်အရေးနှင့်တာဝန်များအကြောင်းကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အမရပူရမြို့နယ်ကျန်းမာရေးမှူး ဦးကျော်မင်းက အစားအသောက်များ သန့်ရှင်းသပ်ရပ်စွာထားသိုပုံ စနစ်များကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြပါသည်။ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး စားသုံးသူရေးရာဌာနခွဲတာဝန်ခံ ဦးဇော်မင်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပေါ်ပေါက်လာပုံ၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဖြစ်ပေါ်လာပုံနှင့် အဖွဲ့ဝင်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့်လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ အဖွဲ့ဝင်များနှင့်လုပ်ငန်းစဉ် များကိုလည်းကောင်း၊ စားသုံးသူ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အခွင့်အရေးနှင့်တာဝန်များကိုလည်းကောင်း၊ စားသုံးသူများမှ မိမိတို့၏အခွင့်အရေးများကို သိရှိနားလည်ပြီး တောင်းဆိုရယူတတ်စေရန်လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးသည် အစားအသောက်နှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ ဝန်ဆောင်မှုများနှင့်ပါ သက်ဆိုင်ကြောင်း၊ စားသုံးသူများမှ တိုင်တန်းခဲ့သည့်ဖြစ်စဉ်များနှင့်ပတ်သက်၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ဖြေရှင်းပေးခဲ့သည့် ကိစ္စများကို အကျယ်တဝင့်ရှင်းလင်းဟောပြောခဲ့ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်တာဝန်ခံ ဒေါ်အေးအေးဌေးက ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာဓာတ်ကြွင်းဓာတ်ကျန်များ ကျန်ရှိနေနိုင်၍ ကန်စွန်းရွက်၊ ဂေါ်ဖီထုပ်များ ချက်ပြုတ်စားသောက်မည်ဆိုပါက ရေအထပ်ထပ်စင်ကြယ်စွာ ဆေးကြောသင့်ကြောင်း၊ ထို့အတူ စပျစ်သီးစားမည်ဆိုပါက ရေတွင်အချိန်ကြာကြာစိမ်၍ စားသုံးသင့်ကြောင်း စသည်ဖြင့် ဟောပြောဆွေးနွေးခဲ့ပါသည်။

**တင်ချစ်ကောင်း၊ စားသုံးသူ(မန္တလေး)**

## မြန်မာအမျိုးသမီးလက်ရွေးစင်အသင်း အပြီးသတ် ကစားသမား ၂၃ ဦး ရက်ပိုင်းအတွင်းရွေးချယ်မည်

အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ၂၀၁၆ အတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းသည် ယခုရက်ပိုင်းအတွင်း အပြီးသတ်ကစားသမား ၂၃ ဦးကို ရွေးချယ်မည်ဖြစ်ကြောင်းသိရသည်။

မြန်မာအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းကို လက်ရှိအချိန်တွင် နယ်သာလန်လူမျိုးနည်းပြ မစ္စတာရော်ဂျာရိုင်နာက တာဝန်ယူကိုင်တွယ်လျက်ရှိနေပြီး နည်းစနစ်အကြံပေးအဖြစ် ဦးအေးမောင်ကြီးက တာဝန်ယူထားကြောင်း သိရသည်။

"လက်ရှိမှာ ကစားသမား ၂၇ ဦးနဲ့လေ့ကျင့်နေပါတယ်။ ပြိုင်ပွဲဝင်မယ့်ကစားသမားစာရင်းကို မကြာခင်မှာ ထုတ်ပြန်ပေးသွားမှာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းသည် ဩစတြေးလျ၊ မလေးရှား၊ တီမောအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲကြီးမတိုင်မီ ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ဇူလိုင် ၉ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်း၌ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

## ရတနာပုံတိုက်စစ်မှူးအောင်သူ ဒဏ်ရာကြောင့် တစ်ပတ်ခန့်အနားယူရမည်



ရတနာပုံအသင်း၏ တိုက်စစ်မှူး အောင်သူသည် ပြီးခဲ့သည့် ဇွန် ၂၉ရက်ကယှဉ်ပြိုင်ကစားခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းပွဲစဉ်အဖြစ် ဟော်ရီဇွန်အသင်းနှင့် ရတနာပုံအသင်းတို့၏ပွဲစဉ်တွင် ရရှိခဲ့သည့် ဒဏ်ရာကြောင့် တစ်ပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း ရတနာပုံအသင်းက သတင်းထုတ်ပြန်ခဲ့သည်။

"ဒဏ်ရာကို လတ်တလောမှာ အကောင်းဆုံးကုသမှုပြု လုပ်ထားပါတယ်။ ဆရာဝန်ရဲ့ညွှန်ကြားချက်အရ တစ်ပတ်လောက်တော့ အနားယူဖို့လိုတယ်လို့ ပြောထားပါတယ်။ ကျွန်တော့်အနေနဲ့အသင်းနဲ့အတူ ပွဲထွက်ကစားချင်တာကြောင့် အမြန်ဆုံးသက်သာလာဖို့ အစွမ်းကုန်ကုသသွားမှာပါ"ဟု ရတနာပုံနှင့် မြန်မာ့လက်ရွေးစင်ကစားသမား အောင်သူက ပြောကြားခဲ့သည်။

ဒဏ်ရာရ ကစားသမားများနှင့်ပတ်သက်၍ရတနာပုံအသင်း၏နည်းပြချုပ် ရီနီက "အောင်သူနဲ့ ရဲကိုဦးနှစ်ယောက်စလုံးက ရတနာပုံအသင်းရဲ့ အဓိက ကစားသမားတွေပါ။ ဒါပေမယ့် ကျွန်တော်တို့ဆီမှာ ကစားသမားကောင်းတွေ အများကြီးရှိပါတယ်။ သူတို့မပါပေမယ့် နိုင်ပွဲရအောင် ကစားနိုင်တဲ့ကစားသမားတွေ အများကြီးရှိပါတယ်"ဟု ပြောကြားခဲ့သည်။ ထို့ပြင် ရတနာပုံနည်းပြချုပ် ရီနီက ဘောလုံးရာသီကုန်ဆုံးချိန်အထိ ရှုံးပွဲမရှိစံချိန်ကိုထိန်း၍ ဖလားရယူနိုင်ရန် ကြိုးစားမည်မဟုတ်ဘဲ လာမည့် ရာသီအတွက်ကိုသာ ဦးစားပေးပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ ဖလားရရှိရေးသည်သာ အသင်း၏ အဓိကပစ်မှတ်ဖြစ်ကြောင်း မီဒီယာများသို့ ပြောကြားခဲ့သည်။

## မြန်မာ့လက်ရွေးစင်အသင်းနှင့် မိတ်ဖက်အဖြစ် ဆောင်ရွက်ရန် အီတလီစီးရီးအေမှ အင်တာမီလန်အသင်း လာရောက်ဆွေးနွေးမည်

အီတလီစီးရီးအေပြိုင်ပွဲ၏ အင်အားကြီးအသင်းတစ်သင်းဖြစ်သည့် အင်တာမီလန်အသင်းမှ ကိုယ်စားလှယ်တချို့သည် လာမည့်ဇူလိုင်လ ပထမပတ်အတွင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်မိတ်ဖက်အဖြစ် ဘောလုံးဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် လာရောက်မည်ဖြစ်ကြောင်း သိရသည်။ အင်တာမီလန်အသင်းမှ Inter Milan Academy Business Development တာဝန်ခံနှင့် အာရှဒေသဈေးကွက်တာဝန်ခံတို့က အဖွဲ့ကို ဦးဆောင်လာမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအဖွဲ့သည် ဇူလိုင် ၃ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လူငယ်စီမံကိန်းများနှင့် ဘောလုံးအကယ်ဒမီများတိုးတက်ရေး၊ ဘောလုံးအသင်းများ ဖိတ်ခေါ်ကစားနိုင်ရေးတို့အား ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။




## ယူရို ၂၀၁၆ ပြိုင်ပွဲမှထွက်ခဲ့ရသော်လည်း တန်ဖိုးကြီးသည့် လက်ပတ်နာရီများကို အင်္ဂလန်ဘောလုံးသမားများ ဝယ်ယူ

ယူရို ၂၀၁၆ ပြိုင်ပွဲဝင် အင်္ဂလန်ဘောလုံးအသင်းသည် အိုက်စလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပြည်တော်ပြန်မလှဖြစ်ခဲ့ရသည်။ သို့သော် အင်္ဂလန်ဘောလုံးသမားများသည် ပြင်သစ်နိုင်ငံတွင် သွားရောက်လည်ပတ်ခဲ့ကြကာ တန်ဖိုးကြီးသည့် လက်ပတ်နာရီများအား ဝယ်ယူခဲ့ကြကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြ ခဲ့သည်။

ဘောလုံးပွဲတွင် ရှုံးနိမ့်ခဲ့သဖြင့် ကမ္ဘာတစ်ဝန်းလုံးရှိ အင်္ဂလန်အသင်းကိုအားပေးသည့်ပရိသတ်များ၏ ဝေဖန်မှုမြင့်တက်နေချိန်တွင် ယခုကဲ့သို့ တန်ဖိုးကြီးလက်ပတ်နာရီများ ဝယ်ယူကာဝတ်ဆင်ခဲ့ကြသဖြင့် ဝေဖန်မှုများမှာပိုမိုမြင့်တက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အင်္ဂလန်အသင်း၏ ကစားသမားတစ်ဦးဖြစ်သူ ကာရက်ဟာက အင်္ဂလန်လက်ရွေးစင်ကစားသမားများ၏ အပြုအမူသည် နောင်အနာဂတ်တွင်ဖြစ်ပေါ်လာမည့် မျိုးဆက်သစ် ဘောလုံးသမားများအတွက် စိုးရိမ်စရာအချက်တစ်ချက်ပင်ဖြစ်ကြောင်း ဝေဖန်ပြောကြားခဲ့သည်။

ဂျက်ဝီရှိုင်းယား၊ ဒယ်နီရယ်စတားရစ်ချ်နှင့် ဂျေမီဗာဒီတို့သည် ပေါင် ၅၀၀၀၀ တန် ရိုးလက်စ်နှင့် ဟူးဘလော့တ်နာရီအမျိုးအစားများကို ဝယ်ယူခဲ့ကြပြီး ကျန်ကစားသမားများကမူ အနည်းဆုံး ပေါင်နှစ်သောင်းကျော်တန်ကြေးရှိသည့်နာရီများကို ဝယ်ယူခဲ့ကြကြောင်း၊ ယူရို ၂၀၁၆ ပြိုင်ပွဲမှ အင်္ဂလန်အသင်းနုတ်ထွက်ခဲ့ရသဖြင့် အားလုံးက စိတ်မကောင်းဖြစ်နေချိန်တွင် ယခုကဲ့သို့ ဘောလုံးသမားများက ဈေးဝယ်ထွက်နေကြသည်ကို မြင်တွေ့ခဲ့ရသဖြင့် ဝေဖန်မှုများမှာ ပိုမိုမြင့်တက်ခဲ့သည်။

## စပိန်တိုက်စစ်မှူး နိုလီတိုကို မန်စီတီးက လေးနှစ်စာချုပ် ချုပ်ဆို ခေါ်ယူ

မန်စီတီးအသင်းသည်ပြင်သစ်လက်ရွေးစင် တိုက်စစ်မှူး နိုလီတိုကို လေးနှစ်စာချုပ်ချုပ်ဆို၍ ခေါ်ယူခဲ့ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

နိုလီတိုသည်ဆဲလ်တာဗီဂိုအသင်း၏ ရှေ့တန်းတိုက်စစ်မှူးတစ်ဦးဖြစ်ပြီး ပြောင်းရွှေ့ကြေး ပေါင် ၁၃ ဒသမ ၈ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက် ၂၉ နှစ်အရွယ်ရှိ နိုလီတိုသည် မန်စီတီးအသင်း၏ တတိယမြောက်ခေါ်ယူသည့် စပိန်ကစားသမားတစ်ဦးဖြစ်လာခဲ့သည်။

မန်စီတီးအသင်း၏ မန်နေဂျာဖြစ်သူ ပက်ပ်ဂွါဒီယိုလာသည် နိုလီတိုကို မခေါ်ယူခင်က ဘိုရုရှားဒေါ့မန်မှ ဂွန်ဒန်ဂွန်ကို ပေါင်သန်း ၂၀ပေး၍ ခေါ်ယူထားပြီးသကဲ့သို့ ဩစတြေးလျကွင်းလယ်ကစားသမား အာရွန်ကိုလည်း ခေါ်ယူနိုင်ခဲ့သည်။

"ဂွါဒီယိုလာဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံး နည်းပြတစ်ဦးပါ။ သူဟာ ပွဲတစ်ပွဲကို ဘယ်လိုကစားရမယ်ဆိုတာသိတဲ့သူတစ်ဦးပါ။ ကစားသမားတွေကို ဘယ်လိုတိုးတက်အောင် လုပ်ရမလဲဆိုတာကိုလည်း သိတဲသူတစ်ဦးပါ။ ကျွန်တော့်အတွက်ကတော့ အကောင်းဆုံးသော နည်းပြဆရာတစ်ဦးပဲလို့ထင်ပါတယ်"ဟု နိုလီတိုက ပြောကြားခဲ့သည်။

နိုလီတိုကို ဘာစီလိုနာအသင်းကလည်း စိတ်ဝင်စားခဲ့သေးသည့်တိုင် အသက်(၃၀)နီးပါးကစားသမားတစ်ဦးအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးပေးချေလိုမှု မရှိသောကြောင့် အပြောင်းအရွှေ့ မဖြစ်မြောက်ခဲ့ချေ။

မန်စီးတီးမန်နေဂျာသစ် ဂွါဒီယိုလာသည် ဘာစီလိုနာကို ကိုင်တွယ်စဉ်က အရန်အသင်းမှ ကစားသမားနိုလီတိုကို ပထမအသင်းသို့ ခေါ်ယူပွဲထွက်ခွင့်ပေးခဲ့သူဖြစ်သည်။ နိုလီတိုသည် ဆယ်လ်တာဗီဂိုအသင်းတွင် အကောင်းဆုံးခြေစွမ်းပြခဲ့ပြီး ပွဲပေါင်း ၁၀၀ ကစားကာ ၃၉ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

## ဘရာဇီးအိုလံပစ်ပြိုင်ပွဲမှ အမျိုးသမီးဂေါက်သီးရိုက် ကစားသမား လီအန်းပေ့စ် နုတ်ထွက်

ဘရာဇီးနိုင်ငံတွင်ကျင်းပတော့မည့် အိုလံပစ်ပြိုင်ပွဲမှ တောင်အာဖရိကအမျိုးသမီး ဂေါက်သီးရိုက်ကစားသမားတစ်ဦးဖြစ်သူ လီအန်းပေ့စ်သည် ဘရာဇီးနိုင်ငံတွင်ဖြစ်ပွားလျက်ရှိသည့် ဇီကာဗိုင်းရပ်စ်ရောဂါပိုးကြောင့် ပြိုင်ပွဲမှ နုတ်ထွက်လိုက်ပြီဖြစ်သည်ဟု ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၃၅ နှစ်အရွယ်ရှိ လီအန်းပေ့စ်က "ကျွန်မရဲ့ကျန်းမာရေးနဲ့ ကျွန်မမိသားစုရဲ့အနာဂတ် ဘဝကျန်းမာရေးဟာ ကျွန်မရဲ့ပထမဦးစားပေးရမယ့် အရာတစ်ခုပါ။ ပြိုင်ပွဲမှာ ချန်ပီယံဖြစ်မယ့် အခွင့်အရေးတွေကတော့ အများကြီးရှိနေတာပါ။ ဒါပေမယ့် ကျန်းမာရေးဆိုင်ရာ ပြဿနာတွေကြောင့် ကျွန်မအခုလိုဆုံးဖြတ်လိုက်တာပါ။ ကျွန်မ ဒီပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ခြင်းမပြုတော့ပါဘူး"ဟု ပြောကြားခဲ့သည်။

ဘရာဇီးအိုလံပစ်ပြိုင်ပွဲကျင်းပရေးကော်မတီအကြီးအကဲနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲတို့က ပြိုင်ပွဲကျင်းပမည့် ရီအိုဒီဂျနေးရိုးမြို့တွင် ဇီကာဗိုင်းရပ်စ်ရောဂါပိုးကို တဖြည်းဖြည်းလျှော့ချနိုင်ရန် လုပ်ဆောင်လျက်ရှိသည်ဟု ဆိုသည်။

# မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက ပြင်ဦးလွင်မြို့မှ ပရဟိတနှင့် ပုဂ္ဂလိကအဖွဲ့များအား စားသုံးသူရေးရာ အကာအကွယ်ပေးရေး ဆွေးနွေးပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ သီရိမြန်မာဟိုတယ်တွင် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူများမှ စီစဉ်ဆောင်ရွက်သည့် မြန်မာပြည်စားသုံးသူများအဖွဲ့ တွေ့ဆုံဆွေးနွေးခြင်း အခမ်းအနားကို ဇွန် ၁၀ ရက်က ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါအခမ်းအနားသို့ စားသုံးသူရေးရာဦးစီးဌာန၊ ပြင်ဦးလွင်မြို့နယ်ရုံးမှ ဝန်ထမ်းများ၊ ပြင်ဦးလွင်၊ လားရှိုး၊ ဖယ်ခုံ၊ကွတ်ခိုင်၊ မန်ပိုင်စသည့်ဒေသအသီးသီးမှ စိတ်ဝင်စားသူများစုစုပေါင်း အင်အား ၅၀ ဦးခန့် တက်ရောက်ခဲ့ကြပါတယ်။

ပထမဦးစွာ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမှုများနှင့် ပတ်သက်ပြီး ကမ္ဘာ့လေထုမသန့်ရှင်းတော့သည့်ကိစ္စများ၊ ခြင်ဆေးခွေထွန်းရာမှ ထွက်ပေါ်လာသော ဘေးထွက်ဆိုးကျိုးများ၊ အချို့နိုင်ငံများမှာ သဘာဝရေအရင်းအမြစ်များ ရှားပါးလာသဖြင့် ရေသန့်တစ်လီတာဈေးက ဓာတ်ဆီတစ်လီတာဈေးထက်မြင့်မားနေကြောင်း၊ ပလပ်စတစ်ပစ္စည်းများ အလွန်အကျွံသုံးစွဲလာသဖြင့် ဂေဟစနစ်များ ပျက်စီးလာကြောင်း စသည်ဖြင့် စိတ်ပါဝင်စားသူများမှ ဆွေးနွေးခဲ့ကြပါတယ်။

ဆက်လက်ပြီး အသင့်စားအစားအသောက်တွေဖြစ်တဲ့ ခေါက်ဆွဲခြောက်များ၊ အသားဗူး၊ ငါးသေတ္တာဗူးများတွင်တာရှည်ခံဆေးများ၊ ဓာတုဗေဒအနံ့များထည့်သွင်း အသုံးပြုထား၍ စားသုံးသူများအတွက် အန္တရာယ်ရှိကြောင်း အချိုရည်များသည်လည်း သာမန်သကြားထက် အဆပေါင်းများစွာချိုသောပါဝါသကြားများသုံးထား၍ ရေရှည်တွင် ကျန်းမာရေးထိခိုက်နိုင်ကြောင်း လေ့လာသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပါတယ်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး စားသုံးသူရေးရာဦးစီးဌာန၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဌာနခွဲ ဒုတိယဦးစီးမှူး ဦးမျိုးထွန်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောင်းလဲဖြစ်ပေါ်လာပုံ အဆင့်ဆင့်ကိုလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ စတင်ဖွဲ့စည်းခဲ့ပုံနှင့် ပါဝင်သူများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့အကြောင်းကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ဖြေရှင်းပေးခဲ့သည့် စားသုံးသူအငြင်းပွားမှုတိုင်တန်းခဲ့သည့် ဖြစ်စဉ်များကို လည်းကောင်း၊စားသုံးသူအကာ အကွယ်ပေးရေးဥပဒေတွင် ဖော်ပြထားသည့် စားသုံးသူများ၏ အခွင့်အရေး၊ တာဝန်၊ တားမြစ်ချက်များနှင့်လိုက်နာ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ စားသုံးသူအကာအကွယ်ပေးရေးအတွက် အသိပညာပေးဟောပြောဆောင်ရွက်ခဲ့မှုများနှင့် ကွင်းဆင်းစစ်ဆေးခဲ့မှုများကိုလည်းကောင်း ရက်ပေါင်း ၁၀၀ စီမံချက်အတွင်း ဟောပြောခြင်းနဲ့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ပါဝါပွိုင့်ဖြင့် အသေးစိတ်ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ပါတယ်။

ဆွေးနွေးပွဲ့သို့ တက်ရောက်လာတဲ့အဖွဲ့ဝင်များက စားသုံးသူရေးရာဦးစီးဌာနရဲ့ တိုင်းဒေသကြီး/ပြည်နယ်ရုံးများနဲ့ ဆက်သွယ်ပြီး စားသုံးသူအကာအကွယ်ပေးရေး ကိစ္စရပ်များ ပူးပေါင်း ဆောင်ရွက်လိုကြောင်း ဆွေးနွေးခဲ့ပါတယ်။ စားသုံးသူအသိပညာပေးခြင်းနဲ့ ကွင်းဆင်းစစ်ဆေးခြင်းများတွင်လည်း စားသုံးသူရေးရာဦးစီးဌာနနဲ့ ပူးပေါင်းပြီး စားသုံးသူအကာအကွယ်ပေးရေးကိစ္စအား စိတ်ပါဝင်စားတဲ့ ပရဟိတ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ အနေဖြင့် လိုက်ပါဆောင်ရွက်လိုကြောင်း ဆွေးနွေးခဲ့ကြပါတယ်။

ယခုကဲ့သို့ ကမ်းလှမ်းလာခြင်းများအား မိမိတို့စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဝမ်းမြောက်ဝမ်းသာလက်ကမ်းကြိုဆိုပါကြောင်း၊ မိမိတို့ဌာနမှာလည်း တိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်ကျေးရွာများပါမကျန် ဒေသမရွေး လူထု၊ လူတန်းစား၊ ဘာသာမရွေး အသက်အရွယ်မရွေး စားသုံးသူများထံ ဗဟုသုတများပျံ့နှံ့ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း နောင်များတွင်လည်း ယခုကဲ့သို့ ဒေသအနှံ့အပြားမှ လူထုအားစုစည်း၍ ဆွေးနွေး ရန်ဖိတ်ခေါ်ပါက မိမိတို့ ဌာနက အကူ အညီပေးမှာဖြစ်ကြောင်း မိမိတို့ရဲ့ စားသုံးသူအသိပညာပေးဆောင်ရွက်ချက်များကို လူမျိုးဘာသာ မရွေး၊ အသက်အရွယ်မရွေး ကျယ်ကျယ်ပြန့်ပြန့်သိရှိလာမည်ဆိုပါက ဌာနရဲ့ရည်ရွယ်ချက်အောင်မြင်တယ်လို့ ယုံကြည်ပါကြောင်း၊ မိမိတို့ဌာနမှ ဆောင်ရွက်နေတဲ့ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများတွင်လည်း အဖွဲ့အစည်းအသီးသီးမှလိုက်ပါ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း၊ တက်ရောက်လာတဲ့ စားသုံးသူအကာအကွယ်ပေးရေး ကိစ္စကိုစိတ်ပါဝင်စားတဲ့ ပရဟိတနဲ့ ပုဂ္ဂလိကအဖွဲ့အစည်းများ က သက်ဆိုင်ရာဒေသရှိစားသုံးသူရေးရာဦးစီးဌာန ရုံးများ၏ လိပ်စာ၊ ဖုန်းနံပါတ်များကို သိရှိဆက်သွယ်ဆောင်ရွက်လိုပါ၍ မေးမြန်းမှုများအား ဌာနဝန်ထမ်းများမှ ဖြေကြားပေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**တင်ချစ်ကောင်း**
**မန္တလေး(စားသုံးသူ)**

## လားရှိုးမြို့ အ ထ က(၂) ကျောင်းရှိ ကျောင်းမုန့်ဈေးတန်း သွားရောက်စစ်ဆေး



ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်း ဦးစီး သောအဖွဲ့နှင့် ဒေါက်တာနီနီထွန်းဦးစီးသော ကျောင်းကျန်းမာရေးအဖွဲ့တို့ပူးပေါင်း၍ ဇွန် ၂၃ ရက်နေ့တွင်လားရှိုးမြို့ အ . ထ . က (၂) ကျောင်းရှိကျောင်း မုန့်ဈေးတန်းတွင် ရောင်းချလျက်ရှိသော အစားအသောက်/မုန့်များကိုစစ်ဆေး ခဲ့ပါသည်။ ယင်းကဲ့သို့ သွားရောက်စစ်ဆေးချက်များအရ စားသုံးရန် မသင့်သော ဂျယ်လီမုန့်များ၊ တရုတ်အစပ်ထုပ် နှင့်တုတ်ထိုးချိုချဉ်များ၊ စားသုံးရန်ရက်လွန်နေသောမုန့်များ၊ အမှတ်တံဆိပ်များနှင့်ထုတ်လုပ်/ ကုန်ဆုံးရက်မပါသည့် မုန့်များနှင့်ဆိုးဆေးများပါသော စုစုပေါင်း ၃၃၂၀၀ ကျပ် တန်ဖိုးရှိ မုန့် ၁၇ မျိုးအား သိမ်းဆည်း၍ကျောင်းမုန့် ဈေးတန်းဘေးတွင် ချက်ခြင်းမီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိပါသည်။

**လားရှိုး**

## ရေးမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းနှင့် တားမြစ်ကုန်စည်များရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစိစစ်

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများအား အရှိန် အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၂ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးအောင်ကျော်မိုး ဦးဆောင်သောဝန်ထမ်း ၄ ဦးတို့သည် ရေး/ သံဖြူဇရပ်မြို့နယ်တာဝန်ခံ ဦးသန့်ဇင်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ စည်ပင်သာယာရေး ဈေးရုံးခန်းတွင်လည်းကောင်း၊ ရေးမြို့အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းတွင် လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများအကြောင်းတို့ကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

စားသုံးသူရေးရာဦးစီးဌာန ပြည်နယ် ဦးစီးမှူးရုံးမှ စားသုံးသူရေးရာတာဝန်ခံ ဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူအကာအကွယ်ပေးရေးအကြောင်း၊ ဥပဒေများအကြောင်းနဲ့ တားမြစ်ကုန်စည်များရဲ့ ဘေးအန္တရာယ်များ အကြောင်းကို ဟောပြောဆွေးနွေးခဲ့ပါတယ်။ စားသုံးသူရေးရာ ဦးစီးဌာနမှဝန်ထမ်းများက ရေးမြို့နယ် စည်ပင်သာယာဈေးမှ တာဝန်ရှိသူများနဲ့ ဈေးမိဈေးဖများပူးပေါင်း၍ ဈေးအတွင်းရှိ ဆိုင်ခန်းများတွင် လက်ကမ်းစာစောင်များ၊ တားမြစ်ကုန်ပစ္စည်းများ၏ ရောင်စုံပုံနှိပ်စာစောင်များ ဝေငှပြီး တားမြစ်ကုန်စည်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစိစစ်၍ ဈေးကွက်အတွင်း မရောင်းချရန် တားမြစ်ထားသော ကုန်ပစ္စည်းများရဲ့ အမျိုးအမည်၊ အမှတ်တံဆိပ်များ၊ ထုတ်လုပ်သည့်ရက်စွဲ၊ နောက်ဆုံးသုံးစွဲရမည့်ရက်စွဲ စသည်တို့ကို ဂရုပြုကြစေရန်နဲ့ တားမြစ်ထားသော ကုန်စည်များအား သုံးစွဲမိပါက ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်များ အကြောင်းကို ဈေးဆိုင်ပိုင်ရှင်များနှင့် စားသုံးသူများအား ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

ရေးမြို့ အထက (၁) တွင် ပြုလုပ်ခဲ့သည့် ဟောပြောဆွေးနွေးပွဲသို့ ဆရာ/ဆရာမများ၊ ကျောင်းသား/သူများနှင့် ကျောင်းမုန့် ဈေးသည် စုစုပေါင်း ၅၆၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

ဆက်လက်၍ ဇွန် ၂၃ ရက်မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဒုပြည်နယ်ဦးစီးမှူး ဦးခင်မောင်မောင်အုန်း ဦးဆောင်သော ဝန်ထမ်းများသည် သံဖြူဇရပ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများအားဆွေးနွေးရာ စားသုံးသူရေးရာဦးစီးဌာန ဒုပြည်နယ်ဦးစီးမှူး ဦးခင်မောင် မောင်အုန်းက ဌာနနှင့်ပတ်သက်သောအကြောင်းအရာများအား ပြောကြားပြီး စားသုံးသူရေးရာ ဌာနခွဲတာဝန်ခံ ဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူအကာအကွယ်ပေးရေးအကြောင်းနှင့် ဥပဒေများအကြောင်းဆွေးနွေးခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာဌာနခွဲတာဝန်ခံ ဒုဦးစီးမှူး ဦးနေဇင်သက်က ထုတ်ကုန်များလုံခြုံ စိတ်ချရမှုဆိုင်ရာ သိကောင်း စရာများနှင့် တားမြစ်ကုန်စည်များ၏ ဘေး အန္တရာယ်များအကြောင်း ဟောပြောဆွေးနွေးခဲ့ရာ ဆရာ/ဆရာမများနှင့် ကျောင်းသား/သူများ စုစုပေါင်း ၇၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**သူရ (မွန်)**

## မအူပင်မြို့နယ် တလုပ်လပ် အနောက်ကျေးရွာ၊ တလုပ်လပ်အနောက် (အမက) ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင် မြို့နယ်တလုပ်လပ် အနောက်ကျေးရွာအုပ်စုရှိ တလုပ်လပ်/ အနောက် အ. မ. က ကျေးရွာတွင် မအူပင်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများသည် မအူပင်မြို့နယ်ပညာရေးမှူးနှင့်ပူးပေါင်း၍ကျင်းပသည့် စားသုံးသူရေးရာသိကောင်းစရာ ဟောပြောပွဲကို ဇွန် ၂၂ ရက် က ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေငွေသန်းနှင့် ဆရာ/ဆရာမများ၊ ကျောင်းသူ/ ကျောင်းသားများအပါအဝင် စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာဥပဒေများ၊ ဆိုးဆေးအန္တရာယ်များနှင့် FDA မှ ထုတ်ပြန်ထားသော စားသောက်ရန် မသင့်သည့် အစားအသောက်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားဆွေးနွေးပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပါသည်။

**Maubin Commerce**

## သာပေါင်းမြို့နယ်၊ ကညင်ချောင်းကျေးရွာ မူလွန်ကျောင်းတွင် စားသုံးသူရေးရာ အသိပညာပေး ဟောပြောပွဲပြုလုပ်

သာပေါင်းမြို့နယ်၊ ကညင်ချောင်းကျေးရွာ မူလွန်ကျောင်းတွင် စားသုံးသူရေးရာ အသိပညာပေး ဟောပြောပွဲကို ဇွန် ၉ ရက်က ကျင်းပပြုလုပ်ရာ သာပေါင်းမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဦးထွန်းမင်းလတ်နှင့် ဦးဇော်မင်းဦး၊ ကျန်းမာရေးဦးစီးဌာန ဆရာမ ဒေါ်နော်မူးဝါး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဆွေနှင့် ဆရာ/ဆရာမများ ကျောင်းသား/ကျောင်းသူများ စုစုပေါင်း ၃၂၇ ဦး တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဦးထွန်းမင်းလတ်က လူတိုင်းအတွက် စားဝတ်နေရေးသည် အခြေခံ လိုအပ်ချက်ဖြစ်ပြီး အစားအစာသည် အဓိကအကျဆုံး ပါဝင်နေသဖြင့် မည်ကဲ့သို့ စားသောက်ရမည်ကို သိရှိရန်လိုအပ်ကြောင်း၊ မိမိပတ်ဝန်းကျင်မှာ အစားအသောက်များစွာရှိပြီး အန္တရာယ်ရှိသော အစားအသောက်များအား စားသောက်မိပါက အလွန်အန္တရာယ်ကြီးမားကြောင်း၊ လူတိုင်းလူတိုင်း ကြိုက်တာကိုမစားသုံးဘဲ တည့်တာကိုသာ စားသုံးသင့်ကြောင်းနှင့် စားသုံးသူရေးရာဥပဒေများကို ဟောပြောခဲ့ပြီး မိမိတို့ဌာနအနေဖြင့် အန္တရာယ်ရှိသော အစားအသောက်များကို မစားသုံးမိစေရန် သက်ဆိုင်ရာဌာနဆိုင်ရာ ဖြစ်သော ကျန်းမာရေးဌာန၊ အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီး ဌာန၊ စည်ပင်သာယာရေးဌာန၊မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စသည်တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းပြောကြားပါတယ်။

အခမ်းအနားအပြီးတွင် ကျောင်းမုန့်ဈေးတန်း၌ လုံခြုံစိတ်ချရမှုမရှိသော မုန့်များကို မရောင်းချစေရေးအတွက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသူများအား ကလေးများအတွက် ဘေးကင်းလုံခြုံစိတ်ချရပြီး ကျန်းမာရေးနှင့် ညီညွတ်သော အာဟာရဖြစ်စေသည့်မုန့်များကိုသာ ရွေးချယ်ရောင်းချစေရန် အသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး (ပုသိမ်)**

## မွန်ပြည်နယ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများနှင့် စည်ပင်ဈေးတွင် တားမြစ်ကုန်စည်များ ရောင်းချခြင်းရှိ/မရှိကွင်း ဆင်းစစ်ဆေး



မွန်ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာနသည် ဇွန် ၂၄ ရက်တွင် သထုံမြို့နယ်၊ တံတားဦးကျေးရွာအုပ်စု အမက(တံတားဦး)ကျောင်းနှင့်မိုးကောင်း ကျေးရွာအုပ်စု အမက (ကရင်လေးဆိပ်) ကျောင်းတို့တွင်လည်းကောင်း၊ အလားတူ ဇွန် ၂၅ ရက်နေ့၌ ကျိုက်ထိုမြို့နယ်မြို့မဈေးနှင့် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ မြို့မဈေးတို့တွင် လည်းကောင်း၊ ဇွန် ၂၈ ရက်နေ့တွင် ပေါင်မြို့နယ်၊ ရင်းငြိမ် တောင်ကျေးရွာ အမကကျောင်းတွင်လည်းကောင်း၊ ဇွန် ၂၉ ရက်တွင် သထုံမြို့နယ် ဆင်ဖြူကျွန်း ကျေးရွာအုပ်စု အမက(ဆင်ဖြူကျွန်း) ကျောင်းတွင် လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှု ဆိုင်ရာသိကောင်းစရာများနှင့် တားမြစ်ကုန်စည်များအကြောင်း ဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

ဇွန် ၂၇ ရက်နေ့တွင် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်မောင်မောင်အုန်းဦးဆောင်သော ဝန်ထမ်းများသည် မုဒုံမြို့နယ်၌ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာ သင်ကျောင်းနှင့်မုဒုံမြို့နယ်၊ စာစင်လမ်း မကြီးရပ်ရှိ အခြေခံပညာ မူလတန်း(လွန်) ကျောင်းတို့တွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲများပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

ဇွန် ၂၈ ရက်တွင် မော်လမြိုင်မြို့ ဈေးကြီးရပ်၊ ရတနာထွန်းပွဲရုံဝင်းရှိ မော်မြိုင်ကုန်စည်ဒိုင်ခန်းမတွင်လည်း စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မွန်ပြည်နယ်စားသုံးသူ ရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးဦးစိုးသန်းအေးနှင့် တာဝန်ရှိသူများက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများအကြောင်းကို ခေါင်းစဉ်အသီးသီးဖြင့် ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်မြို့ Impact Co,Ltd (Cook တံဆိပ်) ပဲပိစပ်၊ နေကြာဆီဖြန့်ချီရေး လုပ်ငန်းမှ မွန်ပြည်နယ်အတွင်းရှိ အခြေခံစာသင်ကျောင်း များသို့ ဝေငှရန် "ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံး/သုံးစွဲ ရန် မသင့်ဟုထုတ်ပြန်ထားသည့် အစားအသောက်နှင့် အလှကုန်ပစ္စည်းများစာရင်း" စာအုပ် ၁၀၀၀ အား ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးသို့ ပေးအပ်လှူဒါန်းခဲ့ပါသည်။

၎င်းအခမ်းအနားသို့ ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ စားသုံးသူ ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

**နေဇင်(မွန်) ၊ အောင်လွင်(မော်လမြိုင်)**

## လက်ပံတန်းမြို့၊ အ ထ က (၃) တွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပြီး ကွင်းဆင်းစစ်ဆေး

သာယာဝတီခရိုင် စားသုံးသူရေးရာဦးစီး ဌာနသည် လက်ပံတန်းမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၃) တွင် စားသုံးသူ အကာအကွယ်ပေးရေး ဆွေးနွေးဟောပြောပွဲနှင့် မုန့်ဈေး တန်းစစ်ဆေးခြင်းကို ပြုလုပ်ခဲ့ရာ သာယာဝတီခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်သန်း၊ မြို့နယ်တာဝန်ခံ ဦးအောင်ဇော်လွင်နှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာသိန်းနိုင်လင်း နှင့် ဝန်ထမ်းများ၊ ပညာရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်မေသက်နွယ်၊ အ. ထ. က (၃) မှ ကျောင်းအုပ်ဆရာကြီး ဦးအောင်မျိုးမင်းနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူအင်အား ၂၂၈ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးညွန့်သန်းက စားသုံးသူရေးရာ ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ အစားအသောက်များ ဝယ်ယူစားသောက်ရာတွင် ဆိုးဆေးပါဝင်သော အစားအသောက်များ ဝယ်ယူ စားသောက်ခြင်းမပြုရန်၊ ထုတ်လုပ်ရက်၊ ကုန်ဆုံး ရက်ပါဝင်သော အစားအသောက်များကိုကြည့်၍ ဝယ်ယူစား သောက်ရန်၊ အမှည့်လွန်အသီးများ စားခြင်းမှ ရှောင်ကြဉ်ရန်၊ စားသုံးရန်မသင့်သော နမူနာမုန့်များကို ကျောင်းသား/ကျောင်းသူများအားပြသ၍ ဆိုးဆေးကြောင့် အစာအိမ်နှင့်အူလမ်းကြောင်းများ ပျက်စီးနိုင်သလို၊ မှိုကြောင့် ကင်ဆာဖြစ်နိုင်ကြောင်း ဆွေးနွေးဟောပြော၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပါသည်။

**ခိုင်ခိုင်ရီ**

## ချောင်းဦးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ ချောင်းဦးမြို့ စားသုံးသူရေးရာဦးစီးဌာန၏ကြီးကြပ်မှုဖြင့် စားသုံးသူအကာ အကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကို ဌာန၏ ရက် ၁၀၀ စီမံချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ချောင်းဦးမြို့နယ်တာဝန်ခံ ဦးဇော်ဝင်း နှင့် တာဝန်ရှိသူများသည် ဇွန်လ ၁၃ ရက်နဲ့ ၁၄ ရက်တို့တွင် ချောင်းဦးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ စားသုံးသူအကာအကွယ်ပေးရေးပညာပေး ဟောပြောပွဲလုပ်ငန်းများ ကျင်းပခဲ့ရာ ဇွန်လ ၁၃ ရက်တွင် မြေနီကျေးရွာ အ. မ. က နှင့် အုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း၊ နတ်ရေးကန် အ. လ. က နှင့် အုပ်ချုပ်ရေးမှူးရုံး တို့တွင်လည်းကောင်း၊ ဇွန်လ ၁၄ ရက်နေ့တွင် ငါးယှန်ကျေးရွာ အ. လ. က၊ မိုင်တဲ အ. မ. က နှင့် အုပ်ချုပ်ရေးမှူးရုံးတွင် လည်းကောင်း၊ ကမ္ဘ အ. မ. က နှင့် အုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း ကျင်းပခဲ့ပါသည်။

ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ စုစုပေါင်း ၁၀၃၈ ဦး တက်ရောက်ခဲ့ ပါသည်။ ဟောပြောပွဲတွင် ချောင်းဦးမြို့နယ် တာဝန်ခံ ဦးဇော်ဝင်း၊ မုံရွာမြို့နယ် တာဝန်ခံ ဦးထွန်းလှိုင်၊ ဘုတလင်မြို့နယ် တာဝန်ခံ ဒေါ်ထိုက်ထိုက်ဝင်း နှင့် တိုင်းဦးစီးမှူးရုံးက အကြီးတန်းစာရေး ဒေါ်သင်းသင်းအေးတို့က စားသုံသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ လုပ်ပိုင်ခွင့်နှင့် တာဝန်များအကြောင်း၊ တိုင်ကြားစာပုံစံများအကြောင်း၊ ဆေးလိပ်၊ စီးကရက်၊ အရက်၊ ဘီယာနှင့် ကွမ်းတို့၏ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် နောက်ဆက်တွဲ ဖြစ်ပွားနိုင်သော ရောဂါ အန္တရာယ်များအကြောင်း၊ စားသုံးဆီနှင့် အချိုမှုန့်များအကြောင်း၊ အရောင်ဆိုးဆေးများ၏ အန္တရာယ်များအကြောင်း၊ အန္တရာယ်ရှိမုန့်မျိုးစုံအကြောင်းနှင့် အန္တရာယ်ရှိ အသင့်စားသောက်ဖွယ်ရာများတွင် တာရှည်ခံဆေးများထည့်သွင်းထားသောကြောင့် မစားသုံးသင့်ကြောင်း ရှင်းလင်းပြောကြားခဲ့ ပါသည်။

ဟောပြောပွဲသို့ တက်ရောက်လာသူများ အားလုံးအား စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ဝေပေးသည့် "စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ" လက်ကမ်းစာစောင်များကို ဝေငှခဲ့ပါသည်။

**ခင်ချိုမြင့်၊ မြောင်**

➲ စာမျက်နှာ ၁၈- ပြုပြင်ပြောင်းလဲရေးကာလ ရက် ၁၀၀ နဲ့ . . . သတင်းမှအဆက်



ဒ့ါအပြင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ Digitalization of Myanmar Import Licensing Application Project (MGMA) စနစ်ရဲ့ အချက်အလက်များကို Online မှတိုက်ရိုက်ချိတ်ဆက်ပြီး CMP လိုင်စင်များအား Fully Online Licensing စနစ်နဲ့ ထုတ်ပေး နိုင်ရေးအတွက် နည်းပညာပိုင်းအရ ချိတ်ဆက်ဆောင်ရွက်ပြီးဖြစ်လို့ CMP(အထည်ချုပ်) လိုင်စင်များထုတ်ပေးရာတွင် လိုအပ်သည့် မူဝါဒဆိုင်ရာအချက်အလက်များကို ညှိနှိုင်းဆွေးနွေးခြင်းများကိုလည်း ဇွန်လ ၁၇ ရက်နေ့မှာ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။

**ကုန်သွယ်မှုမူဝါဒများ နိုင်ငံတကာနဲ့ လိုက်လျောညီထွေဖြစ်စေဖို့ဖြေလျှော့ရေး**

ပြည်ပသို့ တင်ပို့မှုပိတ်ပင်ထားတဲ့ ကုန်စည်စာရင်းဟာ ၁၉၉၉ ခုနှစ်မှာ အမျိုးအစား ၃၂ ခုရှိခဲ့ပါတယ်။ ဒါပေမယ့် တဖြည်းဖြည်းဖြေလျှော့ခဲ့လို့ ၂၀၀၈ ခုနှစ်မှာ အမျိုးအစား ၁၅ မျိုးရှိရာမှ ၂၀၁၁ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်မှာ ထပ်မံဖြေလျှော့ခဲ့တဲ့အတွက် လက်ရှိမှာ အမျိုးအစား ၁၂ မျိုးကျန်ရှိနေပါတယ်။ ဒီပိတ်ပင်ထားတဲ့ ကုန်စည် ၁၂ မျိုးကိုလည်း နိုင်ငံတကာနဲ့လိုက်လျော ညီထွေဖြစ်ဖို့ရယ်၊ မြန်မာနိုင်ငံက ကျင့်သုံးနေတဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ ကိုက်ညီစေဖို့ရယ်အတွက် ပြန်လည်စိစစ်သုံးသပ်ပြီး ဆက်စပ်ဌာနများနဲ့ အသင်းအဖွဲ့များရဲ့ သဘောထားမှတ်ချက်များရယူကာ ထပ်မံဖြေလျှော့မှုကို တင်ပို့ခွင့် ပိတ်ပင်ထားတဲ့ (၁၂) မျိုးထဲက အချို့သော ကုန်စည်များကို လုံးဝဖြေလျှော့ တင်ပို့ခွင့်ပြုဖို့ကုန်စည်အုပ်စု၊ တချို့ကို စည်းမျဉ်းစည်းကမ်းနဲ့ တင်ပို့ခွင့်ပြုဖို့ ကုန်စည်အုပ်စုနဲ့ လုံးဝပိတ်ပင်ထားတဲ့ ကုန်စည်အုပ်စု ဆိုပြီးအုပ်စု သုံးခုနဲ့ ဖြေလျှော့သွားဖို့ လျာထားပါတယ်။ ဒီအုပ်စုသုံးခု သတ်မှတ်ပြီး ဖြေလျှော့မှုအစီအမံကိုလည်း လုပ်ထုံးလုပ်နည်းနဲ့အညီ စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက် တင်ပြခွင့်ပြုချက်ရယူဖို့ဆောင်ရွက်လျက်ရှိပါတယ်။ မကြာခင်မှာ ခွင့်ပြုချက်ရယူပြီး ထုတ်ပြန်ကြေညာသွားမှာဖြစ်ပါတယ်။

ဒ့ါအပြင် သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်တဲ့စာရင်း (Negative List) မှ အချို့သော ကုန်စည်လိုင်းများကို လိုင်စင်လျှောက်ထားဖို့ မလိုတဲ့စာရင်းအဖြစ် ထပ်မံဖြေလျှော့ဖို့ ဆောင်ရွက်မှုကိုလည်း ဝန်ကြီးဌာနအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့နှင့် ၂၀၁၆ ခုနှစ်၊ မေလအတွင်းမှာ ပထမအဆင့် အနေနဲ့ ညှိနှိုင်းစိစစ်ရွေးချယ်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ HS Code ကျွမ်းကျင်တဲ့ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်းများ၊ UMFCCI မှ တာဝန်ရှိသူများနဲ့ ညီနောင်အသင်းအဖွဲ့များမှ လုပ်ငန်းရှင်များဟာ ဇွန်လပထမသီတင်းပတ်မှာ တွေ့ဆုံကာ ထပ်မံရွေးချယ်ခဲ့ပြီး လက်ရှိမှာတော့ HS Code လိုင်းပေါင်း ၂၆၇ လိုင်းကို လိုင်စင်လျှောက်ထားဖို့ မလိုတဲ့လိုင်းအဖြစ် ဖြေလျှော့နိုင်ရေး စီးပွားရေးရာကော်မတီနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတို့ကို ဆက်လက်တင်ပြထားပြီးဖြစ်ပါတယ်။ ဒီဖြေလျှော့မှုကိုလည်း မကြာမီကာလအတွင်းမှာ ထုတ်ပြန်နိုင်တော့မှာဖြစ်ပါတယ်။

ကုန်သည်လုပ်ငန်းရှင်များကို ဖြေလျှော့ပေးခြင်းသာမက နယ်စပ်ဒေသမှာရှိတဲ့ ဒေသခံကုန်သည်ငယ်များအတွက်လည်း တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် (Individual Trading Card -ITC) နဲ့ ကုန်သွယ်မှုကို ယခင်ကတစ်ရက် ကျပ် သိန်း ၂၀ နဲ့ ငါးရက်စာအတွက် ကျပ်သိန်း ၁၀၀ ခွင့်ပြုခဲ့ရာမှ ယခုအခါ တစ်ရက်ကို ကျပ်သိန်း ၃၀ နှုန်းနဲ့ ငါးရက်စာ ကျပ်သိန်း ၁၅၀ အထိ တိုးမြှင့်ဆောင်ရွက်ခွင့်ပြုခြင်းကိုလည်း ၂၀၁၆ ခုနှစ်၊ မေလအတွင်းမှာ အသိပေးအကြောင်းကြားထားပြီးဖြစ်ပါတယ်။ ITC ကတ် မှတ်ပုံတင်ထားသူတစ်ဦးကို မော်တော်ဆိုင်ကယ်တင်သွင်းဖို့အတွက် တစ်ရက်လျှင် တစ်စီးနှုန်းနဲ့ တစ်ပတ်ကို ဆိုင်ကယ်စီးရေ ငါးစီးအထိ စမ်းသပ်ကာလ တစ်လတင်သွင်းခွင့်ပြုထားပြီးဖြစ်ပါတယ်။

ဒ့ါအပြင် ပြည်တွင်းလုပ်ငန်းရှင်များ အလုပ်အကိုင် အခွင့် အလမ်းပိုမိုရရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများရဲ့ ဈေးကွက်ဝယ်လိုအားရှိတဲ့ ကုန်စည်အချို့ကို ပြန်လည်တင်ပို့ခွင့် (re-export) စနစ်နဲ့ ခွင့်ပြုပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

**ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတကာနဲ့ ချိတ်ဆက်ဆောင်ရွက်မှု**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်တာနဲ့အညီ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ အကူအညီပေးရေး အစီအစဉ် (Enhanced Integrated Framework-EIF) ကို ၂၀၁၃ ခုနှစ်မှာ စတင်ပါဝင်ခဲ့ပြီး EIF ရဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့ ကုန်သွယ်မှုဆိုင်ရာ ဘက်စုံလေ့လာဆန်းစစ်မှု ( Diagnostic Trade Integrated Study-DTIS) အစီရင်ခံစာပြုစုခြင်းကို စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ကမ္ဘာ့ဘဏ်ပညာရှင်များ ပူးပေါင်းပြီး ပြုစုခဲ့ပါတယ်။ DTIS အစီအရင်ခံစာ အတွက် Launching Ceremony ကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှာ အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအစီရင်ခံစာမှာပါတဲ့ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းစဉ်များ (Action Matrix) ကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ နည်းပညာနဲ့ ငွေကြေးအကူအညီများပေးဖို့ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနဲ့ အဖွဲ့အစည်းများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှု မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာအဖွဲ့အစည်းများရဲ့ သဘောတူညီချက်နဲ့ လိုက်လျော ညီထွေစွာနဲ့ ပြည်သူများရဲ့ ကျန်းမာရေး၊ လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်မထိခိုက်ရေးတို့အပြင် နိုင်ငံတော်ရေရှည်ဖွံ့ဖြိုး တိုးတက်ဖို့ကို ဦးတည်ရည်မှန်းလျက်ဆက်လက်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရက် ၁၀၀ အတွင်း လက်ရှိဆောင်ရွက်ထားမှု အခြေအနေများအား တင်ပြလိုက်ရပါတယ်။

# ဟိုချီမင်းမှတစ်ဆင့် တရုတ်(တိုင်ပေ)ရှိ ထိုင်နန်သို့ သွားရောက်လိုသော ရန်ကုန်ခရီးသွားများအတွက် နိုင်ငံတကာခရီးစဉ်အသစ်တစ်ခုကို တိုးချဲ့




ဗီယက်နမ်နိုင်ငံ၏ တန်ဖိုးနည်းလေကြောင်းလိုင်း တစ်ခုဖြစ်သည့် Vietjet သည် ဗီယက်နမ်နိုင်ငံဟိုချီမင်းမှတစ်ဆင့် တရုတ်(တိုင်ပေ)ရှိ ထိုင်နန်သို့ သွားရောက်လိုသော ရန်ကုန်ခရီးသွားများအတွက် နိုင်ငံတကာခရီးစဉ်အသစ်တစ်ခုကို တိုးချဲ့လိုက်ပြီဖြစ်ကြောင်း Vietjet ၏ ထုတ်ပြန်ကြေညာချက်များအရ သိရသည်။

ဟိုချီမင်း-ထိုင်နန်ခရီးစဉ်သည် ဟိုချီမင်းနှင့်တရုတ်(တိုင်ပေ) တို့အကြား ဒုတိယမြောက်တိုးချဲ့လိုက်သည့် စီးပွားရေးနှင့်ခရီးသွားလုပ်ငန်းဖြစ်သည်။အစမ်းပျံသန်းသည့် လေယာဉ်တွင် စီးနင်းလိုက်ပါလာသော ခရီးသွားများသည် ထိုင်ဝမ်ရိုးရာ အကများနှင့် စိတ်ဝင်စားဖွယ်ရာ လက်ဆောင်များကို လေယာဉ်ပေါ်တွင် ရရှိခံစားခဲ့ကြသည်။ ယင်းခရီးစဉ်သစ်ကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် စနေနေ့တိုင်းတွင် ပျံသန်းမည်ဖြစ်ပြီး ပျံသန်းချိန် ၃ နာရီနှင့် ၁၅ မိနစ် ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

ဟိုချီမင်းမှ (ဗီယက်နမ်စံတော် ချိန်) ၁၀း၄၅ နာရီတွင် ထွက်ခွာသော လေယာဉ်သည် ထိုင်နန်မြို့သို့ (တရုတ်(တိုင်ပေ) စံတော်ချိန်) ၁၅း၀၀ နာရီ တွင်ဆိုက်ရောက်မည်ဖြစ်သည်။ အပြန် လေယာဉ်သည် ထိုင်နန်မြို့မှ (တရုတ် (တိုင်ပေ)စံတော်ချိန်) ၁၆း၀၀ နာရီတွင် ထွက်ခွာပြီး ဟိုချီမင်းသို့ (ဗီယက်နမ်စံတော်ချိန်) ၁၈း၁၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။ Vietjet ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Ms. Nguyen Thi Thuy Binh က "ဟိုချီမင်းနဲ့အလွန်လှပပြီး ယဉ်ကျေးမှုတွေ သမိုင်းကြောင်းတွေ အများကြီးထွန်းကားတဲ့ ထိုင်နန်မြို့တို့ရဲ့ တိုက်ရိုက်ပျံသန်းမှု ခရီးစဉ်ကို စတင်နိုင်တဲ့အတွက် အရမ်းပဲဝမ်းမြောက်မိပါတယ်။ ဒီခရီးစဉ်ကြောင့် တရုတ်(တိုင်ပေ)ကနေ ဗီယက်နမ်နဲ့ တခြားနိုင်ငံတွေဆီ သွားလာနေကြတဲ့ တရုတ်(တိုင်ပေ)အလယ်ပိုင်းနဲ့ တောင်ပိုင်းမှာရှိတဲ့ ခရီးသွားတွေနဲ့ စီးပွားရေးသမားတွေကို အကျိုးကျေးဇူးဖြစ်စေမှာပါ၊ ဇွန် ၁၈ ရက်တုန်းကလည်း Vietjet က တိုင်ပေ-ဟိုချီမင်း ပျံသန်းတဲ့ ခရီးစဉ်ကို တစ်ရက်ကို နှစ်ကြိမ် တိုးချဲ့ ပျံသန်းခဲ့ပါတယ်။ အခု တိုက်ရိုက်ပျံသန်းမှုကြောင့် ခရီးသွားလာနှုန်းပိုပြီး မြင့်တက်လာမယ်လို့ ကျွန်မယုံကြည်ပါတယ်" ဟု ပြောသည်။

Vietjet အနေဖြင့် လေယာဉ်များကို အစဉ်တိုးတက်ခေတ်မီနေစေရန် လုပ်ဆောင်လျက်ရှိသည့်အပြင် ပြည်တွင်းနှင့် နိုင်ငံတကာ လေကြောင်းလိုင်းများကိုလည်း တိုးချဲ့ကာ ခရီးသွားအဖွဲ့များ၊ တစ်ဦးချင်း ခရီးသွားများနှင့် စီးပွားရေးလုပ်ငန်းသမားများအတွက် လိုအပ်လျက်ရှိသည့်ခရီးသွားဝန်ဆောင်မှုကို မြှင့်တင်လျက်ရှိသည်။ အဆင်ပြေလွယ်ကူသော ပျံသန်းစဉ်အချိန်ဇယားများ၊ ဈေးနှုန်းသက်သာသော လက်မှတ်များနှင့် ကောင်းမွန်သော ဝန်ဆောင်မှုများကြောင့် ဤခရီးစဉ်သစ်သည် နိုင်ငံ နှစ်နိုင်ငံအကြားရှိ လူမှုဆက်သွယ်ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဖလှယ်ခြင်းများကို ပိုမိုတိုးတက်စေမည်ဟု မျှော်မှန်းထားလျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

## The Lake Suite တာဝါ-၃ တွင် ဌားရမ်းသူများအား အထူးလျှော့ဈေးများ ကံစမ်းမဲအစီအစဉ်များဖြင့် ဌားရမ်းပေးလျက်ရှိ

မြန်မာပလာဇာတွင် ဆောက်လုပ်ထားရှိသည့် The Lake Suite တာဝါ- ၃ မှ အခန်းများအားအထူးလျှော့ဈေးများ ကံစမ်းမဲအစီအစဉ်များဖြင့် ငှားရမ်းပေးလျက်ရှိကြောင်း ဇွန် ၂၅ ရက်က မြန်မာပလာဇာတွင် ကျင်းပခဲ့သည့် အထူးဈေးရောင်းပွဲတွင် ကြေညာခဲ့သည်။

အဆိုပါ အထူးလျှော့ဈေးအစီအစဉ်တွင် တစ်နှစ်အတွင်း ၉၀ ရာခိုင်နှုန်း ငွေပေးချေသည့်ငှားရမ်းသူများအား ၆ ရာခိုင်နှုန်းဈေးလျှော့၍ ငှားရမ်းပေးမည်ဖြစ်ပြီး နှစ်လအတွင်း ၉၀ ရာခိုင်နှုန်း ငွေပေးချေသည့် ငှားရမ်းသူများအား ၁၂ ရာခိုင်နှုန်းဈေးလျှော့၍ ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်ကို ဇွန် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ပြုလုပ်ပေးမည်ဖြစ်ပြီး ဒေါ်လာ ၅၀၀၀၀ တန်ဖိုးရှိသည့် ရွှေသားဆုမဲများ၊ ဒေါ်လာ ၂၅၀၀၀ တန်ဖိုးရှိသည့်ကားဆုမဲနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကိုလည်း ကံစမ်းမဲများ ထည့်သွင်းထားကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ The Lake Suites ရဲ့ နောက်ထပ်တာဝါတစ်ခုကို မိတ်ဆက်ပေးရန်အတွက် ယုံကြည်စိတ်ချရတဲ့ အခြေအနေတစ်ခုကို ရောက်ရှိလာပါပြီ။ ယခုလိုအခြေအနေမျိုးမှာ ကျွန်တော်တို့ လူနေတိုက်ခန်းတွေရဲ့ အဆင့်အတန်းနဲ့ ဆွဲဆောင်မှုရှိတဲ့ကြော်ငြာအစီအစဉ်တို့ ပေါင်းစပ်ထားမှုကြောင့် ငှားရမ်းသူများအနေနဲ့ စိတ်ဝင်စားမှုများ တိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်"ဟု HGL Myanmar မှ အုပ်ချုပ်မှုဒါရိုက်တာ Mr. Cao Duy Thinh က ပြောကြားခဲ့သည်။

**မြင့်ဆွေ**

# မလေးရှား ကန်ထရိုက်များက ပြည်ပရှိ အခွင့်အလမ်းများကို စူးစမ်းဖော်ထုတ်

ဆက်သွယ်ရေးအတွက် အာဆီယံမဟာစီမံကိန်း (ASEAN Master Plan for Connectivity-AMPC) က အာဆီယံရဲ့ အဓိကအရေးပါတဲ့အခြေခံအဆောက်အအုံစီမံကိန်းတစ်ခုဖြစ်ကြောင်း မီးရထား၊ မော်တော်ကားနဲ့ ပင်လယ်ရေကြောင်းလမ်းမှတစ်ဆင့် အရှေ့တောင် အာရှနိုင်ငံများကို ဆက်သွယ်ပေးဖို့ ရည်မှန်းဆောင်ရွက်ထားတဲ့ စီမံကိန်းတစ်ခုဖြစ်ကြောင်းနဲ့ AMPC စီမံကိန်းမှာ မလေးရှားနိုင်ငံက ရှေ့တန်းမှ ပါဝင်လျက်ရှိနေကြောင်း သည်အက်ချ်မားကက်ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

စင်ကာပူ-ကူမင်း မီးရထားလမ်းအကောင်အထည်ဖော်ရာမှာ မလေးရှားနိုင်ငံ မီးရထားလမ်းနဲ့ ဆက်သွယ်ရေးစီမံကိန်းဖြင့် စတင်ပုံဖော်နေပြီဖြစ်ရာ မီးရထားလမ်းနောက်ဆုံးအပိုင်းကို တရုတ်မီးရထားလမ်းဆောက်လုပ်ရေးကုမ္ပဏီကို ချထားပေးပြီးဖြစ်ပါတယ်။

သယ်ယူပို့ဆောင်ရေး စီမံကိန်းများရဲ့ တန်ဖိုးက အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံ (ရင်းဂစ် ၁၈၄ ဒသမ ၀၅ ဘီလီယံ) ရှိရာ ဒေသဆိုင်ရာနဲ့ မြို့ပြဆက်သွယ်မှုကို ကြီးမားစွာအထောက်အကူပြုနိုင်ပြီး မလေးရှား ကန်ထရိုက်လုပ်ငန်းရှင်များအနေဖြင့် အဓိကအာရုံစိုက် ဆောင်ရွက်နေတဲ့ လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ခုနှစ် ကမ္ဘာ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်အညွှန်းရဲ့ အခြေခံအဆောက်အအုံ တည်ဆောက်မှုအပိုင်းမှာ နိုင်ငံပေါင်း ၁၄၀ ပါဝင်တဲ့အနက် မလေးရှားနိုင်ငံက ၂၅ နေရာမှာရှိပြီး အာဆီယံမှာ ဒုတိယနေရာမှာရှိနေပါတယ်။ ဒါကြောင့် ပြည်တွင်းမှာ ဖွံ့ဖြိုးမှုပြည့်စုံလာပြီဖြစ်တဲ့အတွက် လာမယ့်နှစ်တွေမှာ အကြီးစားစီမံကိန်းကြီးတွေ တစ်စတစ်စ လျော့ကျလာမယ့်သဘောကို ပြသနေပါတယ်။

ဒါကြောင့် မလေးရှားဆောက်လုပ်ရေး ကန်ထရိုက်တွေအဖို့ ယခုလောလောဆယ်မဟုတ်တဲ့တိုင် အောင်လာမယ့်နှစ်တွေမှာ ပင်လယ်ရပ်ခြားမှာ သွားရောက်လုပ်ကိုင်ကြရတော့မှာ ဖြစ်ပါတယ်။

မလေးရှားကုမ္ပဏီတွေက ပြည်ပမှာရှိနေတဲ့ အခွင့်အလမ်းတွေကို စူစမ်းဖော်ထုတ်လျက်ရှိရာ အင်ဒိုနီးရှားနိုင်ငံက မလေးရှားအတွက် အာဆီယံမှာ အကြီးမားဆုံးဈေးကွက်ကြီး ဖြစ်နေပါတယ်။ ဘာသာစကား၊ ယဉ်ကျေးမှုနဲ့ သမိုင်းအစဉ်အလာတွေတူညီမှုကလည်း အခွင့်အလမ်း ပိုမိုရရှိစေနိုင်ပါတယ်။

# ဗီယက်နမ်မှာ ယခုနှစ်အတွင်း စီးပွားရေးလုပ်ငန်းသစ်နဲ့ ရင်းနှီးမြှုပ်နှံမှုအသစ်များ တိုးပွားလာ

စီးပွားရေးလုပ်ငန်းဝန်းကျင် တိုးတက်ကောင်းမွန်ရေးနဲ့ စီးပွားရေးလုပ်ငန်းဆောင်ရွက်လိုတဲ့ စိတ်ဓာတ်များ တိုးတက်မြင့်မားရေးအတွက် အစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံမှာ စီးပွားရေးလုပ်ငန်းသစ်များရဲ့ အရေအတွက်က ထူးထူးခြားခြား မြင့်တက်လာကြောင်းနဲ့ ထိုသို့မြင့်တက်မှုကို ကြည့်ခြင်းအားဖြင့်စီးပွားရေးလုပ်ငန်းအပေါ် ယုံကြည်မှု မြင့်မားလာတာကို ပြသလျက်ရှိကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြထားပါတယ်။



ယခုနှစ် ပထမခြောက်လအတွင်းမှာ ဗီယက်နမ်နိုင်ငံမှာ လုပ်ငန်းသစ် ၅၄၅၀၀ ကို ထူထောင်ခဲ့ပြီးဖြစ်ရာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအားဖြင့် ဗီယက်နမ် ဒေါင် ၄၂၇ ဒသမ ၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၁ ဘီလီယံ) ရှိခဲ့ပါတယ်။ ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် အရေအတွက်အားဖြင့် ၂၀ ရာခိုင်နှုန်းနဲ့ တန်ဖိုးအားဖြင့် ၅၁ ရာခိုင်နှုန်းအသီးသီး တိုးတက်ခဲ့ကြောင်း စီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနလက်အောက်ရှိ စီးပွားရေးလုပ်ငန်းမှတ်ပုံတင်ဌာန ဒုတိယညွှန်ကြားရေးမှူး ဘူဘိအန်းတူအန်က ပြောပါတယ်။

ယခုနှစ်ပထမနှစ်ဝက်မှာ ဗီယက်နမ်နိုင်ငံစီးပွားရေးလုပ်ငန်းများအတွင်းသို့ ဗီယက်နမ်ဒေါင် ၁၂၀၀ ထရီလီယံကို ဖြည့်ဆည်းပေးခဲ့ရာ အဆိုပါ ရရှိငွေများအနက် ၆၅ ရာခိုင်နှုန်းမှာ ရှိရင်းစွဲ စီးပွားရေး လုပ်ငန်းများအတွက် ဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်လိုတဲ့ သဘောကိုပြသလျက်ရှိကြောင်း တူအန်က ပြောပါတယ်။

စီးပွားရေးလုပ်ငန်းများရဲ့ စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်တဲ့ စီးပွားရေးလုပ်ငန်းကဏ္ဍအနက် အိမ်ခြံမြေလုပ်ငန်း၊ သတ္တုတူးဖော်ရေး၊ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေး၊ သိပ္ပံနဲ့ နည်းပညာစတဲ့ကဏ္ဍတွေ ပါဝင်ပါတယ်။

စီးပွားရေး လုပ်ငန်းများအပေါ် ယုံကြည်မှုမြင့်မားလာတဲ့ အကြောင်းတရားများအနက် စီးပွားရေးလုပ်ငန်းဆိုင်ရာဥပဒေနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေတို့ကို ပြဋ္ဌာန်းပေးတာကြောင့်ဖြစ်သလို စီးပွားရေးလုပ်ငန်းဝန်းကျင်အခြေအနေနဲ့ စီးပွားရေးလုပ်ငန်းရှင်များရဲ့ စိတ်ဓာတ်မြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်ပေးတဲ့အစိုးရရဲ့ လမ်းညွှန်မှုများကြောင့်လည်း ဖြစ်ကြောင်း တူအန်ကပြောပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

# ကျေးလက်ဒေသကို ဖွံ့ဖြိုးရေးဒေသသစ်အဖြစ် ဖိလစ်ပိုင်ကုမ္ပဏီစုကြီးများက ဖော်ထုတ်လာ

ဒူတာတေးအစိုးရအဖွဲ့က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို မြှင့်တင်ဖို့ဆောင်ရွက်တော့မှာဖြစ်တဲ့အတွက် ဖိလစ်ပိုင်နိုင်ငံရှိ ကုမ္ပဏီစုကြီးတချို့က ကျေးလက်ပိုင်းဒေသများဖြစ်တဲ့ မင်နာဒါအိုနဲ့ ဝိစာယဒေသများကို ဖွံ့ဖြိုးရေးနယ်မြေသစ်တွေအဖြစ် အလေးပေးဆောင်ရွက်လာကြကြောင်း ဖိလစ်ပင်းစတားသတင်းမှာဖော်ပြပါတယ်။

အီဂါဝါးကုမ္ပဏီက နိုင်ငံတစ်ဝန်းရှိပြည်နယ်မြို့ ၁၂ မြို့မှာ တည်ဆောက်ရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ ရည်မှန်းထားရာ ဝိစာယနဲ့ မင်နာဒါအိုဒေသတွေမှာ လာမယ့် ၁၀ နှစ်အတွင်း အနည်းဆုံးမြို့ခုနစ်မြို့ကို တည်ထောင်သွားမှာဖြစ်ပါတယ်။ ဒူတာတေးအစိုးရလက်ထက်မှာ ကုမ္ပဏီက ဖွံ့ဖြိုးရေးလုပ်ငန်းတွေဆက်လက်လုပ်ဆောင်နိုင်မယ်လို့ ယုံကြည်ကြောင်း မီဂါဝါးရဲ့ အမှုဆောင်ဒါရိုက်တာ ကင်းဆန်ရှန်ကပြောပါတယ်။ မီဂါဝါးကလောလောဆယ်မှာ ဝိစာယနဲ့ မင်နာဒါအိုဒေသတွေမှာ မြို့ပြတည်ဆောက်ရေးလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်နေပါတယ်။

လိုပက်ဂရုကလည်း မက်ထရိုမနီလာမြို့ကြီးရဲ့ အပြင်ဘက်မှာ ဟိုတယ်နဲ့ အပန်းဖြေလုပ်ငန်းတွေဆောင်ရွက်နေပါတယ်။ လိုပက်ဂရုက ကုမ္ပဏီရဲ့ ပထမဆုံးအပန်းဖြေစခန်းလုပ်ငန်းစီမံကိန်းကို စီဘူးမှာဆောင်ရွက်လျက်ရှိပြီး အီလွိုင်လီယိုပြည်နယ်မှာလုပ်ငန်းချဲ့ထွင်ဖို့လည်း ကြိုးစားနေပါတယ်။ ကုမ္ပဏီက စီဘူးရှိမက်ကတန်ဒေသမှာ အခန်း ၃၀၀ ရှိ အပန်းဖြေစခန်းတစ်ခုကို ပီဆို ၃ ဘီလီယံ သို့မဟုတ် ၄ ဘီလီယံသုံးပြီး အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ အပန်းဖြေစခန်းမှာ ပုဂ္ဂလိကအဆောင်များကို ဆောက်လုပ်ပေးပြီး ကမ်းခြေကို တိုက်ရိုက်သွားနိုင်အောင်လည်းဆောင်ရွက်ပေးထားပါတယ်။

ကျေးလက်ဒေသတွေရဲ့ ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးနိုင်ဖို့အတွက် ဒူတာတေးအစိုးရကို ကူညီဖို့အသင့်ရှိကြောင်း MVP Group ကလည်းပြောပါတယ်။

"ကျေးလက်ဒေသတွေကို အလေးပေးဆောင်ရွက်ဖို့လုပ်ဆောင်မယ့် ဒူတာတေးအစိုးရအဖွဲ့ရဲ့ အဓိကဦးတည်ချက်က မှန်ကန်တဲ့လမ်းဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်မယ့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းကို အားပေးရင် အဲဒီစီးပွားရေးလုပ်ငန်းတွေကလည်း ကျေးလက်ကိုသွားမှာပါပဲ"လို့ သူကပြောပါတယ်။

# ဘရက်ဇစ်ကြောင့် အင်ဒိုနီးရှား-အီးယူ စေ့စပ်ညှိနှိုင်းမှုများကို ထိခိုက်နိုင်

ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန်နိုင်ငံနုတ်ထွက်မယ့် ဆုံးဖြတ်ချက် (ဘရက်ဇစ်) ကြောင့် အင်ဒိုနီးရှား-အီးယူ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (IE-CEPA) အတွက် စေ့စပ်ညှိနှိုင်းမှုတွေကို နှောင့်နှေးကြန့်ကြာစေလိမ့်မယ်လို့ အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီး သောမတ်လမ်ဘောင်းက ပြောပါတယ်။

ဘရက်ဇစ်လို့ လူသိများနေတဲ့ အီးယူမှ ဗြိတိန်နိုင်ငံထွက်ခွာမှုက ကမ္ဘာ့စီးပွားရေးအထူးသဖြင့် ဗြိတိန်နဲ့ အီးယူတို့ရဲ့ စီးပွားရေးကို ထူးထူးခြားခြား ထိခိုက်စေမယ့် အဖြစ်အပျက်တစ်ခုအဖြစ် သောမတ်ကယူဆထားပါတယ်။

အီးယူကော်မရှင်က ဗြိတိန်နိုင်ငံထွက်ခွာရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်သွားမှာ ဖြစ်တဲ့အတွက် အီးယူနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ ဆောင်ရွက်ဆဲ ဖြစ်တဲ့ လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်အတွက် စေ့စပ်ညှိနှိုင်းမှုများကို ထိခိုက်မှုရှိစေနိုင်ကြောင်းနဲ့ အင်ဒိုနီးရှားအစိုးရအနေဖြင့် စေ့စပ်ညှိနှိုင်းမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လိုတဲ့ ဆန္ဒရှိကြောင်း မစ္စတာသောမတ်က ပြောပါတယ်။

"စေ့စပ်ညှိနှိုင်းမှုတွေကနှေးကွေးကြန့်ကြာဦးမယ့်သဘော ရှိပါတယ်။ ဒါပေမဲ့ လက်ရှိအခြေအနေကို ကျွန်တော်တို့ နားလည်ပါတယ်"လို့ သူက ပြောပါတယ်။

ပြဿနာ ဖြေရှင်းရေးအတွက် အင်ဒိုနီးရှားအစိုးရက အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ အီးယူသံရုံးနဲ့ ပေါင်းစပ်ညှိနှိုင်းမှုများကို ပြုလုပ်ပြီး ဘရက်ဇစ်ကြောင့် ဖြစ်ပေါ်လာမယ့် အခြေအနေတွေကို မျက်ခြည်မပြတ် စောင့်ကြည့်သွားမှာ ဖြစ်ပါတယ်။ လာမယ့်ရက်တွေက အရေးပါတဲ့အချိန်တွေ ဖြစ်ပါတယ်။ နှစ်ရက်အတွင်း အီးယူအရာရှိတွေ ဘယ်လိုတုံ့ပြန်မယ်ဆိုတာကို ကျွန်တော်တို့ စောင့်ကြည့်နေပါတယ်လို့ သူက ပြောပါတယ်။

အင်ဒိုနီးရှားနိုင်ငံနဲ့ ဗြိတိန်နိုင်ငံတို့ရဲ့ ကုန်သွယ်မှုဆက်ဆံရေးမှာ ဘရက်ဇစ်ရဲ့ ဂယက်ရိုက်ခတ်မှုနဲ့ ပတ်သက်ပြီးပြောကြားရာမှာ အီးယူမှ ဗြိတိန်နိုင်ငံထွက်ခွာတဲ့အခါ သတ်မှတ်ထားမယ့် စည်းကမ်းသတ်မှတ်ချက်တွေအပေါ်မှာ မူတည်မှာဖြစ်ကြောင်း သူက ပြောပါတယ်။




## သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို အာဆီယံဒေသက အလေးထား

သဘာဝအခြေခံခရီးသွားလုပ်ငန်းရဲ့ အကျိုးအမြတ်မြင့်မားမှုကို သိမြင်လာကြပြီဖြစ်တဲ့အတွက် အရှေ့တောင်အာရှနိုင်ငံများက အမျိုးသားစီမံကိန်း မူဝါဒတွေမှာ ရေရှည်တည်တံ့ပြီး တာဝန်ယူမှုအပြည့်အဝထားတဲ့ ခရီးသွားလုပ်ငန်းကို ထည့်သွင်းထားခြင်းဖြင့် စျေးကွက်ဖွံ့ဖြိုးမှုကို ကြိုးပမ်းဆောင်ရွက်လာကြကြောင်း တီတီဂျီအေးရှသတင်းမှာ ဖော်ပြထားပါတယ်။

ယခင်ရက်သတ္တပတ်က လာအိုနိုင်ငံပက်ဆဲမြို့မှာ အာဆီယံသဘာဝ အခြေခံခရီးသွားလုပ်ငန်းဖိုရမ်ကို ကျင်းပခဲ့ပြီး ပက်ဆဲကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ကြေညာချက်အရ သဘာဝအခြေခံခရီးသွားလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းရေးနဲ့ ခရီးသွားစကြံဒေသထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံရေးဆွဲရေးကိုလည်း ဦးတည်ချမှတ်ထားပါတယ်။

ရေကြောင်းသွားလာရေးခရီးသွားလုပ်ငန်းများမှာ အလားအလာမြင့်မားပြီး လာမယ့်ငါးနှစ်အတွင်းမှာ သဘာဝအခြေခံခရီးသွားလုပ်ငန်းက အင်ဒိုနီးရှားခရီးသွားလုပ်ငန်းရဲ့ ၁၀ ရာခိုင်နှုန်းကို အထောက်အပံ့ပေးသွားမှာဖြစ်ကြောင်း အင်ဒိုနီးရှား ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးနဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်းဌာန ညွှန်ကြားရေးမှူး ဖရန်တဲဂူက အာဆီယံသဘာဝအခြေခံခရီးသွားလုပ်ငန်းဖိုရမ်မှာ ပြောပါတယ်။

အင်ဒိုနီးရှားအစိုးရက သဘာဝအခြေခံခရီးသွားလုပ်ငန်းကို အမျိုးသားမဟာစီမံကိန်းမှာ ထည့်သွင်းရေးဆွဲပြီး တိုဘာရေကန်၊ လာဘွန်ဘာဂျိုနဲ့ မန်ဒါလီကာဒေသတွေကို သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ဦးစားပေးဒေသများအဖြစ် သတ်မှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မလေးရှားနိုင်ငံကလည်း အမျိုးသားသဘာဝအခြေခံခရီးသွားလုပ်ငန်း စီမံကိန်း (၂၀၁၆-၂၀၂၅)ကိုရေးဆွဲပြီး အဆိုပါစီမံကိန်းမှာ အပြည်ပြည်ဆိုင်ရာပေါင်းစည်းရေးလက်နက်အဖြစ် အစုအဖွဲ့ပုံစံမျိုးကို အသုံးပြုရေးဆွဲသွားမှာဖြစ်ကြောင်း မလေးရှားနိုင်ငံ Universiti Teknologi Malaysia ရဲ့ တီထွင်ဖန်တီးမှုနဲ့ ဖွံ့ဖြိုးရေးစင်တာမှ ညွှန်ကြားရေးမှူးပါမောက္ခအစ်မရန် ဟမ်ဇာက ပြောပါတယ်။

သဘာဝအခြေခံခရီးသွားဒေသတွေ၊ အမျိုးသားပန်းခြံတွေ၊ သမိုင်းဝင်စင်တာတွေမှာ အပြည်ပြည်ဆိုင်ရာအဆင့်စံနှုန်းတွေမီအောင် ဆောင်ရွက်ရေးက အဓိကအရေးကြီးကြောင်း ထိုင်းခရီးသွားနဲ့အားကစားဝန်ကြီး ကော့ကမ်ဝပ်တာနာ ဗရမ်ကူးလ်က ပြောပါတယ်။ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနယ်ပယ်မှာ အစိုးရကအထောက်အပံ့ပေးဖို့လိုအပ်နေတဲ့ နယ်ပယ်အများအပြားရှိကြောင်း ဖိုရမ်ကိုတက်ရောက်လာသူတွေက ပြောပါတယ်။

## RCEP စာချုပ်ဝင်နိုင်ငံများရဲ့ ကုန်စည် ၉၀ ရာခိုင်နှုန်းကျော်ကို အခွန်လျှော့ချရန် အာဆီယံက တိုက်တွန်း

ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကုန်စည်ကုန်သွယ်မှုတွင် ပါဝင်တဲ့ အမယ်များအနက် ၉၂ ရာခိုင်နှုန်းကျော်အတွက် အခွန်များကို ဖျက်သိမ်းပေးရန် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး (RCEP) အဖွဲ့ဝင် ၁၆ နိုင်ငံတို့အား အာဆီယံက အဆိုပြုမှာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

သဘောတူစာချုပ်ကို ယခုနှစ်အကုန်တွင် အာဆီယံအဖွဲ့က အပြီးသတ်ချုပ်ဆိုရန်ဆန္ဒရှိပေမယ့် အဆိုပြုချက်နဲ့ပတ်သက်ပြီး သဘောထားကွဲလွဲမှုအချို့ရှိနေဆဲဖြစ်ကြောင်း ထိုင်းကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးဌာန ညွှန်ကြားရေးမှူးချုပ် ဆီရီနတ်ချိုင်မန်က ပြောပါတယ်။ ဩဂုတ် ၅ ရက်မှာ လာအိုနိုင်ငံမှာကျင်းပမယ့်ဝန်ကြီးအဆင့်အစည်းအဝေးမှာ RCEP နိုင်ငံတွေက သဘောတူစာချုပ်အတွက် စေ့စပ်ညှိနှိုင်းပြီး မဲခွဲဆုံးဖြတ်ကြမှာဖြစ်ပါတယ်။ မဲခွဲဆုံးဖြတ်ပြီးနောက် ရရှိလာတဲ့သဘောတူညီချက်ကို ယခုနှစ် စက်တင်ဘာမှာ ကျင်းပမယ့် နိုင်ငံခေါင်းဆောင်များ အစည်းအဝေးကို ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။ ဝန်ဆောင်မှုကဏ္ဍ ဖြေလျှော့ရေးအတွက် RCEP နိုင်ငံတွေက ဆွေးနွေးကြဦးမှာဖြစ်ရာ ဝန်ဆောင်မှုကဏ္ဍ စီးပွားရေးလုပ်ငန်းများအတွက် စေ့စပ်ညှိနှိုင်းခြင်းနဲ့ ဝန်ဆောင်မှုကဏ္ဍနဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ဖြေလျှော့ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ကြိမ် RCEP အဖွဲ့ဝင် နိုင်ငံများမှ အရာရှိများရဲ့ ဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက်မှ ၁၉ ရက်အတွင်း ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီးမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။

ဆွေးနွေးမယ့် အကြောင်းအရာတွေထဲမှာ ကုန်ပစ္စည်း၊ ဝန်ဆောင်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတို့အတွက် ဖြေလျှော့မှုများ၊ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်၊ ဥပဒေများ၊ ပင်ရင်းနိုင်ငံ၊ အကောက်ခွန်လုပ်ထုံးလုပ်နည်း၊ ကုန်သွယ်မှုဖြေလျှော့ရေး၊ သန့်ရှင်းရေးနဲ့ ပိုးမွှားကင်းစင်ရေး စံနှုန်းများ၊ နည်းပညာ အတားအဆီးများ၊ အီလက်ထရွန်းနစ်ကောမတ်၊ ဘဏ္ဍာရေး၊ တယ်လီကွန် ဆက်သွယ်ရေးနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကိစ္စများပါဝင်ပါတယ်။

လုပ်ငန်းနယ်ပယ်တွင် ပါဝင်သူအားလုံးရဲ့ အသံကိုကြားနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများ အထူးသဖြင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများထံမှ ကြားနာမှုများကို RCEP နိုင်ငံများက ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့အသံများကို ကြားနာနိုင်ရန်အတွက် ဆိုရှယ်မီဒီယာကွန်ရက်များမှ တစ်ဆင့်လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကုန်စည်ခွန်ကို ၁၀၀ ရာခိုင်နှုန်းအထိလည်းကောင်း အရေးကြီးကုန်ပစ္စည်း စာရင်းတွင်ပါရှိသော ကုန်စည်များ၏ တန်ဖိုးကိုလျှော့ချနိုင်ခြင်း ရှိမရှိကိုလည်းကောင်း RCEP အဖွဲ့ဝင်တို့က ဆွေးနွေးမှာဖြစ်ပါတယ်။

## ဒဗလျူတီအိုသို့ အဇာဘိုင်ဂျန်ဝင်ရောက်ရေး နောက်တစ်ကြိမ်အစည်းအဝေးကို ဇူလိုင်မှာ ကျင်းပမည်

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)သို့ အဇာဘိုင်ဂျန်ဝင်ရောက်ရေအတွက် နောက်တစ်ကြိမ်ဆွေးနွေးပွဲကို ဂျနီဗာမြို့မှာ ဇူလိုင်၂၁ရက်နဲ့ ၂၂ရက်တို့မှာ ကျင်းပဖို့ စီစဉ်ထားရာ ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံများအတွက် စိတ်ဝင်စားစရာရှိကြောင်း ထရင်း(Trend) ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

အဇာဘိုင်ဂျန်က ဒေသတွင်းမှာ စီးပွားရေးအရ အကြီးမားဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ဒဗလျူတီအိုအတွက် အရေးပါတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံများအတွက်ဆွဲဆောင်မှုမြင့်မားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ဒဗလျူတီအိုဝင်ရောက်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ချီဒူးအိုဆက်ဝီကပြောပါတယ်။ စေ့စပ်ညှိနှိုင်းစဉ်ကာလအတွင်း နှစ်ဖက်အဖွဲ့များက တိုင်းပြည်စီးပွားရေးမှာ ဖြစ်ပေါ်နေတဲ့ ပြောင်းလဲမှုများနဲ့ လယ်ယာကဏ္ဍမှာ ဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲမှုများကို ဆွေးနွေးကြမှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် နောက်ဆုံးအစည်းအဝေး ကျင်းပစဉ်က အဖွဲ့ဝင်နိုင်ငံတွေကမေးထားတဲ့ မေးခွန်းတွေကို ယခုနှစ်အစည်းအဝေးမှာ အဇာဘိုင်ဂျန်က ပြန်လည်ဖြေကြားပြီး ဆွေးနွေးညှိနှိုင်းကြမှာ ဖြစ်ပါတယ်။ ရေနံစျေးနှုန်းတွေကျဆင်းနေချိန်မှာ တိုင်းပြည်စီးပွားရေးအတွက် အဇာဘိုင်ဂျန်အစိုးရက စီစဉ်ဆောင်ရွက်မှုနဲ့ စီးပွားရေးဖွံ့ဖြိုးမှုမဟာဗျူဟာကို အစိုးရက ချမှတ်ဆောင်ရွက်ပုံတွေကိုလည်း ဆွေးနွေးကြမှာဖြစ်ပါတယ်”လို့ အိုဆက်ဝီက ပြောပါတယ်။

ဒဗလျူတီအိုသို့ ဝင်ရောက်ရေးအတွက် ချမှတ်မယ့်စည်းကမ်းချက်တွေနဲ့ပတ်သက်လို့ ပြောကြားရာမှာ အစိုးရအပေါ်မှာမူတည်ကြောင်းသူကပြောပါတယ်။ ဒဗလျူတီအိုသို့ အဇာဘိုင်ဂျန်ဝင်ရောက်နိုင်ရေးအတွက် အချိန်မည်မျှကြာဦးမယ်ဆိုတာကို ခန့်မှန်းရခက်ခဲကြောင်း၊ စေ့စပ်ညှိနှိုင်းမှုများကို ၂၀၀၄ ခုနှစ်မှစတင်ခဲ့ကြောင်း သူကပြောပါတယ်။ ဥပမာအားဖြင့် ဒဗလျူတီအိုအဖွဲ့ဝင်ဖြစ်ရေး စေ့စပ်ညှိနှိုင်းမှုများကို ကာဇက်စတန်က ၁၉နှစ်၊ တရုတ်က ၁၅နှစ်နဲ့ ရုရှားနိုင်ငံက ၁၈ နှစ် အချိန်ယူဆောင်ရွက်ခဲ့ရကြောင်း သူကပြောပါတယ်။

ယခုလောလောဆယ်မှာ ရုရှား၊ ဆော်ဒီအာရေးဘီးယားနဲ့ နော်ဝေနိုင်ငံတို့က နှစ်နိုင်ငံအပြန်အလှန်သဘောတူစာချုပ်များကို ဒဗလျူတီအိုမူဘောင်အတွင်းမှ စေ့စပ်ညှိနှိုင်းဖို့ ကမ်းလှမ်းထားပါတယ်။ အဇာဘိုင်ဂျန်က တူရကီ၊ အိုမန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဂျော်ဂျီယာနဲ့ ကာဂျစ်စတန်နိုင်ငံတို့နဲ့ စေ့စပ်ညှိနှိုင်းပြီးအခြေပြစာချုပ် (Protocol) များကိုချုပ်ဆိုထားပြီးဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ဘရက်ဇစ်ဂယက်က အာဆီယံအတွက် အရေးပါတဲ့ သင်ခန်းစာကိုပေး

ဘရက်ဇစ် (Brexit) လို့ခေါ်တဲ့ ဥရောပသမဂ္ဂ (အီးယူ) ကနေ ဗြိတိန်နိုင်ငံနုတ်ထွက်ရေးအတွက် ဗြိတိန်နိုင်ငံသားတွေက မဲပေးဆုံးဖြတ်ခဲ့ရာ အဆိုပါ ဆုံးဖြတ်ချက်က အာဆီယံစီးပွားရေး အသိုက်အဝန်းတည်ဆောက်ရေးစီမံကိန်း တွေကို တိုးချဲ့ဆောင်ရွက်ဖို့ စီစဉ်ဆောင်ရွက်နေကြတဲ့ ထိုင်းနိုင်ငံနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအတွက် အရေးပါတဲ့ သင်ခန်းစာတစ်ခုဖြစ်တယ်လို့ ထိုင်းဘဏ္ဍာရေးဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန်ဟောင်းတစ်ဦးက ပြောကြောင်းနေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

အီးယူက အားလုံးအတွက် စီးပွားရေးအကျိုးစီးပွားတွေကို တိုးတက်ကောင်းမွန်အောင်မဆောင်ရွက်နိုင်တာကို အကြောင်းပြုပြီး အီးယူဘယ်နေရာမှာ မှားနေတယ်ဆိုတာကို ဘရက်ဇစ်က ကျွန်တော်တို့ကို ထုတ်ဖော်ပြသခဲ့ပါတယ်လို့ အမြဲတမ်းအတွင်းဝန်ဟောင်း ဒေါက်တာဆာသစ်လင်ပွန်ပန်က ပြောပါတယ်။

ကန်ချနာဘူရီမှာ Lead Business Institute (LBI) နှီးနှောဖလှယ်ပွဲကို ကျင်းပခဲ့ရာ အဆိုပါ စီးပွားရေး နှီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့ စီးပွားရေးလုပ်ငန်းခေါင်းဆောင်များနဲ့ အမှုဆောင်များကို သူကပြောကြားခဲ့တာ ဖြစ်ပါတယ်။ အီးယူကို ဘုံစျေးကွက်တစ်ခုထက် ကျော်လွန်လှုပ်ရှားခဲ့ရာမှလည်းကောင်း၊ သမဂ္ဂအဖွဲ့ကို တစ်ခုတည်းသော နိုင်ငံရေးအဖွဲ့အစည်းတစ်ခုအဖြစ်ထူထောင်ဖို့ ကြိုးစားခဲ့ရာမှလည်းကောင်း ပြဿနာစခဲ့ကြောင်း ဆာသစ်က ပြောပါတယ်။

စီးပွားရေး အသိုက်အဝန်းတစ်ခုကို ဖွဲ့စည်းချိန်က နိုင်ငံတွေအချင်းချင်းသဘောတူစာချုပ် ချုပ်ဆိုထားတာမရှိတဲ့အတွက် ပဋိပက္ခတွေနဲ့ အကွဲအပြဲတွေ ပေါ်ပေါက်ခဲ့ရတာဖြစ်ပါတယ်။

အာဆီယံအဖွဲ့မှာလည်း ဘုံငွေကြေးရှိဖို့ မလိုသေးကြောင်း၊ စီးပွားရေးအဖွဲ့အစည်းတစ်ခုထက်ပိုပြီး အလှမ်းမကျယ်သင့်ကြောင်း၊ ထိုင်းနိုင်ငံ လျင်မြန်စွာတိုးတက်လာခဲ့ခြင်းမှာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) နိုင်ငံတို့ ဆက်ဆံမှုကြောင့်လည်းဖြစ်ကြောင်း သူကပြောပါတယ်။ ဒီနိုင်ငံတွေအားလုံး ယဉ်ကျေးမှုနဲ့ ကိုးကွယ်မှုတွေလည်း တူညီကြောင်းသူကပြောပါတယ်။

ဒေါက်တာဆာသစ်က Lead Business ကို ၂၀၁၂ ခုနှစ်ကစတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဟနွိုင်း

ရင်းနှီးမြှုပ်နှံမှုတွေကို အားပေးကူညီနိုင်ဖို့အတွက် အစိုးရရဲ့ဥပဒေရေးရာမူဝါဒတွေက စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူပြုပြီးလုပ်ငန်းများ လုပ်ကိုင်လိုစိတ်ထက်သန်လာစေတဲ့ (Business Friendly) စနစ်ဖြစ်ဖို့ လိုတယ်လို့ ဗီယက်နမ်စီမံကိန်းနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်ကြီး ငုယင်ချီဒန်းကပြောကြောင်း ဗီယက်နမ်နယူးစ် သတင်းမှာဖော်ပြပါတယ်။

### ဗန်ကောက်

ယခုအချိန်မှ ၂၀၁၇ ခုနှစ် ပထမနှစ်ဝက်အတွင်း ထိုင်းနိုင်ငံက ဆန်သိုလှောင်လက်ကျန် တန် ၉ ဒသမ ၅ သန်းကို ရောင်းချဖို့ ထိုင်းဆန်စီမံခန့်ခွဲမှု မူဝါဒကော်မတီကဆုံးဖြတ်ထားရာ မလိုလားအပ်တဲ့ ဂယက်ရိုက်ခတ်မှုများကို ရှောင်ကြဉ်နိုင်ရေးအတွက် အစိုးရကဖြည်းဖြည်းချင်း ရောင်းချသွားဖို့လိုတယ်လို့ ဇွန် ၃၀ ရက်က ထိုင်းဆန်တင်ပို့သူများအသင်း ဥက္ကဌ Chookiat Ophaswongse က ပြောကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

### စင်ကာပူ

စင်ကာပူပုဂ္ဂလိကနေအိမ်များရဲ့ ရောင်းဈေးမှာ ယခုနှစ်ပထမသုံးလပတ်က သုည ဒသမ ၇ရာခိုင်နှုန်းကျဆင်းခဲ့ရာမှ ယခုသုံးလပတ်မှာ သုည ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့တယ်လို့ ဇူလိုင် ၁ ရက်က စင်ကာပူ မြို့ပြပြန်လည်ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့က ပြောကြောင်း ချန်နယ်နယူးအေးရှသတင်းမှာ ဖော်ပြပါတယ်။

### မနီလာ

ဖိလစ်ပိုင်နိုင်ငံမှာ အွန်လိုင်းမှ အလုပ်အကိုင် ခေါ်ယူခန့်ထားမှုက မေမှာ ၁၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ယခုတိုးတက်မှုမှာ ၂၀၁၆ ခုနှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်းနဲ့ လာမယ့်လတွေမှာလည်း ထပ်မံတိုးတက်လာမယ့်လက္ခဏာရှိကြောင်း ဖိလစ်ပိုင်အွန်လိုင်းသုတေသနအဖွဲ့ဖြစ်တဲ့ Monster Employment ရဲ့ ထုတ်ပြန်ချက်ကို ကိုးကားပြီး ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## EAST ASIA

# တောင်ကိုရီးယားမှာ မေအတွင်း အိမ်သစ်ဆောက်လုပ်ခွင့်အရေအတွက် ခုနစ်ရာခိုင်နှုန်းကျော်ကျဆင်း

တောင်ကိုရီးယားနိုင်ငံမှာ မေလအတွင်းက အိမ်သစ်ဆောက်လုပ်ခွင့် အရေအတွက်မှာ ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ရာ ၁၇ လအတွင်း ပထမဆုံးအကြိမ် ကျဆင်းခဲ့ခြင်းဖြစ်ခဲ့တယ် လို့ ဇွန် ၂၇ ရက်ကထုတ်ပြန်တဲ့ အစိုးရကိန်းဂဏန်းများအရ သိရကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

အိမ်သစ် ဆောက်လုပ်ခွင့်ရတဲ့ အရေအတွက်မှာ ယခင်နှစ်ကာလတူက ၅၆၈၆၁ လုံးရှိခဲ့ရာမှ ယခုနှစ်မေမှာ ၅၂၇၁၃ လုံး ရှိခဲ့ကြောင်း မြေယာ၊ အခြေခံအဆောက်အအုံနဲ့ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်တဲ့ ကိန်းဂဏန်းများအရ သိရပါတယ်။ ယခုနှစ်မေက နှစ်အလိုက် နှိုင်းယှဉ်မှုအရ ကျဆင်းခဲ့ခြင်းမှာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာနောက်ပိုင်း ပထမဆုံးအကြိမ် ကျဆင်းခဲ့တာဖြစ်ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကမူ ၁၇ ဒသမ ၇ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်။

အိမ်သစ်ဆောက်လုပ်ခွင့် နှစ်အလိုက် ကျဆင်းနှုန်းမှာ အဓိကအားဖြင့် ဆိုးလ်မြို့မက်ထရိုပိုလီတန် ဧရိယာအတွင်းမှာ အများဆုံးဖြစ်ခဲ့ပြီး ၂၉ ဒသမ ၇ ရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။ ဆိုးလ်မြို့မက်ထရိုပိုလီတန် ဧရိယာမှာ နေထိုင်သူက နိုင်ငံလူဦးရေ ၅၁ ဒသမ ၆ သန်းရဲ့ ၄၀ ရာခိုင်နှုန်းကျော် နေထိုင်ရာဒေသဖြစ်ပါတယ်။ အဆိုပါဧရိယာအတွင်းမှာ မြို့တော်ဧရိယာ၊ အင်ချွန် ၏အနောက်ပိုင်းဒေသနဲ့ ဆိုးလ်မြို့ကို ဝန်းရံနေတဲ့ Gyeonggi ပြည်နယ်တစ်ခု လုံး ပါဝင်ပါတယ်။

ဒါပေမယ့် ကျေးလက်ဒေသတွေမှာတော့ အိမ်သစ်ဆောက်လုပ်ခွင့် အရေအတွက်က မေမှာ နှစ်အလိုက်တိုးတက်မှုနှုန်း ၁၅ ဒသမ ၆ ရာခိုင်နှုန်း ရှိပြီး အလုံးရေ ၃၂၄၉၂ ရှိခဲ့ကြောင်း ထုတ်ပြန်ထားတဲ့ ကိန်းဂဏန်းတွေအရ သိရပါတယ်။

## EU

# ဘရက်ဇစ် အကျိုးဆက်ကြောင့် လာမယ့်သုံးနှစ်အထိ အီးယူစီးပွားရေး ဖွံ့ဖြိုးမှုနှုန်း သုည ဒသမ ငါးရာခိုင်နှုန်း ကျဆင်းမည်ဟု ဒရပ်ဂီခန့်မှန်း

အီးယူမှ ဗြိတိန်နိုင်ငံ ထွက်ခွာဖို့ ဆုံးဖြတ်ချက် (ဘရက်ဇစ်) ကြောင့် လာမည့်သုံးနှစ်အတွင်း အီးယူရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ မူလခန့်မှန်းထားတဲ့နှုန်းအောက် နောက်ထပ် သုည ဒသမ ၃ ရာခိုင်နှုန်း သို့မဟုတ် သုည ဒသမ ၅ ရာခိုင်နှုန်း ပိုမိုကျဆင်းလာနိုင်တယ်လို့ ဗြိတိသျှဆန္ဒခံယူပွဲပြီး နောက်ကျင်းပတဲ့ အီးယူနိုင်ငံများမှ ခေါင်းဆောင်များ အစည်းအဝေးမှာ ဥရောပဗဟိုဘဏ် (အီးစီဘီ)ဥက္ကဌ မာရီယိုဒရပ်ဂီက အီးယူခေါင်းဆောင်များကို ပြောကြောင်းရိုက်တာသတင်းမှာ ဖော်ပြပါတယ်။



ယူရိုဇုန်ရဲ့ စီးပွားရေးက ၂၀၁၆ ခုနှစ်မှာ ၁ ဒသမ ၆ ရာခိုင်နှုန်းနဲ့ ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်တို့မှာ ၁ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်မယ်လို့ ဇွန် ၂၃ ရက် ဗြိတိန်နိုင်ငံဆန္ဒခံယူပွဲမတိုင်မီ ဇွန်လဆန်းမှာ အီးစီဘီက ခန့်မှန်းခဲ့ပါတယ်။

ဗြိတိန်နိုင်ငံရဲ့ စီးပွားရေး နှေးကွေးကျဆင်းလျှင်သော် လည်းကောင်း၊ ဗြိတိန်နိုင်ငံနဲ့ ကုန်သွယ်မှု ကျဆင်းလျှင်သော်လည်းကောင်း ဖွံ့ဖြိုးတိုးတက်မှုနှုန်းက ခန့်မှန်းထားတဲ့ အောက်ကိုကျဆင်းနိုင်မယ်လို့ ဒရပ်ဂီ ကပြောပါတယ်။ စတော့ရှယ်ယာဈေးနှုန်းတွေ ကျဆင်းမယ်ဆိုရင်လည်း ယူရိုဇုန်ရဲ့ ဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်တယ်လို့ ဒရပ်ဂီက အီးယူထိပ်သီးအစည်းအဝေးမှာ ပြောပါတယ်။

ဘရက်ဇစ်နောက်ပိုင်း အီးယူကို ထိန်းမနိုင် သိမ်းမနိုင်တဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် ဥရောပပြင်ပမှ ပုဂ္ဂိုလ်များက ရှုမြင်လာနိုင်တဲ့အန္တရာယ်ရှိကြောင်းလည်း ဒရပ်ဂီက ပြောပါတယ်။ အစိုးရများက ဒီလိုစိုးရိမ်မှုတွေကို ပပျောက်သွားအောင် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ပြီး အထူးသဖြင့် ဘဏ်လုပ်ငန်းကဏ္ဍမှာဖြစ်ပေါ်လာမယ့် မတည်ငြိမ်မှုတွေကို ဖြေရှင်းဖို့လိုကြောင်းလည်း သူက ပြောပါတယ်။

## SOUTH EAST ASIA

# ပထဝီဝင်ဒေသဆိုင်ရာ အညွှန်းများကို တိုးမြှင့်အသုံးပြုဖို့ ဗီယက်နမ်စီးပွားရေးလုပ်ငန်းများကို တိုက်တွန်း

ပထဝီဒေသဆိုင်ရာ အညွှန်းကိန်း မှတ်ပုံတင် (Registration of Geographical Indication-GI) က ကုန်အမှတ်တံဆိပ်များကို ကာကွယ်ခြင်း၊ ကမ္ဘာ့ဈေးကွက်မှာ စီးပွားရေးလုပ်ငန်းရဲ့ အနေအထားကို တိုးတက်ကောင်းမွန်စေခြင်းစတဲ့ လုပ်ငန်းများကို ဆောင်ရွက်ရာမှာ ကောင်းမွန်တဲ့ နည်းလမ်းတစ်ခုဖြစ်ပြီး အီးယူအပါအဝင် ဝယ်လိုအားများတဲ့ ဈေးကွက်တွေကို အလွယ်တကူ ဝင်ရောက်နိုင်တယ်လို့ ကျွမ်းကျင်သူတွေက ပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

ပထဝီဆိုင်ရာ အညွှန်းကိန်း (GI) ဆိုတာက ထုတ်ကုန်တစ်ခုအတွက် သတ်မှတ်ချက်တစ်မျိုးဖြစ်ပြီး ထုတ်ကုန်တစ်ခုရဲ့ ပင်ရင်းဒေသနဲ့ဆိုင်တဲ့ အထူးအရည်အသွေး၊ နာမည်ကောင်းရှိမှု သို့မဟုတ် တခြားသွင်ပြင်လက္ခဏာတွေကို မှတ်ပုံတင်ဖော်ပြတဲ့ လက်မှတ်ဖြစ်ပါတယ်။

ဇွန် ၂၉ ရက်က ဟနွိုင်းမြို့မှာ ဥရောပကုန်သွယ်ရေးမူဝါဒနဲ့ ရင်းနှီးမြှုပ်နှံမှုထောက်ပံ့ရေးစီမံကိန်း (EU-MU TRAP) နဲ့ ဗီယက်နမ် သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနတို့ပူးတွဲပြီး အီးယူ-ဗီယက်နမ် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်တွင်ပါရှိတဲ့ ကတိကဝတ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ ကုန်ပစ္စည်းအတုတွေ ပျံ့နှံ့နေကြောင်း အဆိုပါအစည်းအဝေးသို့ တက်ရောက်လာတဲ့ ကျွမ်းကျင်သူတွေက ပြောပါတယ်။ လောလောဆယ် အဓိကဈေးကွက်ကြီးတွေမှာ ခွင့်ပြုထားတဲ့ GI ထုတ်ကုန် ၇၀၀၀ အနက် ဖူကွပ်ဝက်အူချောင်းတစ်မျိုးတည်းကိုသာ ဗီယက်နမ် GI အဖြစ် အီးယူကအသိအမှတ်ပြုထားပါတယ်။

GI ထုတ်ကုန်တွေရဲ့ အရည်အသွေးနဲ့ ကုန်အမှတ်တံဆိပ်ကို အသိအမှတ်ပြုထားပြီးဖြစ်တဲ့အတွက် တခြားထုတ်ကုန်တွေနဲ့ နှိုင်းယှဉ်ရင် GI ထုတ်ကုန်တွေက ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ပိုရှိကြောင်း သိပ္ပံနဲ့ နည်းပညာဆိုင်ရာ ဒုတိယဝန်ကြီး ထရန်ဗီယက်သန်းက ပြောပါတယ်။

## SOUTH ASIA



# ဆေးဝါးဈေးနှုန်း ထိန်းချုပ်မှုကြောင့် အိန္ဒိယနိုင်ငံမှာ ဆေးဝါးဖြန့်ဖြူးမှုကျဆင်း

အရေးကြီးတဲ့ ဆေးဝါးများရဲ့ ဈေးနှုန်းတွေကို ထိန်းချုပ်လိုက်တဲ့ လုပ်ရပ်ကြောင့် မျှော်လင့်မထားတဲ့ အခက်အခဲများကို ကြုံတွေ့ခဲ့ရကြောင်း အသည်းဆေး၊ ကင်ဆာဆေး၊ ခွေးရူးရောဂါ ကာကွယ်ဆေးနဲ့ မြွေဆိပ်ဖြေဆေးအပါအဝင် ဆေးဝါးအများအပြားနဲ့ နောက်ဆုံး IV Saline ဓာတ်ဆားရည်အထိ ဖြန့်ဖြူးမှုကျဆင်းခြင်း သို့မဟုတ် ဆေးရုံများနဲ့ ဆေးဆိုင်တွေမှာ ဆေးများပြတ်လပ်ခဲ့ကြောင်း တိုင်းမ်အော့အိန္ဒိယသတင်းမှာ ဖော်ပြပါတယ်။

IV Saline လို ဓာတ်ဆားရည်က အစိုးရဆေးရုံများမှာပင် ပြတ်လပ်ခဲ့သလို ပုဂ္ဂလိကဆေးရုံကြီးတွေမှာလည်း ဆေးဝါးပြတ်လပ်မှုကြောင့် ကင်ဆာရောဂါကုသရေး အစီအစဉ်တွေကို ပြန်လည်ရေးဆွဲဆောင်ရွက်ခဲ့ရကြောင်း သက်ဆိုင်ရာ သတင်းရပ်ကွက်များက ပြောပါတယ်။

"အရေးကြီးတဲ့ ဆေးဝါးတချို့မရရှိဘဲ ယာယီပြတ်လပ်မှု ရှိခဲ့ပါတယ်။ ဒီကိစ္စကိုဖြေရှင်းဖို့ ပြည်နယ်၊ ဗဟိုအစိုးရတွေနဲ့ ကျွန်တော်တို့လက်တွဲဆောင်ရွက်နေပါတယ်။ အစိုးရအဖွဲ့တွေကလည်း အရေးကြီးတဲ့ဆေးတွေဖြန့်ဖြူးမှုကို ရပ်မပစ်ဖို့ ဆေးဝါးကုမ္ပဏီတွေကို စာနဲ့ အကြောင်းကြားထားပါတယ်"လို့ ကိုချီမြို့မှ Amrita Institute of Medical Science ရဲ့ အကြီးတန်းဆေးဝါးဆိုင်ရာအုပ်ချုပ်ရေးမှူး ဒေါက်တာဆန်ဂျစ်ဆင်းက ပြောပါ တယ်။

ဒါပေမယ့် ကျန်းမာရေးဌာနအတွင်းဝန် ရာဂျစ်ဆာဒါနန်ဒန်ကမူ အစိုးရဆေးရုံတွေမှာ IV Saline ဓာတ်ဆားရည်အနည်းငယ် ပြတ်လပ်မှုရှိခဲ့ပေမယ့်တစ်ရက် နှစ်ရက်အတွင်း ပြန်ရမှာဖြစ်ကြောင်း၊ အစိုးရဆေးရုံတွေမှာ ဆေးဝါးအများစုကို ပြန်လည်ရရှိနေပြီဖြစ်ကြောင်း ပြောပါတယ်။

ဆေးဝါးဈေးနှုန်း ထိန်းချုပ်ရေးအဖွဲ့ဖြစ်တဲ့ အမျိုးသားဆေးဝါးဈေးနှုန်းသတ်မှတ်ရေးအဖွဲ့ (NPPA) က အခြေခံဆေးဝါးတွေရဲ့ ဈေးနှုန်းကို ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိလျှော့ချဖို့သတ်မှတ်ခဲ့ပါတယ်။ NPPA က ဆေးဝါးတွေရဲ့ ဈေးနှုန်းတွေကို ထိန်းချုပ်ကန့်သတ်ဖို့နဲ့ဈေးကွက်အတွင်းဆေးဝါးတွေရရှိအောင်ဆောင်ရွက်ဖို့ လုပ်ပိုင်ခွင့်ရှိတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။

# THU THU HAN THAR CO.,LTD.

| | | | | |
|---|---|---|---|---|
| Mitsubishi Canter Double Cab (10ft)<br>Manual (2005 - 2008)<br>- 2000 CC<br>Gasoline ---- သိန်း<br>- 3000 CC<br>Diesel 135 သိန်း | Mitsubishi Canter Pick up (10ft)<br>Manual (2005 - 2010)<br>- 2000 CC<br>Gasoline 140 သိန်း<br>- 3000 CC/ 5000 CC<br>Diesel 165-175 သိန်း | Toyota Dyna Double Cab (10ft)<br>Manual (2005 - 2008)<br>- 2000 CC (1.5 Ton အောက်)<br>Gasoline ---- သိန်း<br>- 2500 CC (1.5 Ton အောက်)<br>Diesel 135 သိန်း | Toyota Dyna Pick up (10ft) (MDY)<br>Manual (2005, 2006, 2007, 2008)<br>- 2000 CC (1.5 Ton)<br>Diesel 150-160 သိန်း<br>Gasoline 130 သိန်း | Mitsubishi Canter Pick up (14-15ft)<br>Manual (2006 - 2007)<br>- 5000 CC (3 ton - 3.5 ton)<br>Diesel 220-240 သိန်း<br>ရှေ့လေး နောက်လေး<br>တန်ကြီး |
| Nissan Vanette/ Mazda Bongo<br>Manual (2005-2010)<br>- Gasoline 850kg 110-125 သိန်း<br>1000 kg 125-135 သိန်း<br>- Diesel 850kg 115-130 သိန်း<br>1000kg 130-140 သိန်း | Daihatus Hijet (PS, AC) ဆရ<br>- Manual (2005 - 2010)<br>70 သိန်း-78 သိန်း<br>- Auto (2005)<br>– | Subaru Sambar (MDY)<br>Manual (2005-2008)<br>650 CC, Petrol<br>PS, AC, 4WD<br>60-65 သိန်း | Subaru Sambar (YGN)<br>Manual<br>2005-2008<br>650 CC, Petrol<br>PS, AC, 2WD, 4WD<br>70 သိန်း | Honda Acty (MDY)<br>Manual (2007)<br>650 CC<br>PS, AC<br>62 သိန်း |

လက်ကားဈေးဖြင့်လည်း ဝယ်ယူနိုင်ပါသည်။

Autocom Japan ကားကုမ္ပဏီသို့ ငွေလွှဲလက်ခံသည်

ရန်ကုန်ရုံး – L-3(A)၊ နွယ်သာကီလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ (မြဝတီဘက်ရှေ့)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၆၈၆၃၉၈၊ ၆၈၃၅၇၂၊ ၆၈၃၆၄၄၊ ၀၉ ၅၀၁၂၉၃၄၊ ၀၉ ၈၇၅၀၁၂၉၃၄၊ ၀၉ ၇၉၅၀၁၂၉၃၄၊ ၀၉ ၂၅၄၃၇၀၂၀၉
Email : okcashewnut1@hotmail.com

ရန်ကုန်ရုံးခွဲ – အမှတ်(၁၉)၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် (၁၀၉)လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၅၀၁၂၉၃၄၊ ၀၉ ၄၂၁၁၂၈၀၁၉

ထားဝယ်ရုံးခွဲ – အမှတ်(၁၅/၁၇)၊ ကမြောကင်းလမ်း၊ ဆန်းချိုရပ်၊ ထားဝယ်မြို့။ ဖုန်း – ၀၉ ၅၀၁၂၉၃၄၊ ၀၉ ၄၂၂၂၀၁၁၈၃

## "OK" သီဟိုဠ်စေ့ရောင်းဝယ်ရေး

အမှတ်(၄၅/၃က)၊ နွယ်သာကီလမ်း၊
ဘုရင့်နောင်ပွဲရုံတန်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

☎ : ၀၁-၆၈၃၆၄၄၊ ၆၈၆၃၉၈၊ ၆၈၃၅၇၂
📱 : ၀၉-၅၀၁၂၉၃၄၊ ၀၉၉၇-၅၀၁၂၉၃၄
၀၉-၂၅၄၃၇၀၂၀၉


E-mail : okcashewnut1@hotmail.com
okcashewnut@myanmar.com.mm

# Min Dhama Company Ltd.

one stop construction services company.



### Products and Services
Civil Engineering «
Infrastructure «
Industrial Buildings «



### Steel Structure Fabrication & Installation

### Products and Services
Welded H-Beams «
Fuel Storage Tanks «
Road Side Guard Rails «
Roof & Wall Colour Panels «



### ALUMINUM, GLASS CURTAIN WALL INSTALLATION & INTERIOR DECORATION



### Products and Services
» Aluminum & Composite
» Glass Curtain
» Interior/Exterio Decoration

No. (88) Myawaddy Min Gyi Road, Industrial Zone (4), Shwe Pyi Thar Township, Yangon, Myanmar.
Tel: +95 1 618826, 618827, 618828, 618829, 618392, 618252, 618321, 618214
Fax: +95 1 618250
Email: info@mottamaholdings.com


jpm JPM
SERVICES CO.,LTD
မော်တော်ကားဝယ်ယူရန် စိစဉ်စဉ်းစားနေသူများအတွက် မြန်မာနိုင်ငံသားများနှင့် အထူးသင့်လျော်သော ဂျပန်နိုင်ငံမှ တိုက်ရိုက်
တင်သွင်းလာသည့် အရည်အသွေးမြင့်ကားကောင်းကားသန့်များကို ဝယ်ယူသူအမည်ပေါက် စိတ်တိုင်းကျရွေးချယ်ဝယ်ယူနိုင်ရန်
အနယ်နယ်အရပ်ရပ်မှ မိတ်ဟောင်းမိတ်သစ်များကို ကျွန်တော်တို့ JPM Car Sale Center မှဖိတ်ခေါ်အပ်ပါသည်။
LAND CRUISER
Email : jpmautocenter@gmail.com
Web : www.jpmmotors.com
HOT LINE.09 25300 8800
အမှတ်(42/A), တက္ကသိုလ်ရိပ်သာလမ်းသစ်, ဗဟန်းမြို့နယ်,ရန်ကုန်။ (5 Movie ရုံးချုပ်အနီး၊ ဆွေထိုင်းစားသောက်ဆိုင်ရှေ့)

KBZ BANK
STRENGTH OF MYANMAR
ဘဏ်ခွဲပေါင်း
၄၀၀
ကျော်
နေရာတိုင်း ...
သင်နှင့် အနီးဆုံးဘဏ်
01-2306219
/Kanbawzabank
kbzbank.com

# COMMERCE INTERNATIONAL

## လုပ်ငန်းခွင်ထိခိုက်မှု အာမခံကြေးတောင်းဆိုမှုက စင်ကာပူအက်စ်အမ်အီးများအတွက် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်

စီးပွားရေးနွေးကွေးကျဆင်းနေချိန်မှာ ကုန်ကျစရိတ်တွေ မြင့်မားနေတဲ့အတွက် စင်ကာပူအသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်း (အက်စ်အမ်အီး) များမှာ စီးပွားရေးအရ စွန့်စားမှုအန္တရာယ်များ မြင့်မားလျက်ရှိကြောင်း စထရိတ်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

အဆိုပါ အန္တရာယ်များအနက် လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှုကဲ့သို့သော လုပ်ငန်းခွင်အတွင်းဖြစ်တတ်တဲ့ အကြောင်းအရာတွေက လာမယ့် ၁၂ လတာကာလအတွင်း အကြီးမားဆုံး စိန်ခေါ်မှုဖြစ်နိုင်ကြောင်း AIG Asia Pacific Insurance (AIG Singapore) က ခန့်မှန်းထားပါတယ်။ အက်စ်အမ်အီးများအတွက် အကြီးမားဆုံးအန္တရာယ်သုံးခုမှာ လုပ်ငန်းခွင်ထိခိုက်မှု ၅၆ ရာခိုင်နှုန်း၊ မီး သို့မဟုတ် ရေကြောင့် နေအိမ်အဆောက်အအုံ ပျက်စီးဆုံးရှုံးမှု ၂၀ ရာခိုင်နှုန်းနဲ့ ဥပဒေကြောင်းအရ တာဝန်ရှိမှု ၂၀ ရာခိုင်နှုန်းတို့ ဖြစ်ပါကြောင်း ဇွန် ၂၉ ရက်က ကုမ္ပဏီမှထုတ်ပြန်တဲ့ အာမခံကြေးတောင်းခံမှုများအရ သိရပါတယ်။ ၂၀၁၅ ခုနှစ်က အက်စ်အမ်အီးများရဲ့ အာမခံကြေး တောင်းဆိုမှုများမှာ အမေရိကန်ဒေါ်လာ ငါးသန်းရှိခဲ့ပြီး လာမယ့် ၁၂ လကျော်ကာလအတွင်း အာမခံကြေးတောင်းဆို မှုမှာ ယခုပမာဏအတိုင်း ဆက်လက်တည်ရှိနေလိမ့်မယ်လို့ AIG Singapore က ခန့်မှန်းပါတယ်။

လုပ်ငန်းခွင်ထိခိုက်မှုကြောင့်တောင်းဆိုတဲ့ အာမခံကြေးက ၂၀၁၄ ခုနှစ်ကနဲ့ နှိုင်းယှဉ်ရင် ၂၀၁၅ ခုနှစ်မှာ ၁၇ ရာခိုင်နှုန်းပိုမိုခဲ့ပါတယ်။ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် အာမခံကြေးတောင်းဆိုမှုက ယခုနှစ်မှာ ၂၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းအထိ မြင့်တက်နိုင်မယ်လို့ ခန့်မှန်းပါတယ်။ AIG Singapore က ထုတ်ပြန်တဲ့စာရင်းအရ လွန်ခဲ့တဲ့သုံးနှစ်အတွင်း လုပ်ငန်းခွင်ထိခိုက်မှုအတွက် အာမခံကြေးတောင်းဆိုရာမှာ ကုန်ထုတ်လုပ်မှုကဏ္ဍကအမြင့်ဆုံးဖြစ်ပြီး စုစုပေါင်းတောင်းဆိုမှုရဲ့ ၉၀ ရာခိုင်နှုန်းရှိပါတယ်။ အက်စ်အမ်အီးနဲ့ ပတ်သက်ပြီး အာမခံကြေးတောင်းဆိုမှု အများဆုံးကဏ္ဍသုံးရပ်က အစားအစာနဲ့ အဖျော်ယမကာ၊ လက်လီလုပ်ငန်းနဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍတို့ ဖြစ်ပါတယ်။

အက်စ်အမ်အီးပရဝုဏ်တွေထဲမှာ မီးလောင်မှုတွေက အမြဲတမ်း ဖြစ်လေ့ဖြစ်ထ မရှိပေမယ့် ကြီးမားတဲ့ဆုံးရှုံးမှုတွေ ဖြစ်နိုင်ကြောင်းနဲ့ ရေရှည်မှာ စီးပွားရေးလုပ်ငန်းတွေရဲ့ ဘဏ္ဍာရေးဆုံးရှုံးမှုနဲ့ သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းတွေရဲ့နာမည်ကို ထိခိုက်လာစေနိုင်ကြောင်း ကုမ္ပဏီကခန့်မှန်းပါတယ်။ ယခုနှစ် နှစ်ဆန်းပိုင်းက ရှော့ပင်းစင်တာကြီးတစ်ခု မီးလောင်မှုဖြစ်ပွားတဲ့အတွက် ငါးရက်ခန့်ပိတ်ထားခဲ့ရပါ တယ်။ ယခုလိုမီးလောင်မှုကြောင့် အာမခံကြေးအဖြစ် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၄၁၀၀၀ လျော်ကြေးပေးခဲ့ရပါတယ်။




## ဘရက်ဇစ်ဂယက်ကြောင့် စကော့တလန်သို့ ပြောင်းရွှေ့လိုသူ ဗြိတိန်နိုင်ငံသားဦးရေ မြင့်တက်လာ

အီးယူမှဗြိတိန်နိုင်ငံနုတ်ထွက်မှု (ဘရက်ဇစ်) အတွက် ဗြိတိန်နိုင်ငံက မဲပေးဆုံးဖြတ်ပြီးနောက် စကော့တလန်သို့ ပြောင်းရွှေ့ဖို့စုံစမ်းကြတဲ့ ဗြိတိန်နိုင်ငံသားဦးရေ ထောင်ချီရှိလာကြောင်း မိုင်ရာသတင်းမှာ ဖော်ပြပါတယ်။

အီးယူမှာ ဆက်လက်နေဖို့စကော့တလန်မှာ ထောက်ခံမဲအများစုရခဲ့ပေမယ့် ယူကေကနုတ်ထွက်ဖို့ မဲခွဲဆုံးဖြတ်ပြီးနောက် စကော့တလန်ဝက်ဘ်ဆိုက်ကို ဝင်ရောက်စုံစမ်းသူမြင့်တက်လာတာကို စကော့တလန်အစိုးရက တွေ့ရှိခဲ့ပါတယ်။ စကော့တလန်ကို ပြောင်းရွှေ့ပြီးနေထိုင်ဖို့အတွက် ယူကေနိုင်ငံ ရဲ့ တခြားအစိတ်အပိုင်းတွေကနေ စုံစမ်းမှုအများအပြားရှိလာကြောင်း ဒေးလီရက်ကော့သတင်းမှာ ဖော်ပြပါတယ်။

ဗြိတိန်နိုင်ငံရဲ့ ဆန္ဒခံယူပွဲ အဖြေထွက်ပေါ်ပြီးနောက် သုံးရက်အတွင်းမှာ "Moving to Scotland" ဆိုတဲ့ ဝက်ပေ့ချ်ကို ဝင်ရောက်သူဦးရေ ၁၀၃၃၁ ဦးရှိခဲ့ရာ ယခင်ရက်သတ္တပတ်ကရှိခဲ့တဲ့ဦးရေဖြစ်တဲ့ ၁၁၁၉ ဦးထက် ရာခိုင်နှုန်း ၈၀၀ ပိုမိုခဲ့ပါတယ်။ ဝက်ပေ့ချ်ကို ဝင်ရောက်သူများအနက် ၇၃၉၃ ဦးမှာ ယူကေနိုင်ငံအတွင်းမှ ဖြစ်ပါတယ်။

"ဥရောပသမဂ္ဂမှာ ဆက်လက်ပါဝင်နေခြင်းဖြင့် အလုပ်အကိုင်၊ ကြွယ်ဝချမ်းသာမှုနဲ့ လုံခြုံမှုတို့အတွက် အကျိုးကျေးဇူးတွေကို ကျွန်တော်တို့ ခံစားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဥရောပမှာ စကော့တလန် ဆက်လက်တည်ရှိနေဖို့ လိုအပ်သမျှကို ကျွန်တော်တို့ ဆောင်ရွက်ဖို့လိုတယ်ဆိုတာကို ဒီအချက်က ပြတ်ပြတ်သားသား ပြသနေပါတယ်။ ရရှိလာတဲ့ ကိန်းဂဏန်း အချက်အလက်တွေကို ကြည့်ခြင်းအားဖြင့် အီးယူမှာ ဆက်လက်တည်ရှိနေဖို့မဲပေးခဲ့တဲ့ ကျွန်တော်တို့ရဲ့ မဲတွေက စကော့တလန်ကို နာမည်ကောင်းရစေတဲ့အပြင် ဒီမှာလာ ရောက်နေထိုင်လုပ်ကိုင်ဖို့နဲ့ ယူကေရှိတခြားဒေသမှ လူတွေ စကော့တလန်ကိုပြောင်းရွှေ့လာအောင် ဆွဲဆောင်နိုင်တယ်ဆိုတာကို ပြသနေတာကို တွေ့ရမှာဖြစ်ပါတယ်"လို့ စကော့တစ်နေရှင်နယ်ပါတီခေါင်းဆောင်နဲ့ First Minister of Scotland ဖြစ်သူ နီကိုလာဖာဂူဆန်စတာချီယွန်ရဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 4th July 2016

<< June And June Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

KOREA/JAPAN / MYANMAR

| VESSEL | Height (m) | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI .25 | 1.55 | 1.90 | 2.20 | 3.50 | 21.6.2016 | | | | 20.6.2016 | 19.6.2016 | | | | 30.6.2016 | 4.7.2016 | 18.7.2016 |
| | S/O CUT | | | | 17.6.2016 | | | | 16.6.2016 | 15.6.2016 | | | | | | |
| MV.CITY OF MUMBAI V.32 | 1.55 | 1.90 | 2.20 | 3.50 | | 12.7.2016 | 10.7.2016 | | 13.7.2016 | 14.7.2016 | | 8.7.2016 | | 23.7.2016 | 27.7.2016 | |
| | S/O CUT | | | | | 8.7.2016 | 6.7.2016 | | 9.7.2016 | 10.7.2016 | | | | | | |
| MV.HOEGH CHENNAI .26 | 1.55 | 1.90 | 2.20 | 3.50 | 26.7.2016 | | | | 27.7.2016 | 28.7.2016 | | | | 5.8.2016 | 9.8.2016 | |
| | S/O CUT | | | | 22.7.2016 | | | | 23.7.2016 | 24.7.2016 | | | | | | |
| MV.CITY OF MUMBAI V.33 | 1.55 | 1.90 | 2.20 | 3.50 | 12.8.2016 | | 10.8.2016 | | 13.8.2016 | 14.8.2016 | | 8.8.2016 | | 24.8.2016 | 27.8.2016 | |
| | S/O CUT | | | | 8.8.2016 | | 6.8.2016 | | 9.8.2016 | 10.8.2016 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘ်ပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။